# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (ဝ၆၇)


# မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် မစ္စတာ အမ်ရှဟီဒူ အစ္စလာမ်နှင့် အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဘင်းမ်စတက်အဖွဲ့၏ အနာဂတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ အမ်ရှဟီဒူ အစ္စလာမ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ သတင်းထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ**

**ပြန်လည်စိစစ်ရေးဗဟိုကော်မတီသတင်းထုတ်ပြန်ကြေညာချက်**

**( ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)**

**(၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်)**

၁။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် မြေသိမ်းဆည်းမှု ပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ(၂)မှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ**အား နိုင်ငံတော်သမ္မတရုံးမှ ၅-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့၍ ဗဟိုကော်မတီအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းကာ သိမ်းဆည်းခြင်းခံရသော မြေကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မတီအဆင့်ဆင့်တွင် ဌာနဆိုင်ရာများ၊ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ယုံကြည်လေးစားရသည့် ပြည်သူ့ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းထားသည့်အပြင် ဒေသအသီးသီး၌ မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပြည်သူများ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များကိုပါ အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❒

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စာ-၃

### လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ

**နေပြည်တော် ဒီဇင်ဘာ ၅**

ယနေ့ မြန်မာစံတော်ချိန်ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by FinanceAsia 2017

မြန်မာ့အလင်း

# အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းဖြင့် အမျိုးသားရေးဂုဏ်သိက္ခာ မြှင့်တင်

အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ အကျင့်ပျက်ခြစားခြင်းတို့ ကင်းသည့်နိုင်ငံ ကမ္ဘာမှာ ရှားပါးသည်။ သို့ရာတွင် အနိမ့်အမြင့် အနည်းအများတော့ ကွာခြားချက်ရှိသည်။ ၂၀၁၆ ခုနှစ်အတွင်း ပြည်ပအဖွဲ့အစည်းတစ်ခုက ပြုလုပ်သည့်စစ်တမ်းအရ နိုင်ငံပေါင်း ၁၇၆ နိုင်ငံတွင် မြန်မာနိုင်ငံ၏အဆင့်မှာ ၁၃၆တွင် ရှိနေသည်။ မိမိတို့နိုင်ငံ၏ အဂတိလိုက်စားမှု ညွှန်းကိန်းမှာ မြင့်နေသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန်အတွက် အကြီးမားဆုံးသော အဟန့်အတား အနှောင့်အယှက်မှာ အဂတိလိုက်စားမှုပင်ဖြစ်ကြောင်း ၂၀၁၄ ခုနှစ် မေလအတွင်း ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂစစ်တမ်းတစ်ရပ်ကလည်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဖို့၊ ကူးသန်းရောင်းဝယ်ကုန်သွယ်ဖို့အတွက် အကျင့်ပျက်မှုတံတိုင်းကို ကျော်လွှားရန် မလွယ်ကူကြောင်း ပြည်ပစီးပွားရေးသမားတချို့က ဆိုကြသည်ဟုလည်း သိရသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အတားအဆီးဖြစ်စေသော၊ အမျိုးသားရေးဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသော အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်အတွက် ဥပဒေတစ်ရပ်ကို ၂၀၁၃ ခုနှစ်ကပင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ အဆိုပါဥပဒေအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တစ်ရပ်လည်း ပေါ်ပေါက်လာခဲ့သည်။ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ပထမဆုံးဖွဲ့စည်းပေါ်ထွက်လာခဲ့သည့် အဆိုပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် နိုင်ငံအတွက် ဖြစ်ပေါ်တိုးတက်မှုတစ်ရပ်ဟု ဆိုနိုင်သော်လည်း ကော်မရှင်၏ ပွင့်လင်းမြင်သာရှိမှုနှင့် စွမ်းဆောင်ရည်တို့အပေါ် ဝေဖန်သုံးသပ်မှုများရှိခဲ့သည်ကို တွေ့ရသည်။

အဂတိလိုက်စားမှုဟူသည် လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြုခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ရာထူးတာဝန် အနိမ့်အမြင့် အဆင့်ဆင့်တွင် လုပ်ပိုင်ခွင့် အနိမ့်အမြင့် အဆင့်ဆင့်တို့ရှိကြရာ အဆင့်တစ်နေရာရာတွင် ဖြစ်စေ၊ အဆင့်တိုင်းတွင် ဖြစ်စေ အဂတိလိုက်စားမှုရှိနေမည်ဆိုပါက အဆိုပါ ဌာန၏ Mission မှာပုံပျက်ပန်းပျက်ဖြစ်ကာ ကျဆုံးနေမည်ဖြစ်သည်။ အကယ်၍သာ အများပြည်သူနှင့် ထိတွေ့ဆက်ဆံနေရသည့် ဌာနမျိုးဆိုပါက ပြည်သူတို့၏ ငြိုငြင်မှုနှင့်အတူ အစိုးရကိုပါ ယုံကြည်မှုပျက်ပြားလာစေမည်ဖြစ်သည်။ လက်ဖက်ရည်ဖိုး၊ ဘီယာတစ်ဝိုင်းဖိုးမှသည် သိန်း၊ သန်း၊ ဘီလီယံထိရှိနိုင်သော အဂတိလိုက်စားမှုတို့ကို ဆေးရုံ တံခါးအဖွင့်အပိတ်လုပ်သူ အဆင့်မျိုးမှ အစပြု၍ နိုင်ငံ့သယံဇာတများ ထုတ်ယူမှုကို မျက်စိမှိတ်ခွင့်ပြုနိုင်သူ အဆင့်အထိ အဆင့်အမျိုးမျိုးတို့က ကျူးလွန်နိုင်ကြမည်ဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်မှာ ကျယ်ဝန်းသလောက် ကျောထောက်နောက်ခံပြုသော ဥပဒေ၏အကူအပံ့ကလည်း ကျယ်ကျယ်ဝန်းဝန်း မြင့်မြင့်မားမား လိုအပ်မည်ဟု ရှုမြင်မိသည်။

လက်ရှိ အစိုးရလက်ထက် "အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်"ကို ပြီးခဲ့သည့် နိုဝင်ဘာ ၂၃ ရက်က ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီဖြစ်ရာ ဒုတိယမြောက် ကော်မရှင်ဖြစ်လာသည့် ကော်မရှင်သစ်သည် ယခင်ကော်မရှင်ဟောင်း၏ အတွေ့အကြုံများ၊ အခက်အခဲများကို သင်ခန်းစာရယူ၍ ဆင်ခြင်သုံးသပ်ကာ ကော်မရှင်၏ ရည်မှန်းချက် တာဝန်များ ပေါက်မြောက် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။ ကော်မရှင်၏ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များအရ တည်ဆဲဥပဒေကို ပြင်ဆင်ရမည့် ပုဒ်မ ၁၃ ခုနှင့် ပြင်ဆင်ရမည့် အချက်အလက်ပေါင်း ၂၂ ခုရှိရာ ပြင်ဆင်နိုင်ရန် ဆောင်ရွက်နေဆဲဖြစ်သည်ဟုလည်း သိရသည်။

အဂတိလိုက်စားမှု ကျူးလွန်ရာတွင် လက်ခံရယူသူတွင်သာမက မိမိအကျိုးစီးပွားအတွက် ရည်ရွယ်၍ ပေးသူသည်လည်း ပြစ်မှုကျူးလွန်သူပင် ဖြစ်သည်ကို သတိချပ်ရမည်ဖြစ်သည်။ အဂတိကင်းရှင်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာသည်နှင့်အမျှ မိမိတို့မကြာခဏဆိုသလို ကြုံတွေ့ကြားသိနေကြရသည့် လူမှုအနိဋ္ဌာရုံများကင်းရှင်းကာ ပွင့်လင်းမြင်သာသော၊ တရားဥပဒေစိုးမိုးသော၊ နိုင်ငံသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားနှင့် အခွင့်အရေးတို့ကို ပိုမိုအကာအကွယ်ပေးနိုင်သော၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့်တာဝန်ယူမှုတို့ မြင့်မားသော သန့်ရှင်းသည့်အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးတို့၏ အနှစ်သာရကို မိမိတို့ပြည်သူအားလုံး ပိုမိုခံစားလာကြရမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။






## မိုးအနည်းငယ် ရွာနိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများအား ပြန်လည်လက်ခံနိုင်ရေး ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီး Mr. Kristian Schmidt အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမှ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ အလုပ်သမားရေးရာဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းဆောင်ရွက်နေမှု၊ အလုပ်သမားအခွင့်အရေးနှင့် လုပ်သားစွမ်းရည်မြင့်မားရေးအတွက် ILO နှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် မြန်မာနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ MoU ရေးထိုးဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် NV Card ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သိန်းထောင်ချီတန်သည့်ကျောက်အား ရိုးသားစွာပြန်လည်ပေးအပ်သူကို ဂုဏ်ပြုပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးမြို့ မဟာအောင်မြေကျောက်ဝိုင်းတွင် သိန်းထောင်ချီတန်သည့် ကျောက်အား ရိုးသားစွာပြန်လည်ပေးအပ်ခဲ့သူကို ဒီဇင်ဘာ ၄ ရက်က ကျောက်ဝိုင်းရုံးခန်း၌ အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ သိန်းထောင်ချီတန်သည့် ကျောက်ကို ဒီဇင်ဘာ ၂ရက်တွင် ကျောက်ဝိုင်းရှိ ကျောက်ပွဲစား ဦးဝင်းသူက သိန်းထောင်ချီတန်သည့် ကျောက်အား ဝယ်လက်ကို ရောင်းချရန်ပြသအပြီး အိတ်အတွင်းပြန်ထည့်ရာ အိတ်အတွင်းသို့ မရောက်ဘဲ ကျကျန်ရစ်ခဲ့သည်။ အဆိုပါကျောက်ကို ကျောက်ဝိုင်းအတွင်းရှိနေသူ ဦးဆန်းမြင့်အောင်က ကောက်ရခဲ့ရာမှ ပိုင်ရှင်ဖြစ်သူအား ရှာဖွေ၍ ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် ထိုသို့ ပြန်လည်ပေးအပ်သူတို့အား ပိုင်ရှင်က ဂုဏ်ပြုငွေ ပေးအပ်သော်လည်း ငွေကြေးကို လက်မခံသဖြင့် အမှုဆောင်များရှေ့မှောက်၌ ကျောက်ပွဲစားဦးဝင်းသူက ရိုးသားစွာ ပြန်လည်ပေးအပ်သူ မဟာမြိုင် ၁ ရပ်ကွက် ၃၉×၄၀ လမ်းကြား အိမ်အမှတ် ၉/၁၂၂ နေ ဦးဆန်းမြင့်အောင်- ဒေါ်ခင်မိုးမြင့်တို့ ဇနီးမောင်နှံအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး မဟာအောင်မြေကျောက်ဝိုင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက ဂုဏ်ပြုစကားပြောကြား၍ ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင် (မန်းကိုယ်ပွား)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၅-၁၂-၂၀၁၇

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၇၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် | (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၈ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ ・ ၂ |
| ထိုင်း | တစ်ဘတ် | ၄၁ ・ ၇၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁၄၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ・ ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၃ ・ ၅၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် မစ္စတာ အမ်ရှဟီဒူ အစ္စလာမ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့အကြား လက်ရှိ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများ၊ မြန်မာနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ညှိနှိုင်းဆောင်ရွက်နေသည့် စွမ်းအင်ကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် ဘင်းမ်စတက်နိုင်ငံ ခုနစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မစ္စတာ အမ်ရှဟီဒူ အစ္စလာမ် သည် ဘင်းမ်စတက်အဖွဲ့၏ အတွင်းရေးမှူးချုပ် တာဝန်ကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် တာဝန်ယူ ထမ်းဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် မိတ်ဆက်ခရီးစဉ်အဖြစ် လာရောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။




တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ တင်ထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ အမ်ရှဟီဒူ အစ္စလာမ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ 
သတင်းစဉ်

# ရခိုင်ပြည်နယ် လုံခြုံရေးကိစ္စရပ်များနှင့် အကြမ်းဖက် ခြိမ်းခြောက်မှုများအား ဖြေရှင်းနိုင်မည့် နည်းလမ်းများ အမြင်ချင်းဖလှယ်



**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး Mr.Wiranto တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် လုံခြုံရေးကိစ္စရပ်များနှင့် အကြမ်းဖက်ခြိမ်းခြောက်မှုများအား ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး Mr.Wiranto အား နေပြည်တော်၌ တွေ့ဆုံဆွေးနွေးစဉ်။** 
သတင်းစဉ်

# လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ဟောပြောပွဲ မြိတ်မြို့တွင် ကျင်းပ

**မြိတ် ဒီဇင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ SEA VIEW ကွန်ဒိုအရှေ့၌ လူထုငြိမ်းချမ်းရေး လှုပ်ရှားမှု(ရက်သတ္တပတ်)အစီအစဉ် တေးဂီတဖျော်ဖြေပွဲနှင့် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှုဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြိတ်မြို့ ကန်စွန်းအင်းကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက ငြိမ်းချမ်းရေးအထိမ်းအမှတ် တေးဂီတသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး မြိတ်မြို့ခံတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဧည့်ခံကြသည်။

ထို့နောက် ငြိမ်းချမ်းရေးအထိမ်းအမှတ် မီးပုံးပျံများကို မီးညှိလွှင့်တင်ကြကာ တေးသံရှင် ဘယ်ဝါ၊ နောင်ရိုး၊ ကာကာနှင့် ဘိုဘိုထွဋ်တို့က ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် သီဆိုတင်ဆက်ကာ ကာတွန်းဆရာ မောင်မောင်ဖောင်တိန်က လူထုဆွေးနွေးပွဲသို့ လာရောက်နားဆင်မှတ်သားကြသည့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားကြသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ငြိမ်းချမ်းရေးအမှတ်တံဆိပ်နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်း၊ အမှတ်တံဆိပ်၏ အနှစ်သာရနှင့် ငြိမ်းချမ်းခြင်း၏ မြတ်နိုးဖွယ်ရာများကို ပန်းချီရုပ်ပုံများဖြင့် ခြယ်သဖန်တီးပြပြီး ကလေးငယ်များနှင့် ဧည့်ပရိသတ်များက မိမိတို့စိတ်ကူးဉာဏ်ဖြင့် ငြိမ်းချမ်းရေးအထိမ်းအမှတ် စိတ်ကြိုက်ကာတွန်းပန်းချီများ ရေးဆွဲစေခြင်းကို ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် မြိတ်မြို့မှ ကဗျာဆရာနရီ(မြိတ်)နှင့် ကဗျာဆရာ မောင်ယုပိုင်၊ ကာတွန်းဆရာ မောင်မောင်ဖောင်တိန်တို့မှ ငြိမ်းချမ်းရေးကဗျာများကို ရွတ်ဆိုကြသည်။

ဆက်လက်၍ ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် လင်းလက်လူ့အဖွဲ့အစည်း)မှ ဦးဂျင်မီက စစ်ပွဲများပပျောက်ရန် အရေးကြီးကြောင်း၊ စစ်ပွဲများပပျောက်ရေးအတွက် ငြိမ်းချမ်းရေးလှုပ်ရှားမှုများ အောင်မြင်ရန် ပြည်သူလူထုတစ်ရပ်လုံး၏ ထောက်ခံမှုသည် အဓိကဖြစ်ကြောင်း၊ လူထု၏ ငြိမ်းချမ်းရေးအသံများ၊ ကျယ်လောင်လာသည်နှင့်အမျှ အမြောက်သံနှင့်ဗုံး၊ သေနတ်သံများ ဆိတ်သုဉ်းပျောက်ကွယ်သွားမည်မှာ သေချာပါကြောင်း ဟောပြောဆွေးနွေးပြီး ဦးမင်းကိုနိုင်က ပြည်တွင်းစစ်ရှိသောနိုင်ငံနှင့် မရှိသောနိုင်ငံ နှိုင်းယှဉ်ကြည့်လျှင် ပြည်တွင်းငြိမ်းချမ်းရေးရှိသော နိုင်ငံများက အရာရာဦးဆောင်စမြဲ၊ တိုးတက်အောင်မြင်မှု ရနေစမြဲဆိုသည်ကို ကမ္ဘာ့မြေပုံ၊ ဒေသတွင်းမြေပုံတို့ဖြင့် ဥပမာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် လူထုငြိမ်းချမ်းရေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဖယောင်းတိုင်ငယ်များ ထွန်းညှိ၍ ထာဝရငြိမ်းချမ်းရေးအတွက် တောင်းဆုပြုပြီး **ကမ္ဘာမြေကြီး- ငြိမ်းချမ်းပါစေ၊ ၂၁ ရာစုပင်လုံ-အောင်မြင်ပါစေ** ဟု ကြွေးကြော်ကြကာ တေးသံရှင်များက ငြိမ်းချမ်းရေးဆုတောင်းသီချင်းဖြင့် သီဆိုခဲ့ကြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲနှင့် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ဟောပြောပွဲသို့ ဒေသခံပြည်သူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(မြိတ်ခရိုင်ပြန်/ဆက်)**



# အထူးစီးပွားရေးဇုန်များ တိုးတက်လာပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုမှာ သိသာထင်ရှားလာမည်ဟု ယုံကြည်

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ (၂/၂၀၁၇) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့(၂/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**လေ့လာသုံးသပ်**

အစည်းအဝေးတွင် ဒုတိယသမ္မတက အစိုးရသစ်လက်ထက်၌ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ယခင်အစည်းအဝေးကျင်းပပြီး ကြားကာလတွင် လုပ်ငန်းများ မည်မျှဆောင်ရွက်နိုင်သည်၊ မည်မျှတိုးတက်မှုရှိသည်ကို လေ့လာသုံးသပ်ပြီး လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်နိုင်ရန် ကျင်းပရခြင်းဖြစ်ပါကြောင်း။

အစိုးရသစ် တာဝန်ယူခဲ့သည်မှာ တစ်နှစ်ရှစ်လရှိပြီဖြစ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝန်ကြီးဌာနအသီးသီးက ကျရာကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ သို့သော်လည်း ခရီးသွားလုပ်ငန်းမှလွဲ၍ စီးပွားရေးကဏ္ဍတွင် သိသာထင်ရှားသည့် တိုးတက်မှုများကိုပြသနိုင်ရန် လိုနေသေးသည်ကို တွေ့ရပါကြောင်း။

အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီများ ဖွဲ့စည်းပေးခဲ့သည်မှာ တစ်နှစ်ကျော်ရှိပြီဖြစ်သည့်အတွက် လုပ်ငန်းများလေ့လာမှုအတွက် အချိန်ရခဲ့ပြီးဖြစ်၍ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်လာရန် အားစိုက်ခွန်စိုက်ကြိုးပမ်းကြစေလိုကြောင်း၊ အထူးစီးပွားရေးဇုန်များတိုးတက်လာပါက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုမှာ သိသာထင်ရှားလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

**လမ်းညွှန်ထား**

အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အထူးစီးပွားရေးဇုန်လုပ်ငန်းများသည် နိုင်ငံအတွက်အရေးကြီးကြောင်း၊ ဇုန်လုပ်ငန်းများ အောင်မြင်နိုင်ရေးကို ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီး အကောင်းဆုံးအဖြေရှာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဒေသခံပြည်သူလူထု၏ သဘောထားများကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်းဟု လမ်းညွှန်ထားပါကြောင်း။

အထူးစီးပွားရေးဇုန်များအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်နှင့် အညီဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းထားသည့် အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိမှာ သီလဝါအထူးစီးပွားရေးဇုန်မှာ အရှိန်ရပြီး ရှေ့ဆက်လှမ်းနေပြီ ဖြစ်ပါကြောင်း၊ မစတင်နိုင်သေးသည့် ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များ လုပ်ငန်းစတင်လည်ပတ်နိုင်အောင် အလေးထားကြိုးစားကြရန်လိုကြောင်း။

**စိတ်ဝင်စားလာနိုင်**

ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းများကို ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းလျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ရေး ဆောင်ရွက်ပြီးပါက ဇုန်အတွက်သာမက တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းလည်း သိသိသာသာ ဖွံ့ဖြိုးလာနိုင်ပါကြောင်း၊ ကျန်ရှိသည့်စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန် များစွာအထောက်အကူဖြစ်စေနိုင်ပါကြောင်း၊ လာရောက်ရင်းနှီးမည့်သူများမှာ ပိုမိုစိတ်ဝင်စားလာနိုင်ပါကြောင်း။

ကျောက်ဖြူဇုန်မှာ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဥယျာဉ်စီမံကိန်းများအတွက် မြန်မာဘက်မှပါဝင်ရနိုင်မည့် Equity အချိုးကို CITIC ကုမ္ပဏီနှင့် ဆွေးနွေးညှိနှိုင်းနေပါကြောင်း၊ အထူးစီးပွားရေးဇုန် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေတိုအတွင်းမှာ နိုင်ငံသားများအလုပ်အကိုင်ရရှိရေးကိုဦးတည်ပြီး စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အချိန်ကို တန်ဖိုးထားပြီး အမြန်ဆုံးတိုးတက်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ အထူးစီးပွားရေးဇုန်လုပ်ငန်းများသည် နိုင်ငံတကာနှင့် ဆက်ဆံရသည့် လုပ်ငန်းများဖြစ်သောကြောင့် သိမ်မွေ့ညင်သာစွာ စနစ်တကျစီမံဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ပါဝင်ဆောင်ရွက်သွားမည်**

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အထူးစီးပွားရေးဇုန်များမှာ မြန်မာ့နိုင်ငံ၏ စီးပွားရေးအတွက် အရေးကြီးပါကြောင်း၊ အထူးသဖြင့် ဒေသခံများ၏ အလုပ်အကိုင်ရရှိရေး၊ အခြားနိုင်ငံများနှင့် စီးပွားရေး၊ ဆက်သွယ်ရေးအတွက် အရေးကြီးသောလုပ်ငန်းဖြစ်ပါကြောင်း၊ စီးပွားရေးဇုန်များ လုပ်ကိုင်ဆောင်ရွက်တိုင်း နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရရှိရမည်ဖြစ်ပါကြောင်း၊ အားလုံးက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီးဦးအောင်ထူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၇)၏ ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြကြ**

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းတို့က အထူးစီးပွားရေးဇုန်အလိုက် မြေပြင်၌လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ထားဝယ်အထူးစီးပွားရေးဇုန်သို့ နှစ်လမ်းသွားကတ္တရာကားလမ်းဖောက်လုပ်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်အထူးစီးပွားရေးဇုန် (Yangon Special Economic Zone) တည်ထောင်ပါက ရရှိမည့်အကျိုးကျေးဇူးများနှင့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတက အထူးစီးပွားရေးဇုန်လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိနိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိအောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းများကို တိုးတက်မှုရရှိအောင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ကြရမည်ဖြစ်ပြီး အထူးစီးပွားရေးဇုန်များတွင် မိမိနိုင်ငံသားများ အဆင့်မြင့်တာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် သင်တန်းများ ပေးစေလိုကြောင်း၊ လုပ်ငန်းစီမံကိန်းများစာချုပ်ချုပ်ဆိုရာတွင် လိုအပ်ပါက နိုင်ငံတကာ ပညာရှင်များ၏ အကြံဉာဏ်ရယူပြီး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး General(Ret.) Mr.H. Wiranto နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အကြမ်းဖက်မှုများကို တန်ပြန်တိုက်ဖျက်ရေးနှင့် ရခိုင်ပြည်နယ်အရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ ဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး Mr.Wiranto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ ဧည့်သည်တော် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E.Dr.Ito Sumardi နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

*✻ ကျောဖုံးမှ*

အင်းစိန်နှင့် ဗိုလ်တထောင်ဆိပ်ကမ်းတို့မှ နံနက် ၇ နာရီတွင် စတင်ပြေးဆွဲပေးလျက်ရှိပြီး ည ၉ နာရီတွင် ခရီးစဉ် ပြီးဆုံးကာ အင်းစိန်ဆိပ်ကမ်းမှ လှိုင် (ရွှေပြည်တောက်) ဆိပ်ကမ်း၊ ကြည့်မြင်တိုင်ဆိပ်ကမ်း၊ လမ်းသစ်ဆိပ်ကမ်း၊ ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ဗိုလ်တထောင်ဆိပ်ကမ်းသို့ နေ့စဉ်ပြေးဆွဲပေးလျက်ရှိ၍ နတ်တော်လပြည့်နေ့သည် ရုံးပိတ်ရက်နှင့်လည်း တိုက်ဆိုင်ခဲ့သောကြောင့် ရေယာဉ်စီး ခရီးသွားပြည်သူတို့ဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

ခရီးသည်စီးနင်းမှုများပြားသော ရုံးပိတ်ရက်နှင့်ရက်ကြီး၊ အခါကြီးတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ စီးနင်းနိုင်ရန် ရေယာဉ်အသစ်ငါးစင်းရောက်ရှိနေပြီဖြစ်ပြီး စစ်ဆေးမှုပြီးစီးပါက စုစုပေါင်း ရေယာဉ် ၁၃ စင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် တိုးချဲ့ရေယာဉ်အတွက်လည်း သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် လန်ဒန်အခြေစိုက် International Bar Association's Human Rights Institute (IBAHRI) ညွှန်ကြားရေးမှူး Mr.PhillipTahmindjis နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် လန်ဒန်အခြေစိုက် IBAHRI ညွှန်ကြားရေးမှူး Mr. Phillip Tahmindjis နှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်



# နှစ်နိုင်ငံ အကျိုးနှင့် စပ်လျဉ်းသည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ဗြိတိသျှနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.David Hall ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကျိုးနှင့် စပ်လျဉ်းသည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် သတင်းမီဒီယာကောင်စီဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်၊ ကောင်စီဝင် ဟံသာဝတီ ဦးအုန်းကြိုင်တို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်လည်း တက်ရောက်ခဲ့သည်။ **သတင်းစဉ်**



# နယ်စပ်ဒေသ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ နေပြည်တော် ပတ်ဝန်းကျင်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၅**



နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများမှ တိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များကို နှစ်စဉ် ဖိတ်ကြားခေါ်ယူ၍ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်သို့ လေ့လာရေးခရီးစဉ် ရောက်ရှိလာကြသည့် ရှမ်းပြည်နယ်တောင်ပိုင်း ဟိုမိန်းဒေသနှင့် နမ့်စန်မြို့နယ်တို့မှ ရှမ်း၊ ယင်းကျားနှင့် ယင်းနက်တိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့မှ ကဒူးနှင့် ကနန်းတိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်မှ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဇာဒက်ကြီးကျွန်းနှင့် သရက်ချောင်းမြို့နယ်တို့မှ ဆလုံနှင့် ထားဝယ် တိုင်းရင်းသား၊တိုင်းရင်းသူ ၂၅ ဦး စုစုပေါင်း ၁၀၀ တို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဦးစောဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြရာ ဂေါပကအဖွဲ့က လိုက်လံရှင်းလင်းပြသသည်။

ထို့မှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ သွားရောက်၍ အဆင့်မြင့်နည်းပညာဖြင့် မြေလွှာမဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးနေမှုများ၊ စက်မှုသီးနှံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသန ဌာနခွဲအကြောင်း သိကောင်းစရာများကို ကြည့်ရှုလေ့လာကြသည်။ **(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် လွှတ်တော်သို့ သွားရောက်၍ ပြည်သူ့လွှတ်တော်ကျင်းပရာ ခန်းမဆောင်နှင့် အမျိုးသားလွှတ်တော်ကျင်းပရာ ခန်းမဆောင်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော် ရေပန်းဥယျာဉ်သို့ ဆက်လက်ကြည့်ရှုလေ့လာ အပန်းဖြေကြသည်။

အဆိုပါ နယ်စပ်ဒေသတိုင်းရင်းသားအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက နေပြည်တော်သို့ ရောက်ရှိလာခဲ့ကြရာ ရွာတော်တည်းခိုရေးနှင့် စစ်ကြောရေးစခန်းတွင် စနစ်တကျနေရာချထားပေးပြီး ယင်းနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က သွားရောက်တွေ့ဆုံ နှုတ်ဆက်၍ အိပ်ဆောင်များ၊ ထမင်းစားဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနက နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူများအား ဖိတ်ကြားခေါ်ယူ၍ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရသည့် အဓိကရည်ရွယ်ချက်များမှာ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများပမာ ကောင်းမွန်မှန်ကန်သောခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ ကျင်းပ

**ကလော ဒီဇင်ဘာ ၅ -** ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ ပြည်သူ့ဆေးရုံ၌ ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် လမ်းလျှောက်ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလောမြို့နယ် ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာသန်းသန်းအေးက အမှာစကားပြောကြားပြီး အထွေထွေရောဂါကု သမားတော် ဒေါက်တာ သန်းသီရိထွေးက ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ (World AIDS Day)ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုတိုက်ဖျက်ရေးနေ့ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရွှေရောင်လွှမ်းသော အနာဂတ်ခရီးသို့

**တန်ခူးဆွေ**

၂၀၁၇ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသည့် ဖိလစ်ပိုင်နိုင်ငံသည် အလှည့်ကျဥက္ကဋ္ဌ၏ ဆောင်ပုဒ်ဖြစ်သည့် "Partnering For Change Engaging the World" နှင့်အညီ အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။

အာဆီယံ၏ အစဉ်အလာအရ ထိပ်သီးအစည်းအဝေးများ၌ အာဆီယံခေါင်းဆောင်များက သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်း၊ ကြေညာချက်များ အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်လေ့ရှိရာ ယခုနှစ် ၂၀၁၇ ခုနှစ်အတွက် ဒုတိယအကြိမ်မြောက်ပြုလုပ်သည့် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်မှ တင်သွင်းခဲ့သည့် "ရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေး၊ ကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်" ကို အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ သဘောတူညီချက်သည် ဖိလစ်ပိုင်နိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် ၂၀၀၇ ခုနှစ် စီဘူး(Cebu) မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့သည့် ကြေညာချက်ဖြစ်ပြီး စီဘူးကြေညာချက်ဟုလည်း ခေါ်ဆိုပါသည်။ အဆိုပါကြေညာချက်ကို သဘောတူညီချက်အဖြစ် ဆက်လက်ဆောင်ရွက်ရန် အာဆီယံခေါင်းဆောင်များက ထောက်ခံခဲ့ကြသဖြင့် နှစ်စဉ်အာဆီယံထိပ်သီးအစည်းအဝေးများတွင် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြသည့် သဘောတူညီချက်တစ်ခုဖြစ်ပြီး ၁၀ နှစ်နီးပါး ညှိနှိုင်းခဲ့ရပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် အာဆီယံအဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်းအဝေးတွင် အပြီးသတ် ရေးဆွဲညှိနှိုင်းခဲ့ပြီး အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး၌ ဆန္ဒသဘောထားခံယူ၍ သဘောတူညီချက်ရရှိကာ ယခုကဲ့သို့ ခေါင်းဆောင်ကြီးများက လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်၏ ဦးဆောင်ဝန်ကြီးဌာနဖြစ်သည့်အတွက် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံ တဂိုင်းတိုင်းမြို့တွင် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများတွင် အကြိတ်အနယ် ဆွေးနွေးခဲ့ကြရပြီး (၁၈) ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့်အစည်းအဝေးတွင် သဘောတူညီချက် ရရှိခဲ့ပါသည်။ သို့ရာတွင် သဘောတူညီချက်ရရှိရုံဖြင့် မပြီးပြတ်သေးဘဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်စပ်ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်တောင်းခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြအတည်ပြုချက်တောင်းခံခြင်း၊ ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရပါသည်။

သဘောတူညီချက်တွင် အခန်း ၈ ခန်းပါရှိပြီး အခန်း ၁ တွင် အခြေခံမူများ၊ အခန်း ၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အခန်း ၃ တွင် ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အခြေခံအခွင့်အရေးများ၊ အခန်း ၄ တွင် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ သတ်မှတ်အခွင့်အရေးများ၊ အခန်း ၅ တွင် အလုပ်သမားစေလွှတ်သည့် နိုင်ငံ၏ တာဝန်ဝတ္တရားများ၊ အခန်း ၆ တွင် အလုပ်သမားလက်ခံသည့် နိုင်ငံ၏ တာဝန်ဝတ္တရားများ၊ အခန်း ၇ တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကတိကဝတ်များနှင့် အခန်း ၈ တွင် ပြင်ဆင်ဖြည့်စွက်ချက်များဟူ၍ ပါရှိပါသည်။ အခန်းကဏ္ဍများ၏အကြောင်းအရာ အချက်အလက်များသည် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းတို့ကို အမှန်တကယ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယင်းအခန်းကဏ္ဍများရှိ နှစ်နိုင်ငံချင်း ချုပ်ဆိုသည့် သဘောတူစာချုပ်များနှင့် အဖွဲ့ဝင်နိုင်ငံအားလုံးချုပ်ဆိုသည့် သဘောတူစာချုပ်များ၏ အရေးပါမှုနှင့် အသုံးဝင်မှုတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ကြိုးပမ်းမှုဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာပြီ ဖြစ်ပါသည်။

> "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကဲ့သို့သော အာဆီယံအဖွဲ့ဝင်များ ပါဝင်သည့် နိုင်ငံတကာစာချုပ်များကဲ့သို့ လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့ကို ကာကွယ်ပေးနိုင်တော့မည်ဖြစ်"

ဤသဘောတူညီချက်သည် ဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်တစ်ခု တည်ထောင်ရန်နှင့် အာဆီယံအသိုက်အဝန်း တည်ထောင်ခြင်းလုပ်ငန်းစဉ်ကို အထောက်အကူပြုမည် ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံပဋိညာဉ်စာတမ်းကို လေးစားလိုက်နာ၍ အာဆီယံ၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို တန်ဖိုးထားကာ ဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့်ကောင်းမွန်သော အုပ်ချုပ်ရေးတို့ကို အခြေခံ၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကဲ့သို့သော အာဆီယံအဖွဲ့ဝင်များ ပါဝင်သည့် နိုင်ငံတကာ စာချုပ်များကဲ့သို့ လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့ကို ကာကွယ်ပေးနိုင်တော့မည်ဖြစ်ပါသည်။ ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မိမိတို့၏ ပိုင်နက်နယ်ပယ်၌ ရွှေ့ပြောင်းအလုပ်သမားများ မည်သည့်အခြေအနေမဆို ဝင်ရောက်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းတို့နှင့် စပ်လျဉ်း၍ မိမိတို့၏ အချုပ်အခြာအာဏာအရ ရွှေ့ပြောင်းအလုပ်သမားများ၏ ကိုယ်ပိုင်ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများကိုလည်း ချမှတ်ပေးနိုင်မည် ဖြစ်ပါသည်။ စေလွှတ်သည့်နိုင်ငံများနှင့် လက်ခံသည့်နိုင်ငံများ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများကို လိုက်နာရန်နှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဖြစ်စဉ်တစ်ခုလုံးအတွင်း ပါဝင်ဆောင်ရွက်သူများ၏ တာဝန်နှင့် ဝတ္တရားများကိုပါ သိရှိနိုင်မည်ဖြစ်ပါသည်။ သဘောတူညီချက်ပါ အချက်အလက်များကို မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို အာဆီယံနည်းလမ်းအရ ပြင်ဆင်ဖြည့်စွက် အကြံပြုနိုင်ပြီး အဆိုပါ ပြင်ဆင်ဖြည့်စွက်ချက်များကို အာဆီယံထိပ်သီးအစည်းအဝေးတွင် ဆုံးဖြတ်ချက်ရယူရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ဆက်စပ်ဝန်ကြီးဌာနများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမား ဦးရေ လေးသန်း ကျော်ရှိသည့်အနက် အာဆီယံဒေသတွင်းရှိ မြန်မာတိုင်းရင်းသားရွှေ့ပြောင်းအလုပ်သမားများ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပြဿနာများကို ကူညီဖြေရှင်းရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် မြန်မာတိုင်းရင်းသားရွှေ့ပြောင်းလုပ်သားများ၏ ရွှေရောင်လွှမ်းသော အနာဂတ်ခရီးဆီသို့ ရောက်ရှိတော့မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## မှူခင်းများ အမှန်တရားနှင့် တရားမျှတမှုရရှိရေး ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအရာရှိအဆင့်-၃ များအတွက် မွမ်းမံသင်တန်းအမှတ်စဉ်-၂၉ သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအရာရှိများသည် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို အလေးထားလိုက်နာရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြင်ပအသွင်သဏ္ဌာန် သာမက စိတ်ဓာတ်ကောင်းမွန်သည့် ဥပဒေအရာရှိကောင်းများဖြစ်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ရန် လိုအပ်ကြောင်း၊ မှုခင်းများလိုက်ပါဆောင်ရွက်ရာတွင် အမှန်တရားနှင့် တရားမျှတမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားလို၏ ထိခိုက်နစ်နာမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရသည့်နည်းတူ စွပ်စွဲခံရသူ၏ ဥပဒေပါ အခွင့်အရေးများကို ရရှိစေရန် အလေးထားရမည်ဖြစ်ကြောင်း၊ အဂတိတရားကင်းရှင်း၍ ကိုယ်ကျင့်တရားကောင်းမွန်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှသာ အများပြည်သူ၏ ယုံကြည်ကိုးစားမှုရရှိမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် သင်တန်းတွင် အကောင်းဆုံးဆုရရှိသူ ၃ ဦးနှင့် သုတေသနစာတမ်းဆုရ သင်တန်းသားအဖွဲ့တို့ကို ဆုများချီးမြှင့်သည်။

သင်တန်းသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၈ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်ပေါင်း ၃၀ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှူခင်းအသိပညာပေး မော်တော်ယာဉ်ဖြင့် ဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၅** - သံဖြူဇရပ်မြို့ ဟံသာဝတီရပ်ကွက် ဟံသာဝတီတိုက်သစ်ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၌ နိုဝင်ဘာလနောက်ဆုံးပတ်က လည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်ကလည်းကောင်း လမ်းဘေးဝဲယာရှိ ရပ်ကွက်ကျေးရွာများတွင် မှုခင်းအသိပညာပေးပြခန်းယာဉ်ပေါ်ပါ ပြည်သူ့အတွက် ၂၄ နာရီ ဗီဒီယိုဇာတ်ကားနှင့် မူးယစ်ဆေးဝါးအသိပညာပေး ဇာတ်ကားများကို ပရိုဂျက်တာဖြင့် ဖွင့်လှစ်ပြသခဲ့သည်။

ထို့နောက် သံဖြူဇရပ်မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်အေးမင်းထွန်းက ယာဉ်၊ လမ်းစည်းကမ်းများဆိုင်ရာ အသိပညာပေးခြင်းနှင့် ယာဉ်မတော်တဆမှု ဖြစ်ပွားရသော အကြောင်းရင်းများအား လည်းကောင်း၊ အမှတ်(၉) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မော်လမြိုင်) ရဲအုပ်ဌေးလွင်က လူကုန်ကူးမှုဆိုင်ရာ သိသင့်သိထိုက်သည့် အချက်အလက်များနှင့် လူကုန်ကူး ခံရခြင်းနှင့် ပတ်သက်၍လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ကြက်သွန်နီဈေး ပြန်လည်ကျဆင်း

**ပခုက္ကူ ဒီဇင်ဘာ ၅**


ပခုက္ကူခရိုင် ပခုက္ကူမြို့ ကုန်စည်ဒိုင်တွင် မိုးကြက်သွန်နီများ အဝင်များလျက်ရှိပြီး ကြက်သွန်နီဈေး အနည်းငယ် ပြန်လည်ကျဆင်းလျက်ရှိသည်ဟု သိရသည်။

"ဒီနှစ် မိုးကြက်သွန်နီ စပေါ်ပေါ်ချင်း အဝင်များနေတယ်၊ အခုတလော တစ်နေ့ကို ပိဿာချိန် ခုနှစ်သောင်းလောက်အထိ ဝင်တယ်၊ ပစ္စည်းအရည်အသွေးက မနှစ်ကထက်ကောင်းတယ်၊ မနှစ်ကတော့ မိုးမိကြက်သွန်နီတွေဆိုတော့ အနာအဆာများတယ်၊ ဒီနှစ်တော့ ပစ္စည်းကောင်းပါတယ်၊ မနှစ်က ဒီလိုအချိန်မှာ ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၅၀၀ လောက်ပဲ ပေါက်ဈေးရှိတယ်၊ ဒီနှစ်တော့ နိုဝင်ဘာ ၂၄ ရက်က တစ်ပိဿာကို ငွေကျပ် ၂၃၅၀ ဈေးရှိတယ်၊ ဒီနေ့တော့ ငွေကျပ် ၁၈၂၅ ပေါက်ဈေးရှိနေတယ်၊ အဝင်များတော့ ဈေးနည်းနည်းတော့ ကျသွားတာပေါ့၊ ဒါပေမယ့် မနှစ်ကနဲ့စာရင် မိုးကြက်သွန်နီဈေးကောင်းနေတယ် "ဟု ပခုက္ကူမြို့မှ ကြက်သွန်နီပွဲစား ဦးမိုးဦးက ပြောသည်။

ပခုက္ကူသို့ ဝင်ရောက်နေသော ကြက်သွန်နီများမှာ ရေစကြိုမြို့နယ်ကျွန်းထဲ ကျေးရွာများမှ အများဆုံးဝင်ရောက်နေခြင်းဖြစ်ပြီး အဆိုပါ မြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်ခင်းများတွင် ယခုနှစ် ကြက်သွန်နီအထွက်နှုန်းကောင်းလျက်ရှိသည်ဟု သိရသည်။

**အိမွန်ဆွေ (ရေစကြို)**





# မီဒီယာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ကွမ်ကျိုး ဒီဇင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းနှင့်ပြန်ကြားရေးဌာနတို့အကြား မီဒီယာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့ Zhudao အစိုးရဧည့်ဂေဟာ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တရုတ်နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးဌာနဝန်ကြီး Mr. Jiang Jianguo တို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြသည်။ **(ဓါတ်ပုံ)**

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် နှစ်နိုင်ငံဆိုင်ရာ မီဒီယာပူးပေါင်းဆောင်ရွက်ရေး၊ စာပေယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဖလှယ်ဆောင်ရွက်ရေးဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တရုတ်နိုင်ငံတော်ကောင်စီ သတင်းနှင့် ပြန်ကြားရေးဌာန ဒုတိယဝန်ကြီး Mr. Guo Weimin ညွှန်ကြားရေးမှူးချုပ် Mr. Zhang Ye ၊ ညွှန်ကြားရေးမှူးချုပ် Mr. Zheng Yaxiong ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zhang Hongbin ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၅

**(၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ပြိုင်ပွဲဘာသာရပ်အသီးသီးမှဥက္ကဋ္ဌများနှင့် အဖွဲ့ခေါင်းဆောင်များ၊ ဘာသာရပ်ဆိုင်ရာအကဲဖြတ်ပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၂၃) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစဉ်အလာမပျက် ဆက်လက်ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲဝင်များ တစ်နှစ်ခန့် ကြိုတင်လေ့ကျင့်ချိန်ရရှိစေရေးအတွက် ယခုကဲ့သို့ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ အမျိုးသားရေးတာဝန်တစ်ရပ်၊ လက်ဆင့်ကမ်းထိန်းသိမ်းရမည့် တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်များကို ပြုစုပျိုးထောင်လက်တွဲဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် (၂၃) ကြိမ်မြောက်ပြိုင်ပွဲတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်၊ အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်နှင့် အခြေခံပညာ(အသက် ၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)အဆင့်ဟူ၍ အဆင့် ခြောက်ဆင့် သတ်မှတ်ယှဉ်ပြိုင်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်မှာ ကျင်းပမည့် (၂၃ )ကြိမ်မြောက်ပြိုင်ပွဲမှစတင်၍ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားဖြင့် သီဆိုယှဉ်ပြိုင်ရမည့် တိုင်းရင်းသားတေးသီချင်းအဆိုပြိုင်ပွဲကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသွားမည် ဖြစ်ပါကြောင်း၊ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား၊ အမျိုးသမီး) ရုပ်သေးကြိုးဆွဲပြိုင်ပွဲများတွင် မင်းသမီးရုပ်ကို မဖြစ်မနေယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး မင်းသားရုပ်နှင့် ဇော်ရုပ်ကို မဲနှိုက်ယှဉ်ပြိုင်ကြရမည် ဖြစ်ပါကြောင်း၊ ပလွေတူရိယာပြိုင်ပွဲကို လည်းဆက်လက်ထည့်သွင်းသွားမည်ဖြစ်ပါကြောင်း။

အဆို၊ အက၊ အရေး၊ အတီးပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် မျိုးဆက်သစ် အနုသုခုမပညာရှင်ပေါင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့သည်ဆိုသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ (၂၃ ) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံကောင်း ဉာဏ်ကောင်းများဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံးက (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင်အဆင့်နှင့် ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာအကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်မည့် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲနှင့် ကျေးလက်ရိုးရာ အကပြိုင်ပွဲတို့အတွက် မဲနှိုက်ရွေးချယ်ကြပြီး အထွေထွေဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှင်းလင်းဆွေးနွေး မေးမြန်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

၂၀၁၈ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအဖြစ် ၁၉၉၃ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစတင်၍ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအဖြစ် အမည်ပြောင်းလဲကျင်းပခဲ့ပြီး တိုင်းရင်းသားအကများနှင့် ကျေးလက်အကများကို တိုးချဲ့ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ပြိုင်ပွဲမှစတင်၍ နှစ်နှစ်လျှင် တစ်ကြိမ် ပြိုင်ပွဲကျင်းပရန် ဆုံးဖြတ်ခဲ့ကြကြောင်းနှင့် (၂၃) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းရင်းသားရိုးရာအကပြိုင်ပွဲနှင့် ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် ချင်းနှင့် မွန်တိုင်းရင်းသားရိုးရာအကများကို ယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနောက်ပိုင်းတက္ကသိုလ်လမ်းကြီးကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ရန် လျာထားဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၅**

ထန်းတပင်မြို့နယ်အတွင်းရှိ အနောက်ပိုင်း တက္ကသိုလ်လမ်းကြီးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ရန် လျာထားဆောင်ရွက်လျက် ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ယနေ့ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ထန်းတပင်မြို့နယ် အမှတ်(၁) မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၏ ထန်းတပင်မြို့နယ် အတွင်းရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်လမ်းမကြီးသည် ထန်းတပင်မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်ရန် အဓိကလမ်းမကြီးဖြစ်သည့်အတွက် လွန်စွာပျက်စီးနေပြီး ကျဉ်းမြောင်းနေပါသဖြင့် စနစ်တကျ ကောင်းမွန်အောင် ပြန်လည်ပြုပြင်တိုးချဲ့ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအပေါ် ဝန်ကြီးက ဖြေကြားရာ၌ ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိအနောက်ပိုင်းတက္ကသိုလ်လမ်းမကြီးသည် ရွှေလင်ပန်းစက်မှုဇုန်အဝိုင်းမှ သီတာအေး၊ ထန်းတပင်လမ်းနှင့်ဆုံတွေ့ရာ အေးရွာလေးရွာအထိ ၆ မိုင် ၄ ဒသမ ၂၈ ဖာလုံရှိကြောင်း၊ ရွှေလင်ပန်းစက်မှုဇုန်မှ အနောက်ပိုင်းတက္ကသိုလ်အထိ ၃ မိုင် ၃ ဒသမ ၂၈ ဖာလုံမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူသောအပိုင်းဖြစ်ပြီး လမ်းအကျယ် ၂၂ ပေရှိ၍ ကိုးလက်မထုကွန်ကရစ်လမ်းဖြစ်ပြီး ကွန်ကရစ်ပေါ်၌ နိုင်လွန်ကတ္တရာ ခင်းထားကြောင်း၊ အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်အထိ ၃ မိုင် ၁ ဖာလုံမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူသောအပိုင်းဖြစ်၍ လမ်းအကျယ် ၁၆ ပေ၊ ခြောက်လက်မထုကွန်ကရစ်လမ်းဖြစ်ကြောင်း၊ ယင်းလမ်း၏ ပျက်စီးရသောအကြောင်းမှာ ဖြတ်သန်းခွင့်ပြုတန်ချိန်မှာ ရှစ်တန်ဖြစ်သော်လည်း ရွှေလင်ပန်းစက်မှုဇုန်နှင့် ဆက်စပ်နေခြင်းကြောင့် လုပ်ငန်းသုံး ပစ္စည်းတင်ယာဉ်များ၊ အုတ်၊ သဲ၊ ကျောက်ကားများ၊ Transporter ကဲ့သို့သော ၁၅ တန်အထက်ရှိ တန်ပိုယာဉ်ကြီးများ နေ့ညဖြတ်သန်းအသုံးပြုနေသည်ကို တွေ့ရှိရကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရသော အနောက်ပိုင်းတက္ကသိုလ် အေးရွာလေးရွာလမ်းမှာ အိမ်ခြေ ၅၁၆၈ အိမ်နှင့် လူဦးရေ ၁၉၆၀၃ ဦးကို အကျိုးပြုလျက်ရှိသော လမ်းဖြစ်၍ ယာဉ်သွားလာမှုချောမွေ့စေရေးအတွက် ချိုင့်ခွက်ကြီးများအား နှစ်လက်မ၊ လေးလက်မ ကျောက်ကြီးများ ဖြည့်ခင်းဆောင်ရွက်ပေးထားပါကြောင်း၊ စနစ်တကျကောင်းမွန်စေရေးအတွက် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၇ ဒသမ ၄ ဖာလုံကို လည်းကောင်း၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂ မိုင် ၁ ဒသမ ၆ ဖာလုံကိုလည်းကောင်း ၁၆ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လျာထားချက်ထည့်သွင်းတောင်းခံ တင်ပြထားပါကြောင်း ဖြေကြားခဲ့သည်။



ထို့ပြင် ကော့မှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေး၏ ကော့မှူးမြို့နယ်အတွင်းရှိ တူးဖော်ချောင်းများတွင် လယ်ယာလုပ်ငန်းအတွက် စက်ယန္တရားများ အလွယ်တကူသွားလာနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးခွန်းအပေါ် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြန်လည်ဖြေကြားရာ၌ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်အတွင်းရှိ လယ်ယာမြေများနှင့် ဆက်စပ်လျက်ရှိသော ချောင်းများတွင် စက်ယန္တရားများ အလွယ်တကူ သွားလာနိုင်ရန် ချောင်းကူးတံတားများ လိုအပ်ချက်အတွက် လယ်ယာမြေချင်းဆက်စပ်လျက်ရှိသော လယ်ခြားမြောင်းများ၏ တူးဖော်ချောင်းများမှာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းတံတားလုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနတို့နှင့် ဆက်စပ်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း -ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - သန်းထိုက်(လှိုင်သာယာ)**

# မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု လျော့ကျလာပြီး ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါ ကင်းစင်ပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိ

နေပြည်တော်  ဒီဇင်ဘာ  ၅

**မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု လျော့ကျလာပြီး ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ ကျင်းပသည့် အာရှ-ပစိဖိတ် ငှက်ဖျားရောဂါ ကင်းစင်ပပျောက်ရေးကွန်ရက်က ပြုလုပ်သော ငှက်ဖျားရောဂါ ရက်သတ္တပတ်လှုပ်ရှားမှု အစည်းအဝေး(ယာပုံ)မှ သိရသည်။**




**၈၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့**

“မြန်မာနိုင်ငံမှာ ငှက်ဖျားရောဂါ ကင်းရှင်းရေးအတွက် ၂၀၃၀ ပြည့်နှစ်ကို ရည်မှန်းပြီး ဆောင်ရွက်နေပါတယ်၊ လက်ရှိမှာ မြန်မာနိုင်ငံမှာ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းကို ၂၀၁၂ ဖြစ်နှုန်းရဲ့ ၈၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါတယ်၊ အရင်က မြန်မာနိုင်ငံမှာ ငှက်ဖျားရောဂါဖြစ်ပွားသူ ခြောက်သိန်းလောက်ရှိပါတယ်။ မနှစ်ကရရှိတဲ့ စာရင်းအရ ငှက်ဖျားရောဂါ ဖြစ်ပွားနှုန်း လျော့ကျသွားတာကို တွေ့ရပါတယ်၊ ဖြစ်ပွားမှုနှုန်းက လူ ၁၀၀၀ မှာ နှစ်ယောက်လောက်ပဲ ဖြစ်ပွားပါတယ်၊ အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေး စီမံချက် စာရင်းတွေအရ လူတစ်ထောင်မှာ တစ်ယောက်လောက်၊ အမျိုးသား ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ စာရင်းတွေအရ လူတစ်ထောင်မှာ နှစ်ယောက်လောက်ဖြစ်ပွားတာ၊ သေဆုံးမှုနှုန်းက လူတစ်သိန်းမှာ ၀ ဒသမ ၀၄ ရာခိုင်နှုန်းလောက်ပဲ ရှိတော့တာကို တွေ့ရပါတယ်၊ ကိန်းဂဏန်းအရ ပြောရရင်တော့ တစ်နိုင်ငံလုံး ဖြစ်ပွားမှုအနေနဲ့ လူတစ်သိန်း တစ်သောင်းလောက်ပဲ ရှိပါတယ်၊ သေဆုံးမှုက ၂၁ ယောက်ရှိပါတယ်၊ ၂၀၂၀ ပြည့်နှစ်မှာ ဖြစ်ပွားမှုနှုန်းကို ၈၅ ရာခိုင်နှုန်းအထိနဲ့ သေဆုံးမှုနှုန်းကို ၉၅ ရာခိုင်နှုန်းအထိ လျှော့ချဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒါမှသာ ကျွန်တော်တို့ရည်မှန်းတဲ့ ၂၀၃၀ ခုနှစ်မှာ ငှက်ဖျားရောဂါကင်းစင်ရေးကို ဦးတည်နိုင်မှာဖြစ်ပါတယ်၊”

“အခု လောလောဆယ်မှာတော့ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၀၀ ကျော်လုံးကို ငှက်ဖျားရောဂါ ကူးစက်မှုရှိနိုင်တဲ့ နေရာတွေအဖြစ် သတ်မှတ်ထားပါတယ်၊ ဒီလို သတ်မှတ်မှသာ ငှက်ဖျားရောဂါကူးစက်မှုကို အမြစ်ဖြတ်နိုင်မှာဖြစ်ပါတယ်၊ ဒါပေမယ့် အဖြစ်များတာက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ ဖြစ်ပါတယ်၊ နေပြည်တော်အပါအဝင် ကျန်တဲ့ဒေသတွေကတော့ ၂၀၂၀ ပြည့်နှစ်မှာတောင် ဒေသတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု ကင်းစင်တဲ့ နေရာတွေအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊ နောက်ပိုင်းမှာ ဖြစ်ပွားမှုရှိတဲ့နေရာ Focal Zone အဖြစ်ထားပြီး အမြစ်ပြတ်အောင် ကျွန်တော်တို့ ရည်မှန်းထားတဲ့ ၂၀၃၀ ပြည့်နှစ်မှာ ငှက်ဖျားရောဂါ ကင်းစင်ပပျောက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲမှ အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာ အောင်သီက ပြောသည်။

**လုပ်ငန်းစဉ်ဆောင်ရွက်နိုင်ရေး**

ငှက်ဖျားရောဂါ ရက်သတ္တပတ်လှုပ်ရှားမှုအစည်းအဝေးကို ဒီဇင်ဘာ ၄ ရက်မှ ၈ ရက်အထိ ငါးရက်တာ ကျင်းပမည်ဖြစ်ပြီး အာရှ-ပစိဖိတ် ငှက်ဖျားရောဂါ ကင်းစင်ရေးလုပ်ငန်းစဉ်များ သတ်မှတ် ဆောင်ရွက်နိုင်ရေးအတွက် ဒီဇင်ဘာ ၄ ရက်တွင် လုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးမှုများကိုလည်းကောင်း၊ ဒီဇင်ဘာ ၅ ရက်တွင် အာရှ-ပစိဖိတ် ငှက်ဖျားရောဂါကင်းစင်ရေး ကွန်ရက်နှစ်ပတ်လည်အစည်းအဝေးကို လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် အဆင့်မြင့်အရာကြီးများ အစည်းအဝေးကို လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ အဆင့် အစည်းအဝေးအကြိုညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကို လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများအဆင့် အစည်းအဝေးကို လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**ပါဝင်ဆွေးနွေးကြမည်**

အဆိုပါ အစည်းအဝေးများသို့ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများ၊ ရန်ပုံငွေကူညီသည့် နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ နိုင်ငံများ စုစုပေါင်း နိုင်ငံ ၃၀ ကျော်မှ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ဝန်ကြီးများ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများအဆင့် အစည်းအဝေးမှ ရရှိလာသည့် ငှက်ဖျားရောဂါ ကင်းစင်ရေးအတွက် ဆွေးနွေးချက်ရလဒ်များကို ဝန်ကြီးများအဆင့် အစည်းအဝေးအပြီးတွင် Declaration ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

“ငှက်ဖျားရောဂါနဲ့ ပတ်သက်ပြီး ပြည်သူလူထု ပိုမိုသိရှိလာအောင် Malaria Week လုပ်ဆောင်မှုတစ်ခုကို မြန်မာနိုင်ငံမှာ လက်ခံကျင်းပမယ်ဆိုပြီး စီစဉ်ခဲ့တာ ဖြစ်ပါတယ်၊ အစည်းအဝေးငါးရက်တာမှာ အာရှ-ပစိဖိတ်ဒေသတွေက နိုင်ငံပေါင်း ၃၀ လောက်က လာရောက်ပါဝင်ဆွေးနွေးကြမှာဖြစ်ပါတယ်၊ ဒေသတွင်းမှာ ငှက်ဖျားရောဂါကင်းစင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်နိုင်အောင် အစည်းအဝေးမှာ ဆွေးနွေးကြမှာဖြစ်ပါတယ်၊ ဒီအစည်းအဝေး ရလဒ်တွေကို ဝန်ကြီးများအဆင့် အစည်းအဝေးကနေတစ်ဆင့် Declaration တစ်ခု ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်၊ ဒီအစည်းအဝေးမှာကျတော့ ဝန်ကြီးတွေက အစုံအလင် မတက်ရောက်ပါဘူး၊ ဒါကြောင့် ဝန်ကြီးတွေ အစုံအလင်တက်ရောက်တဲ့ ၂၀၁၈ ခုနှစ် မေလလောက်မှာ ကျင်းပမယ့် World Health Assembly မှာ ဒီ Declaration ကို မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများအားလုံးက လက်မှတ်ရေးထိုးကြရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဒေါက်တာအောင်သီက ပြောသည်။

**ငှက်ဖျားရောဂါ ကင်းစင်သွားဖို့**

အစည်းအဝေးတက်ရောက်သူ The Three Millennium Development Goal Fund မှ ဒေါက်တာ အေးယုစိုးကလည်း “ငှက်ဖျားရောဂါဟာ ကျွန်မတို့နိုင်ငံမှာ အဖြစ်များတဲ့ ရောဂါတစ်ခုဆိုပေမယ့် ရောဂါဖြစ်ပွားနှုန်းက သိသိသာသာကြီး ကျလာတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ မှာဆိုရင် တစ်နိုင်ငံလုံးမှာ ငှက်ဖျားရောဂါဖြစ်ပွားနှုန်းဟာ လူတစ်သိန်းလောက်ပဲ ကျန်ပါတယ်၊ ၂၀၃၀ မှာဆိုရင် ငှက်ဖျားရောဂါအားလုံး ကင်းစင်သွားဖို့ အတွက် သတ်မှတ်ထားပါတယ်၊ ဒါကလည်း ကျွန်မတို့နိုင်ငံတစ်ခုတည်း မဟုတ်ပါဘူး၊ ဒီဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေအားလုံးကလည်း ဒီရည်မှန်းချက်အတိုင်းဖြစ်ပါတယ်၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးလူးဆက်ဆံနေကြတယ်ဆိုရင်လည်း ငှက်ဖျားရောဂါဟာ ပြန့်ပွားနိုင်တယ် ဆိုတော့ ငှက်ဖျားရောဂါပြန့်ပွားတာတွေကို ထိန်းချုပ်ဖို့အတွက် အစီအစဉ်တွေ ရေးဆွဲကြပါတယ်၊ ဒါမှ ဒီဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေအားလုံးမှာ ငှက်ဖျားရောဂါကင်းဝေးသွားအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

“ကျွန်မတို့နိုင်ငံမှာ ကျေးရွာတိုင်း ငှက်ဖျားရောဂါကို ၂၄ နာရီအတွင်း ကုသလို့ရအောင် ကျေးလက်ကျန်းမာရေး စေတနာ့ဝန်ထမ်းတွေကို သင်တန်းတွေ ပေးထားပါတယ်၊ ငှက်ဖျားသွေးစစ်ဖို့အတွက် ကိရိယာတွေ ပေးထားတယ်၊ ငှက်ဖျားဆေးတွေ ပေးထားပါတယ်၊ လူတစ်ယောက်ဖျားလို့ ငှက်ဖျားဖြစ်တယ် ထင်ရင် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားကနေ တစ်ခါတည်းသွေးဖောက်ချက်ချင်းအဖြေထွက်တာနဲ့ တစ်ပြိုင်တည်း ဆေးပေးလို့ရပါတယ်၊ ငှက်ဖျားဆေးတွေကို ဝယ်စရာမလိုဘဲ အခမဲ့ဖြစ်ပါတယ်၊ ဒါဟာ အောင်မြင်တဲ့ရလဒ်တွေဖြစ်ပါတယ်”ဟု ပြောသည်။

**ရှင်မင်း၊ မီဖြိုး၊ဓာတ်ပုံ-ကျော်ရဲဆွေ**

# ကလေးငယ်များကို မိသားစုရင်ခွင်မှာ ရှင်သန်ခွင့်ပေးပါ

**နန္ဒာဝင်း၊ မြတ်စန္ဒီ**

**မကြာခင်က မွေးကင်းစ ချက်ကြိုးတန်းလန်းနှင့် ကလေးငယ်တစ်ဦးစွန့်ပစ်ထားကြောင်း၊ မွေးစားချင်သူရှိက ဆက်သွယ်နိုင်ကြောင်း သတင်းတစ်ပုဒ်ကို လူမှုကွန်ရက်စာမျက်နှာတွင် ဖတ်လိုက်ရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလကလည်း ရန်ကုန်မြို့ တာမွေမြို့နယ် မလ္လကုန်းဒွေးကွက်(က) ရပ်ကွက် ဇဋိလလမ်းနှင့် ဇောတိကလမ်းကြား တိုက်နောက်ဖေးဘက် အမှိုက်များကြားတွင် မွေးကင်းစအရွယ် ချက်ကြိုးတန်းလန်းနှင့် ကလေးငယ်တစ်ယောက် စွန့်ပစ်ထားသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ရန်ကင်းကလေးဆေးရုံကြီးသို့ပို့ပြီး ဆေးကုသမှုပေးခဲ့သော်လည်း နာရီအနည်းငယ်အကြာတွင် ကလေးမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။**



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီက ဖွင့်လှစ်ပြသသည့် ပြခန်းကို တွေ့ရစဉ်။

“အိမ်မှာမွေးပြီး လမ်းမှာ၊ အမှိုက်ပုံမှာ စွန့်ပစ်တာ၊ ဆေးရုံတွေမှာ မွေးကင်းစကလေးငယ် စွန့်ပစ်တာတွေ များပြားနေပါတယ်၊ ကလေးစွန့်ပစ်တာတွေရဲ့ အဓိကက မလိုလားအပ်တဲ့ မလိုချင်တဲ့ ကိုယ်ဝန်တွေ ရတာပဲ ဖြစ်တယ်၊ အဲဒါကြောင့် မွေးဖွားပြီးနောက် ကလေးတွေကို စွန့်ပစ်ကြတာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာပြုံးမိုအိက ပြောသည်။

ပြီးခဲ့သည့်နှစ်ကလည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု ရေတကူကျေးရွာ အပြင်ဘက်ရှိ မီးရထားလမ်းဟောင်း ကျူတောထဲတွင် ဦးခေါင်းကုတ်ခြစ် ဒဏ်ရာများဖြင့် ပါးစပ်အတွင်း အမှိုက်များဆို့နေသော မွေးကင်းစအရွယ်ကလေးငယ်တစ်ဦးကို ဆာလာအိတ်အတွင်းထည့်ကာ စွန့်ပစ်ထားကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် ဖတ်လိုက်ရသည်။

“လူငယ်တွေဆိုတော့ ကိုယ့်ရဲ့အန္တရာယ်ကိုလည်း မကာကွယ်နိုင်ဘူး၊ ကိုယ့်ခြေထောက်ပေါ်လည်း ကိုယ်မရပ်တည်နိုင်ဘူးဆိုတော့ ကိုယ်ဝန်ရလာတဲ့အခါ တိတ်တိတ်သွားမွေးမယ်၊ ပြီးရင် ပစ်လိုက်မယ်ဆိုတာ ဖြစ်လာကြတယ်”ဟု ဒေါက်တာပြုံးမိုအိက ဆိုသည်။

နည်းပညာကြောင့် ကမ္ဘာကြီးမှာ ရွာကြီးတစ်ရွာအလားဆိုသလို အိုင်တီခေတ်၏ သတင်းအချက်အလက် လျင်မြန်လာမှုနှင့်အတူ ဒီဘက်ခေတ်တွင် မွေးကင်းစကလေးငယ်စွန့်ပစ်မှုများကို မကြာခဏဆိုသလို ကြားသိတွေ့မြင်လာရသည်။

“လူမှုရေးပြဿနာ၊ စီးပွားရေးပြဿနာတွေရှိလို့ ထင်ပါတယ်၊ ကလေးငယ်တွေက အပြစ်မရှိပါဘူး၊ အပြစ်ကင်းစင်ပါတယ်၊ ဒီလိုမျိုးစွန့်ပစ်တာတွေ မြင်ရ၊ ကြားရတာ စိတ်မကောင်းဖြစ်မိပါတယ်၊ မိဘပဲဖြစ်ဖြစ်၊ ဆွေမျိုးပဲဖြစ်ဖြစ် ဒီလိုမျိုး မလုပ်သင့်ပါဘူး ”ဟု ကလေးဆေးရုံအုပ်ကြီးတစ်ဦးက သုံးသပ်သည်။

ကလေးသူငယ်စွန့်ပစ်မှုသည် ရာဇဝတ်မှုဖြစ်ပြီး ကလေးစွန့်ပစ်သူများကို မွေးကင်းစကလေးစွန့်ပစ်မှု ရာဇသတ်ကြီးပုဒ်မ ၃၁၇ နှင့် အရေးယူနိုင်သည်ဟုလည်း သိရသည်။

လူမှုရေးအခက်အခဲများရှိ၍ တာဝန်မယူနိုင် မမွေးနိုင်ပါက ရန်ကုန်တိုင်းဒေသကြီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရွှေဂုံတိုင် ကလေးပြုစုရေးဌာနတွင် လျှောက်လွှာတင်ပြီး ကလေးကို အပ်နှံ၍ ရကြောင်းနှင့် နောင်အဆင်ပြေချိန်တွင် အုပ်ထိန်းမှုကို ပြန်လည်လျှောက်ထားနိုင်ကြောင်း အဆိုပါ ဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာန (ရွှေဂုံတိုင်)တွင် အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးချို့တဲ့နေသည့် ကလေးများနှင့် စောင့်ရှောက်သူမဲ့နေသည့် ကလေးများကို မွေးကင်းစမှ အသက် ၁၀ နှစ်အထိ ပြုစုစောင့်ရှောက်ပေးနေပြီး မန္တလေး၊ ကျိုင်းတုံ၊ ပုသိမ်၊ စစ်တွေ၊ မကွေး၊ မော်လမြိုင်စသည့်မြို့များတွင်လည်း ယခုကဲ့သို့ ကလေးပြုစုရေးဌာနများ ဖွင့်လှစ်စောင့်ရှောက်ပေးနေသည်ဟုလည်း သိရသည်။

ကလေးသူငယ်များအား မည်သို့ပင် ပြုစုစောင့်ရှောက်မှုများပေးသော်လည်း သွေးသားရင်းချာဖြစ်သည့် မိဘ၏ ရင်ခွင်သည်သာ နွေးထွေးလုံခြုံဆုံး ဖြစ်သည်။

“ကလေးတိုင်း ကလေးတိုင်းကို မိဘရင်ခွင်မှာပဲ ကြီးပြင်းစေချင်ပါတယ်၊ ကလေးတွေဆိုတာ တစ်ချိန်မှာ အနာဂတ်နိုင်ငံကို ခေါင်းဆောင်မယ့်သူတွေဆိုတော့ သူတို့ကို စိတ်ဒဏ်ရာနဲ့ ဘဝကို မစစေချင်ဘူး၊ မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုဖြစ်တာတွေကို ကာကွယ်တားဆီးနိုင်ရင် ဒီလို ကလေးတွေ စွန့်ပစ်တာတွေကို တားဆီးကာကွယ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်” ဟု ဒေါက်တာပြုံးမိုအိက ပြောသည်။

နှိမ့်ချပြက်ရယ်ပြုခြင်းကို အမြဲတစေ ခံရသောကလေးသည် တွန့်ဆုတ်ကြောက်ရွံ့လေ့ရှိ၏။ ပြစ်တင်ရှုတ်ချခြင်း အမြဲတစေ ခံရသောကလေးသည် သူတစ်ပါးကို အပြစ်ရှာလေ့ရှိ၏။ ထို့အတူ အမုန်းနှင့် ထိတွေ့ရသော၊ မေတ္တာဖြင့် ထွေးပွေ့ခြင်းမခံရသော ကလေးသည် သူတစ်ပါးကို ရန်မူလေ့ရှိတတ်သည်ဟု ရွှေဂုံတိုင် ကလေးပြုစုရေးဌာန၏ လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။

“လူတွေကို သိပ်သိစေချင်တယ်၊ အင်မတန်အရေးကြီးပါတယ်၊ ဒါဟာ နည်းတဲ့ပြဿနာ မဟုတ်ပါဘူး၊ အဲဒီလို ကလေးငယ်တွေကို ဘယ်လောက်ပဲ နိုင်ငံတော်က စောင့်ရှောက်ပေးပါတယ်ပြောပြော မိဘရင်ခွင်မှာ မနေရရင်တော့ မိဘရင်ခွင်မှာနေရတဲ့ ကလေးလိုတော့ အရည်အသွေးတွေ ပြည့်ဝလာမှာမဟုတ်ဘူး၊ ဒီလိုမလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုဖြစ်တာတွေကို ကာကွယ်တားဆီးနိုင်ရင် ကလေးတွေစွန့်ပစ်တာတွေကို ကာကွယ်တားဆီးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဒီလိုဖြစ်စဉ်တွေ လူငယ်တွေ ပတ်ဝန်းကျင် အဖြစ်များတာကြောင့် ဆင်ခြင်သတိရှိသွားတဲ့အခါ မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုတွေ မရှိတော့ဘဲ ကလေးစွန့်ပစ်ရတဲ့ အဖြစ်ကို မရောက်တော့ဘူးလို့ယူဆပါတယ်” ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၅

**မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့များနှင့် အကြံပေးပညာရှင်များပါဝင်သည့် ရွေးကောက်ပွဲကော်မရှင်ကို ဂီတအလွှာ ခြောက်လွှာမှ ကိုယ်စားလှယ် ၁၇ ဦးဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။**




မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။

ကော်မရှင်က ဂီတအစည်းအရုံး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစာအုပ်ကို အခြေခံ၍ အချိန်တိုအတွင်း တရားမျှတဆုံးဖြစ်စေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး ဂီတအစည်းအရုံး နာယကကြီးများနှင့် လက်ရှိ အမှုဆောင်အဖွဲ့များကို ဖိတ်ခေါ်၍ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဂီတအလွှာ ခြောက်လွှာ**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)အလုပ်အမှုဆောင်အသစ် ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ထပ်ဆင့်အကယ်ဒမီ ကြည်မင်းသိန်းက “မကြာခင် ၂၀၁၈ ခုနှစ်အတွက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ရဲ့အလုပ်အမှုဆောင်အသစ် ရွေးချယ်ပွဲရှိတယ်၊ ရွေးချယ်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင် ပုံမှန်အစည်းအဝေး (၇/၂၀၁၇) ကော်မရှင်က ပုံမှန်လုပ်နေတဲ့အစည်းအဝေးပါ၊ အခုလက်ရှိအမှုဆောင်က ၂၀၁၃ ခုနှစ်က တင်မြှောက်ထားတဲ့ ဥက္ကဋ္ဌ ဦးတင်ဦးလေး ဦးဆောင်တဲ့ အလုပ်အမှုဆောင်အဖွဲ့က ၂၀၁၇ စက်တင်ဘာလလယ်မှာ သက်တမ်းပြည့်သွားတယ်၊ ၂၀၁၈ အတွက် နောက်အလုပ်အမှုဆောင်သစ်ဖွဲ့ဖို့ ဂီတအစည်းအရုံးက နာယကကြီးတွေ လက်ရှိအမှုဆောင်အဖွဲ့ ဂီတ အကြံပေးပညာရှင်အဖွဲ့ အဲဒီ သုံးဖွဲ့ပေါင်းပြီး နိုဝင်ဘာ ၇ ရက်က ကြီးကြပ်ဖို့ ကော်မရှင် ဖွဲ့ပေးလိုက်တယ်၊ ဖွဲ့ပေးတာလည်း မျှမျှတတပါပဲ၊ ဂီတအစည်းအရုံးမှာ ဂီတအလွှာ ခြောက်လွှာရှိတယ်၊ ခြောက်လွှာက ကိုယ်စားလှယ် ၁၇ ဦးနဲ့ ရွေးကောက်ပွဲကော်မရှင်ဆိုပြီး ၇-၁၁-၂၀၁၇ ရက်နေ့မှာ စဖွဲ့တယ်။ စဖွဲ့တဲ့အဖွဲ့မှာ ကျွန်တော့်ကို ဥက္ကဋ္ဌအဖြစ် တာဝန် ပေးလိုက်ပါတယ်၊ ၇ ရက်နေ့ကစပြီး ကော်မရှင်က ဆက်တိုက် အစည်းအဝေးလုပ်ပြီး အမျှတဆုံးနဲ့ ဂီတသမားစစ်စစ်တွေ တကယ်ပါဝင်တဲ့ အမှုဆောင်အသစ်ဖွဲ့ဖို့ ကြိုးစားပြီး လုပ်ကိုင်နေတာပါလို့ ပြောချင်ပါတယ်။

“လောလောဆယ် ကော်မရှင်က ကြေညာချက်တွေ ထုတ်ပေးနေပါပြီ၊ ရွေးကောက်ပွဲကို ဒီဇင်ဘာလ ၁၉၊ ၂၀၊ ၂၁၊ ၂၂ ရက် စုစုပေါင်းလေးရက်လုပ်မယ်၊ မလုပ်ခင် အမှုဆောင်အဖြစ် အဆိုပြုလိုတဲ့ ဂီတသမားတွေအားလုံးရဲ့အဆိုပြုလွှာတွေလည်း ကော်မရှင်မှာ ရောက်နေပါပြီ၊ မဟာဂီတအလွှာ၊ ကာလပေါ်အလွှာ၊ စတီရီယိုအလွှာ၊ လူငယ်တွေရဲ့ ခေတ်သစ်အလွှာ၊ ထုတ်လုပ်/ဖြန့်ချိအလွှာနဲ့ စက်မှုအလွှာ ခြောက်လွှာရဲ့ အမှုဆောင်လောင်းတွေရဲ့ စာရင်းတော့ ကော်မရှင်မှာ ရောက်နေပြီ၊ ဒီတစ်ရက် နှစ်ရက်အတွင်း ကြေညာပေးသွားမယ်၊ သက်ဆိုင်ရာ ကော်မရှင်ဝင်တွေ စိစစ်နေတယ်၊ ဒီနှစ် ကော်မရှင်အဖွဲ့က လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းနဲ့ အရင်တုန်းက သတ်မှတ်ချက်တွေတောင် ဖြေလျှော့ပေးခဲ့တယ်၊ ကော်မရှင်က ထုတ်ပြန်ထားတဲ့ အချက်တစ်ချက်ကိုတော့ ဂီတသမားတွေ သိအောင် ပြောချင်ပါတယ်။

**ဂီတသမား စစ်စစ်ဖြစ်ဖို့လို**

“ကော်မရှင်က ဖြေလျှော့ပေးထားတယ်ဆိုတဲ့ အချက်တစ်ချက် ဂီတလောကသားတွေ သိစေချင်ပါတယ်၊ အမှုဆောင်ဖြစ်ဖို့ အရင်တုန်းက သတ်မှတ်ချက်တွေကို အခုကော်မရှင်က ပြောင်းလိုက်တယ်၊ အချက်နှစ်ချက် ထုတ်ပြန်ထားတယ်၊ ပထမအချက်က မိမိကိုယ် မိမိ ဂီတသမားစစ်စစ်ဟု ခံယူထားပြီး အသက်မွေးဝမ်းကျောင်းအဆင့်အထိ လုပ်ကိုင်ခဲ့သူ၊ တစ်နည်းဆိုရင် ဂီတလောကမှာ ပရော်ဖက်ရှင်နယ် လုပ်ကိုင်တဲ့သူ၊ နောက်တစ်ချက်က မိမိရဲ့ကျော်စောဂုဏ်သတင်းကို အများက လက်ခံတဲ့ ဂီတသမားဖြစ်ရမယ်၊ အဲဒီ နှစ်ချက်နဲ့ပဲ ရွေးဖို့ ထုတ်ပြန်ထားတယ်၊ ဂီတ လှုပ်ရှားမှုမရှိပေမယ့် လွန်ခဲ့တဲ့ ၁၀ နှစ်၊ အနှစ် ၂၀ လှုပ်ရှားခဲ့တဲ့ သူတို့ရဲ့ ဂီတနဲ့ပတ်သက်ပြီး မှတ်တမ်းတွေ၊ ကိုယ်ရေး အတ္ထုပ္ပတ္တိကောင်းတယ်ဆိုရင် အမှုဆောင်အဖြစ်ဝင်အရွေးခံပေးပါလို့ ကြိုဆိုပါတယ်လို့ ပြောထားပါတယ်၊ အမှုဆောင်တွေထဲမှာ ဂီတအတွက် တကယ်လုပ်နိုင်မယ်၊ ဂီတသမားစစ်စစ်ဖြစ်ဖို့လိုပါတယ်၊ အခု ၂၀၁၈ မှာဖွဲ့မယ့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ရဲ့သက်တမ်းကို သုံးနှစ်နဲ့ အမှုဆောင်အင်အားကို အလွှာ ခြောက်လွှာက ၄၄ ဦးနဲ့ သတ်မှတ်ထားတယ်၊ ၄၄ ဦးနဲ့ အမှုဆောင်အဖွဲ့သစ်က ၁-၁-၂၀၁၈ ရက်နေ့မှာ အမှုဆောင်အဟောင်းက အမှုဆောင်အသစ်ကို ကော်မရှင်ရှေ့မှာ လွှဲပြောင်းပေးမယ်လို့ အကြမ်းဖျင်းစီစဉ်ထားတယ်။

“အမှုဆောင်အသစ်က ၂၀၁၈ ဇန်နဝါရီလ ၁ ရက်ကစပြီး သုံးနှစ် တာဝန်ယူရမယ်၊ အနုပညာနဲ့ပတ်သက်ရင် ဂီတအစည်းအရုံးက လှုပ်ရှားမှုတွေ နည်းတယ်၊ အခုအမှုဆောင် လုပ်မယ့် ၄၄ ဦးက ဂီတနဲ့ပတ်သက်ပြီး စေတနာဖြူဖြူနဲ့ အချိန်ပေးနိုင်ရမယ်၊ ကော်မရှင်အနေနဲ့ သုံးနှစ်တာအတွင်းမှာ ဂီတလောကသမားတွေနဲ့ လက်တွဲပြီး လုပ်မယ်လို့ ရည်ရွယ်ထားတယ်၊ အမှုဆောင်လောင်းတွေထဲမှာ နာမည်ရှိတဲ့၊ ပရိသတ်ရှိတဲ့၊ အမှုဆောင် တစ်ခါမှ မလုပ်ဖူးတဲ့သူတွေ ပါလာတာ တွေ့ရမယ်၊ ဂီတလောကအတွက် ဘယ်လောက်လုပ်ပေးနိုင်မယ့်သူတွေ ပါလာပြီလို့ မျှော်မှန်းတာပေါ့၊ ဒီဇင်ဘာ ၂၃ ရက်မှာ Myanmar Music Association (MMA) Page ကနေ အမှုဆောင်သစ်စာရင်းကို ကြေညာမယ်၊ ပြီးတော့ မီဒီယာတွေကို ခေါ်တွေ့ပြီး စာနယ်ဇင်းပွဲကို ချက်ချင်းလုပ်ပေးမယ်၊ ချက်ချင်းကြေညာပေးမယ်၊ ကော်မရှင် တစ်ဖွဲ့လုံးကိုယ်စား အမှုဆောင်သစ်တွေကို ကြိုဆိုပါတယ်၊ ဘယ်သူပဲရရ၊ ဂီတလောကကို တတ်နိုင်သလောက် ပံ့ပိုးပေးကြပြီး ဂီတလောကသားတွေအားလုံး ယုံကြည်မယ်၊ လောကသားတွေ ကောင်းဖို့နဲ့ ရှေ့ရေးအတွက် တတ်နိုင်သလောက် ကူညီလုပ်ပေးကြပါလို့ ကော်မရှင်တစ်ဖွဲ့လုံး ကိုယ်စား မေတ္တာရပ်ခံချင်ပါတယ်”ဟု ပြောသည်။

အစည်းအရုံးအဖွဲ့ ဝင်ခွင့်နှင့် အမှုဆောင် ကိုယ်စားလှယ်များအဖြစ် အဆိုပြုခြင်း၊ တင်သွင်းရမည့်နေ့ရက်များကို တိုးမြှင့်ပေးခြင်း၊ ၂၀၁၈ ခုနှစ် အလုပ်အမှုဆောင် အဖွဲ့သစ်မှ စတင်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ သက်တမ်းကို သုံးနှစ်သတ်မှတ်ခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အင်အားကို စုစုပေါင်း ၄၄ ဦးဖြင့်သာ ဖွဲ့စည်းရန် ဂီတလောကအကျိုးကို မျှော်ကိုး၍ ကော်မရှင်က သတ်မှတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဂီတလောကသားများအားလုံးကို အသိပေးကြေညာထားကြောင်း သိရသည်။

**တာဝန်တွေကို ကျေပွန်အောင် လုပ်စေချင်**

ကော်မရှင် ပြန်ကြားရေးတာဝန်ခံ တေးသံရှင် စိန်ဝင်းထွန်းက “ဂီတသမားတွေ၊ အနုပညာ ညီအစ်ကို မောင်နှမတွေ အားလုံးအတွက် အရွေးခံရတဲ့သူတွေကလည်း တာဝန်ကျေအောင် လုပ်စေချင်တယ်၊ အဆိုလွှာတင်တဲ့သူ အရွေးခံရလို့ရှိရင် ဂီတ အစည်းအရုံးရဲ့ တာဝန်တွေကို ကျေပွန်အောင် လုပ်စေချင်ပါတယ်၊ တစ်နိုင်ငံလုံးက ဂီတလောကသမားတွေအားလုံး အမှုဆောင်သစ်မှာ ပါဝင်စေချင်တယ်၊ ဂီတအစည်းအရုံး(ဗဟို) ဆိုတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ဂီတလောကသမားတွေ အားလုံး ပေါင်းပြီး ဂီတအကျိုးကို ကြိုးစားပြီးလုပ်မှ အောင်မြင်တိုးတက်မှာပါလို့ ပြောချင်ပါတယ်၊ ဂီတလူငယ် မျိုးဆက်သစ်တွေကို ကြိုးစားစေချင်တယ်၊ လွယ်လွယ်နဲ့တော့ မရနိုင်ဘူး၊ အားလုံးကြိုးစားပါ၊ တစ်နေ့တစ်ချိန်တော့ ကိုယ်ကြိုးစားသလို ပန်းတိုင်ကို ရောက်မှာပါ၊ အမှုဆောင်သစ်တွေက ဂီတသမား အစစ်အမှန်ဖြစ်ပြီး ဂီတလောကသမားအားလုံးရဲ့ ဆန္ဒနဲ့ ကိုက်ညီမယ့်သူတွေ ဖြစ်မှာပါ”ဟု ဆိုသည်။

အမှုဆောင်လောင်းအဖြစ် အဆိုပြုသူများသည် မဟာဂီတအလွှာအတွက် အနည်းဆုံး သီချင်း သုံးပုဒ်ဆိုခဲ့ တီးခဲ့သူ၊ မြန်မာ့အသံခာတ်ပြား သုံးချပ် ရခဲ့ဖူးသူ၊ တေးစီးရီးထုတ်လုပ်ခဲ့ဖူးသူ၊ မဟာဂီတကို အမှန်တကယ် တတ်ကျွမ်းသူလို့ အများက လက်ခံသူ၊ ဆို က ရေး တီး ပြိုင်ပွဲများတွင် မဟာဂီတဖြင့် ဆုရရှိခဲ့သူများ၊ ကာလပေါ် အလွှာအတွက် ကာလပေါ်တေးဂီတလောကတွင် အသက်မွေးဝမ်းကျောင်းအဆင့်အထိ လှုပ်ရှားလာခဲ့ပြီး အများက အသိအမှတ်ပြုခံရသော ကျော်စောသတင်းရရှိထားသူ ကာလပေါ် ရေး၊ ဆို၊ တီး ဂီတပညာရှင်များ၊ စတီရီယိုအလွှာနှင့် ခေတ်သစ်အလွှာတို့အတွက် အသက်မွေးဝမ်းကျောင်းအဆင့်အထိ လှုပ်ရှားခဲ့ပြီး အများက အသိအမှတ်ပြုခံရသော ကျော်စောသတင်းရရှိထားသူ၊ စတီရီယိုနှင့် ခေတ်သစ် အလွှာမှ ရေး၊ ဆို၊ တီး ပညာရှင်များ၊ ထုတ်လုပ်/ဖြန့်ချိအလွှာအတွက် တေးစီးရီးနှင့် ကာရာအိုကေအခွေများ ထုတ်လုပ်ခဲ့ဖူးသူ၊ ထင်ရှားသော တေးဂီတစင်တင်ပွဲများ စီစဉ်ခဲ့ဖူးသူများနှင့် စက်မှုအလွှာအတွက် အသံဖမ်းအင်ဂျင်နီယာများ၊ စင်တင်တေးဂီတပွဲများတွင် အသံပိုင်းနှင့် မီးပိုင်းဆိုင်ရာ တာဝန်ယူရသည့် အင်ဂျင်နီယာများ၊ ဗီဒီယိုနှင့် ရုပ်ရှင်ဇာတ်ကားများတွင် အသံပိုင်းဆိုင်ရာကို အသက်မွေးဝမ်းကျောင်း အဆင့်အထိ လုပ်ကိုင်နေကြသူများ ဖြစ်ရမည်ဟု ပြောသည်။

**အလွှာလိုက် သေချာစိစစ်**

ကော်မရှင်အတွင်းရေးမှူး ဦးဖိုးကလဲ (စတီရီယိုအလွှာ-အတီးပညာရှင်)က “အခု စောင်တင်တာ ပြီးသွားပြီ၊ အားလုံးပဲ စိစစ်ပြီးပါပြီ၊ အလွှာလိုက်တစ်ဦးချင်းစီ စိစစ်ထားပါတယ်၊ အမှားမဖြစ်အောင်လို့ပါ၊ အမှုဆောင်သစ်အနေနဲ့ ရွေးချယ်တာက လျာထားတာ ၄၄ ဦး လျာထားတယ်၊ ရွေးချယ်ပြီးရင် ဂီတအစည်းအရုံးအတွက် ဆက်လုပ်သွားရမယ်၊ ကော်မရှင်မှာ အလွှာ ခြောက်လွှာက ကိုယ်စားလှယ် ၁၇ ဦးက ကိုယ့်အလွှာနဲ့ကိုယ် တာဝန်ယူပြီးလုပ်တယ်၊ အလွှာလိုက် သေချာစိစစ်ပြီး စစ်ဆေးကြတယ်၊ ဆောင်ရွက်ချက်အပေါ် ကျေနပ်မှုရှိပါတယ်၊ နောက်တက်လာမယ့် အမှုဆောင်အသစ်အနေနဲ့ ဂီတလောကကြီး ကောင်းမွန် တိုးတက်လာအောင် လုပ်ဆောင်ကြပါလို့ ပြောချင်ပါတယ်”ဟု ပြောသည်။

အမှုဆောင်သစ်များအဖြစ် ဆန္ဒပြုရွေးချယ်ရန် မဟာဂီတအလွှာမှ အမှုဆောင်လောင်းကို ဒီဇင်ဘာလ ၁၉ ရက်နေ့၊ ကာလပေါ်အလွှာမှ အမှုဆောင်လောင်းကို ဒီဇင်ဘာလ ၂၀ ရက်နေ့၊ စတီရီယိုအလွှာနှင့် ခေတ်သစ်အလွှာမှ အမှုဆောင်လောင်းများကို ဒီဇင်ဘာလ ၂၁ ရက်နေ့နှင့် စက်မှုအလွှာနှင့် ထုတ်လုပ်/ဖြန့်ချိအလွှာမှ အမှုဆောင်လောင်းများကို ဒီဇင်ဘာလ ၂၂ ရက်နေ့တို့တွင် ဂီတလောကသားများက နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမ၌ လာရောက် ဆန္ဒမဲပေးကြရမည်ဖြစ် ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်**
**ဓာတ်ပုံ-ရဲထွဋ်**

---

*စာမျက်နှာ ၈ မှ*

အနာဂတ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ကလေးငယ်များကို ထိုသို့ အားနည်းချက်များနှင့် မကြီးပြင်းစေရေးအတွက် မွေးကင်းစကလေးငယ်စွန့်ပစ်မှု လျော့နည်းပပျောက်အောင် မလိုလားအပ်သည့် ကိုယ်ဝန်များမရအောင် မျိုးဆက်ပွားကျန်းမာရေးနှင့်ဆိုင်သည့် အသိပညာပေးလုပ်ငန်းများကို လူမှုအဖွဲ့အစည်းအသီးသီး အပါအဝင် နယ်ပယ်ကဏ္ဍစုံမှ အသိပညာပေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့ကလည်း “မိသားစုရင်ခွင်မှာ ရှင်သန်ခွင့်ပေးပါ” ဉာဏ်စမ်းပဟေဠိ အစီအစဉ်များနှင့် လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ပါဝင်ဆောင်ရွက်ခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ ပရဟိတအဖွဲ့၏ “နိဂုံးမဲ့ ပန်းကလေးများ၊ လိုအပ်နေသော မေတ္တာတရားနှင့် စာနာပေးပါ” ပြဇာတ်၊ အခရာအမျိုးသမီးအဖွဲ့၏ “လူငယ် လိင်မှုရေးရာနှင့် တန်ဖိုး”ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများကလည်း ကလေးသူငယ်စွန့်ပစ်မှု နှင့် သက်ငယ်မုဒိမ်းမှုများ လျော့နည်းပပျောက်ရန် အသိပညာပေး အစီအစဉ်များဖြစ်ခဲ့သည်။

အရက်သေစာ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ညစ်ညမ်းဗီဒီယိုများသည်လည်း သက်ငယ်မုဒိမ်းမှု ကျူးလွန်ရန်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီက ဖွင့်လှစ်ပြသခဲ့သည့် ပြခန်းကို တွေ့ရစဉ်။

အားပေးနေသည့် အချက်တစ်ချက်ဖြစ်ကြောင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နော်သဝါးက သုံးသပ်သည်။

သက်ငယ်မုဒိမ်းမှုများ များလာခြင်းနှင့် ပတ်သက်၍ “ သက်ငယ်မုဒိမ်းမှုတွေကို ဖြစ်လာရင် လူတွေက တိုင်ရမယ့်နေရာသိလို့ များလာတာလည်း ဖြစ်နိုင်ပါတယ်၊ ဒီကိစ္စကို ပြောမှ ကျူးလွန်သူကို အရေးယူလို့ ရမယ်ဆိုတဲ့ အသိပညာရှိလာတာလည်း ပါတယ်၊ အရင်ကတော့ ဒီလိုဖြစ်ရင် ဘယ်သူမှ မသိလေကောင်းလေဆိုပြီး မပြောဘဲနေခဲ့ကြတယ်၊ အခု ပွင့်လင်းလာတာနဲ့အမျှ ဒီလိုကိစ္စတွေက များလာတာလို့လည်း ထင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ သက်ငယ်မုဒိမ်း တိုင်ကြားမှုပေါင်း ၇၅၃ မှု ရှိခဲ့ပြီး အဖြစ်အများဆုံး အသက်အရွယ်မှာ အသက် ၁၄ နှစ်မှ ၁၆ နှစ် ဝန်းကျင်များဖြစ်ကြောင်း သိရသည်။ ကျူးလွန်သူအများစုသည် ငွေကြေးချမ်းသာသူ နည်းပါးပြီး ကျူးလွန်ခံရသည့် ကလေးငယ်၏ မိဘအုပ်ထိန်းသူများနှင့် သိကျွမ်းလေ့ရှိကြောင်း၊ ရင်းနှီးမှု ယုံကြည်စိတ်ချမှုကို လွယ်လွယ်ကူကူရယူ၍ ဘာမှမပြောနိုင်သည့် ကလေးငယ် (မိန်းကလေးငယ်)များကို သားကောင်အဖြစ် ပစ်မှတ်ထား ပြုကျင့်လေ့ရှိကြောင်း၊ အသိပညာဗဟုသုတနှင့် ဆင်ခြင်တုံတရား အားနည်းကြသူများဖြစ်ကြောင်း ဥပဒေအရာရှိတစ်ဦးက ဆိုသည်။

အခရာအမျိုးသမီးကွန်ရက်တည်ထောင်သူဒေါ်ထားထားက “ဒီလိုမလိုလားအပ်တဲ့ လိင်ပိုင်းဆိုင်ရာ ပြဿနာတွေ အထူးလျော့ကျဖို့က ခုခေတ်ကလေးငယ်တွေကို ဖုန်း၊ အင်တာနက်တွေ သုံးစွဲမှုကို ကန့်သတ်ထိန်းချုပ်ထားတဲ့ ပရိုဂရမ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချဖို့ လိုပါတယ်။ ကျောင်းမှာလည်း ကလေးတွေကို ရိုးရှင်းတဲ့ အခြေခံလိင်မှုပိုင်းပညာပေးတွေကို ထိထိရောက်ရောက် ပညာပေးစေချင်တယ်”ဟု ပြောသည်။

သက်ငယ်မုဒိမ်းမှု မကျူးလွန်မိစေရန်နှင့် ပတ်သက်၍ ဒေါ်နော်သဝါးက “လူသားတိုင်းမှာ လူဖြစ်ပြီဆိုကတည်းက သူ့တန်ဖိုးနဲ့သူ ရှိပါတယ်၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားဖို့ လိုသလို၊ သူများကိုလည်း တန်ဖိုးထားရပါမယ်၊ လူ့ဂုဏ်သိက္ခာ ရှိရှိ ရပ်တည်နေထိုင်ဖို့ ကိုယ်ချင်းစာတရား ထားဖို့လည်း လိုပါတယ်၊ စိတ်ဆန္ဒတွေကို ဦးနှောက်နဲ့ ထိန်းချုပ်လို့ အာရုံလွှဲလိုက်လို့ ရပါတယ်”ဟု ဆိုသည်။

ပြဟ္မစိုရ်တရားလေးပါး ထွန်းကားရာ မြန်မာနိုင်ငံတွင် ထိုကဲ့သို့ မွေးကင်းစကလေးစွန့်ပစ်မှုများနှင့် သက်ငယ်မုဒိမ်းမှုများ လျော့နည်းပပျောက်စေရေးအတွက် အရှက်အကြောက်တရားနှင့်အတူ ထိန်းသိမ်းရန် လိုအပ်လှပါကြောင်း- - - - ။

# ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများကြန့်ကြာမှုမဖြစ်ရေး ရေကြောင်းသတိပေးချက်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၅

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံးကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ကာ သဘာဝဓာတ်ငွေ့များကို ပြည်တွင်းအသုံးပြုရန် နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို TP 6 မှ ဖျာပုံမြို့နယ် ဒေါ်ငြိမ်းကျေးရွာကမ်းခြေအနီး၊ TP 15 အထိ Side Scan Sonar Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. MAJESTIC SEVEN ဖြင့် လည်းကောင်း၊ Free Span Correction ပြုပြင်ခြင်းလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. CREST HYDRA ဖြင့်လည်းကောင်း ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

Side Scan Sonar Survey လုပ်ငန်းများနှင့် Free Span Correction ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာ ဧရိယာများမှာ TP 6 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၀ မိနစ်၊ ၃၆ ဒသမ ၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၃ မိနစ်၊ ၉ ဒသမ ၃၀ စက္ကန့်၊ TP 7 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ်၊ ၂၄ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၁ မိနစ်၊ ၂၂ ဒသမ ၃၅ စက္ကန့်၊ TP 8 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ်၊ ၃၆ ဒသမ ၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၁ မိနစ်၊ ၃၆ ဒသမ ၂၂ စက္ကန့်၊ TP 9 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၁ မိနစ်၊ ၂၈ ဒသမ ၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ်၊ ၅၈ ဒသမ ၂၇ စက္ကန့်၊ TP 10 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၁ မိနစ်၊ ၃၁ ဒသမ ၈၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ်၊ ၁ ဒသမ ၈၆ စက္ကန့်၊ TP 11 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၈ မိနစ်၊ ၂၀ ဒသမ ၀၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂ မိနစ်၊ ၅၉ ဒသမ ၃၄ စက္ကန့်၊ TP 12 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၉ မိနစ်၊ ၃၁ ဒသမ ၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃ မိနစ်၊ ၂၂ ဒသမ ၃၇ စက္ကန့်၊ TP 13 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၆ မိနစ်၊ ၄၃ ဒသမ ၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂ မိနစ်၊ ၃ ဒသမ ၀၆ စက္ကန့်၊ TP 14 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၇ မိနစ်၊ ၁၄ ဒသမ ၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ်၊ ၅၀ ဒသမ ၃၅ စက္ကန့်နှင့် TP 15 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ်၊ ၂၇ ဒသမ ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ်၊ ၅၆ ဒသမ ၇၇ စက္ကန့် တို့အတွင်းတွင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား Side Scan Sonar Survey လုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV. MAJESTIC SEVEN ဖြင့် လည်းကောင်း၊ Free Span Correction ပြုပြင်ခြင်းလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. CREST HYDRA ဖြင့် လည်းကောင်း ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများရွေးရန် ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်

**သီပေါ ဒီဇင်ဘာ ၅** - ရှမ်းပြည်နယ် သီပေါမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုများ၌ အုပ်ချုပ်ရေးမှူးများ ရွေးချယ်နိုင်ရေးအတွက် မြို့နယ်တာဝန်ရှိသူများက ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးစီ ရွေးချယ်ခြင်းကို ဆောင်ရွက်လျက်ရှိရာ တောင်မြို့ရပ်ကွက်ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးရွေးချယ်ခြင်းကို ဒီဇင်ဘာ ၅ ရက်က ခန္တီရာမဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ရွေးချယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ရန် ကြီးကြပ်ရေးမှူး ငါးဦးကို ရွေးချယ်ပေးကြသည်။ အဆိုပါရွေးချယ်ပွဲကို သီပေါမြို့နယ်၌ ဒီဇင်ဘာ ၁၁ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## နိုင်ငံတော်သြဝါဒါစရိယ တောင်ဥက္ကလာပမြို့နယ် ငွေကြာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တရေဝတ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ငွေကြာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်နှင့် ဥက္ကလာပစေတီတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာပဏ္ဍိတ) သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါသည် ၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၁၅ ရက် ဒီဇင်ဘာ ၃ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်ကို ဒီဇင်ဘာ ၉ ရက် ညနေ ၃နာရီခွဲတွင် ရေဝေးသုသာန်၌ ပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**



ဘားအံမြို့နယ် တော်ပုံကျေးရွာ ဇွဲကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်တွင် တည်ဆောက်ဖွင့်လှစ်ထားသော ကေဘယ်ချဲကို အပျော်လာရောက်စီးနင်းနေသည့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဒီဇင်ဘာ ၅ ရက်က တွေ့ရစဉ်။ ထွန်းထွန်းထွေး

ရှေ့ဖုံးမှ

၃။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအနေဖြင့် မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ရာတွင် အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ရန်အတွက် အောက်ပါမူဝါဒ၊ လုပ်ငန်းစဉ်များအား ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) သိမ်းမြေများနှင့်စပ်လျဉ်း၍ မူဝါဒ(၅)ရပ်
(ခ) တပ်မြေသိမ်းဆည်းမှုများနှင့် ပတ်သက်၍ မူဝါဒ(၃)ရပ်
(ဂ) စွန့်လွှတ်မြေများ သက်ဆိုင်သူလက်ဝယ်အမြန်ဆုံးရောက်ရှိရေး လုပ်ငန်းစဉ်(၈)ရပ်
(ဃ) သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန် အချက်(၆)ချက်
(င) စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန် အချက်(၇)ချက်
(စ) စွန့်လွှတ်သည့်သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန် အချက်(၅)ချက်
(ဆ) ကော်မတီအဆင့်ဆင့်မှ အလေးထားဆောင်ရွက်ရန် အချက်(၁၅)ချက်
(ဇ) စွန့်လွှတ်မြေများ၊ သိမ်းဆည်းမြေများဆိုင်ရာ လမ်းညွှန်ချက်( ၈ )ရပ်

၄။ အထက်ပါ မူဝါဒ၊ လုပ်ငန်းစဉ်များအား ဥပဒေအသုံးအနှုန်းနှင့်အညီ ပိုမိုကျစ်လျစ်မှုရှိစေရန်နှင့် မြေကိစ္စများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် လုပ်ငန်းပိုမိုလျင်မြန်သွက်လက်စေရန်အတွက် ပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

၅။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ စတင်ဖွဲ့စည်းသည့် (၅/၂၀၁၆)မှ(၁၁/၂၀၁၇)အထိ တိုင်ကြားစာလက်ခံရရှိမှုနှင့် စိစစ်ဖြေရှင်းဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပေးပို့ထားသော တိုင်စာ | ဆောင်ရွက်ပြီး တိုင်စာ | ဆောင်ရွက်ဆဲ တိုင်စာ |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၃၂၄ | ၃၅ | ၂၈၉ |
| ၂ | ကချင်ပြည်နယ် | ၉၀ | ၁၆ | ၇၄ |
| ၃ | ကယားပြည်နယ် | ၉ | ၃ | ၆ |
| ၄ | ကရင်ပြည်နယ် | ၁၁၈ | ၂၇ | ၉၁ |
| ၅ | ချင်းပြည်နယ် | ၁၉၀ | ၃ | ၁၈၇ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၂၇ | ၁၆ | ၃၁၁ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၆၉ | ၃ | ၆၆ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၆၆၃ | ၆၀ | ၆၀၃ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၄၂ | ၉ | ၁၃၃ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၆၉၀ | ၁၆၈ | ၅၂၂ |
| ၁၁ | မွန်ပြည်နယ် | ၁၃၂ | ၃၇ | ၉၅ |
| ၁၂ | ရခိုင်ပြည်နယ် | ၂၂၉ | ၁၃ | ၂၁၆ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၁၈၂၃ | ၆၇ | ၁၇၅၆ |
| ၁၄ | ရှမ်းပြည်နယ် | ၄၁၈ | ၇၂ | ၃၄၆ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၅၁၁ | ၁၄ | ၄၉၇ |
| | စုစုပေါင်းအမှုတွဲ | ၅၇၃၅ | ၅၄၃ | ၅၁၉၂ |

၆။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသည် ယခင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီတွင် စိစစ်ရန်ကျန်ရှိနေသော မြေကိစ္စအမှုတွဲများအား ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး (၃/၂၀၁၆) မှ (၁၁/၂၀၁၇)အထိ ဆက်လက်စိစစ်ဖြေရှင်းဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ် | ၃/ ၂၀၁၆ အထိ စိစစ်ဖြေရှင်းရန် ကျန်ရှိသည့် အမှုတွဲစုစုပေါင်း | | | (၃/၂၀၁၆) မှ (၁၁/၂၀၁၇)အထိ စိစစ်ဖြေရှင်းသည့် တိုးတက်မှု အမှုတွဲစုစုပေါင်း | | | စိစစ်ဖြေရှင်းရန် ကျန်ရှိသည့် အမှုတွဲစုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | အစီရင်ခံစာ အပိုင်းပါ အမှုတွဲ | တိုက်ရိုက် တိုင်ကြားစာ အမှုတွဲ | စုစု ပေါင်း | အစီရင်ခံစာ အပိုင်းပါ အမှုတွဲ | တိုက်ရိုက် တိုင်ကြားစာ အမှုတွဲ | စုစု ပေါင်း | အစီရင်ခံစာ အပိုင်းပါ အမှုတွဲ | တိုက်ရိုက် တိုင်ကြားစာ အမှုတွဲ | စုစု ပေါင်း |
| ၁ | နေပြည်တော် | ၄၅၂ | ၅၉ | ၅၁၁ | ၄၁၁ | ၅၂ | ၄၆၃ | ၄၁ | ၇ | ၄၈ |
| ၂ | ကချင် | ၁၅ | ၁၄ | ၂၉ | ၁၃ | ၁၄ | ၂၇ | ၂ | ၀ | ၂ |
| ၃ | ကယား | ၁ | ၁ | ၂ | ၁ | - | ၁ | - | ၁ | ၁ |
| ၄ | ကရင် | ၄၂ | ၅၉ | ၁၀၁ | ၁၉ | ၄၀ | ၅၉ | ၂၃ | ၁၉ | ၄၂ |
| ၅ | ချင်း | ၅ | ၅ | ၁၀ | ၄ | ၄ | ၈ | ၁ | ၁ | ၂ |
| ၆ | စစ်ကိုင်း | ၂၂၂ | ၁၄၉ | ၃၇၁ | ၈၅ | ၇၉ | ၁၆၄ | ၁၃၇ | ၇၀ | ၂၀၇ |
| ၇ | တနင်္သာရီ | ၃၅ | ၃ | ၃၈ | ၃၂ | ၁ | ၃၃ | ၃ | ၂ | ၅ |
| ၈ | ပဲခူး | ၃၇၁ | ၁၃၄ | ၅၀၅ | ၁၇၆ | - | ၁၇၆ | ၁၉၅ | ၁၃၄ | ၃၂၉ |
| ၉ | မကွေး | ၃၅၆ | ၁၂၁ | ၄၇၇ | ၃၃၇ | ၇၂ | ၄၀၉ | ၁၉ | ၄၉ | ၆၈ |
| ၁၀ | မန္တလေး | ၈၂ | ၂၆၅ | ၃၄၇ | ၈၂ | ၂၆၂ | ၃၄၄ | - | ၃ | ၃ |
| ၁၁ | မွန် | ၁၇ | ၄၃ | ၆၀ | ၁၇ | ၄၀ | ၅၇ | - | ၃ | ၃ |
| ၁၂ | ရခိုင် | ၈၇ | ၅၈ | ၁၄၅ | ၄ | - | ၄ | ၈၃ | ၅၈ | ၁၄၁ |
| ၁၃ | ရန်ကုန် | ၂၂၆၁ | ၁၃၆၁ | ၃၆၂၂ | ၆၈ | ၅၈ | ၁၂၆ | ၂၁၉၃ | ၁၃၀၃ | ၃၄၉၆ |
| ၁၄ | ရှမ်း | ၁၅၁ | ၈၈ | ၂၃၉ | ၇၀ | - | ၇၀ | ၈၁ | ၈၈ | ၁၆၉ |
| ၁၅ | ဧရာဝတီ | ၂၅ | ၂၂၅ | ၂၅၀ | - | ၃၆ | ၃၆ | ၂၅ | ၁၈၉ | ၂၁၄ |
| | စုစုပေါင်း | ၄၁၂၂ | ၂၅၈၅ | ၆၇၀၇ | ၁၃၁၉ | ၆၅၈ | ၁၉၇၇ | ၂၈၀၃ | ၁၉၂၇ | ၄၇၃၀ |

၇။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသည် (၃/၂၀၁၆)မှ (၁၁/၂၀၁၇)အထိ တစ်နှစ်တာကာလအတွင်း စုစုပေါင်းတိုင်ကြားစာ ၂၀၇၅ မှုအား စိစစ်ဖြေရှင်းပေးခဲ့ပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ယခင်လက်ကျန်အမှုတွဲများအား ဆက်လက်စိစစ်ဖြေရှင်းပြီးစီးမှု**
(၁) ယခင်လက်ကျန်အမှုတွဲ ၆၇၀၇ မှု
(၂) ဆက်လက်ဖြေရှင်းပြီးစီးမှု ၁၉၇၇ မှု
(၃) စိစစ်ဆဲအမှု ၄၇၃၀ မှု

**(ခ) အသစ်ထပ်မံရောက်ရှိလာသော အမှုတွဲများအား စိစစ်ဖြေရှင်းပြီးစီးမှု**
(၁) ရောက်ရှိအမှုတွဲ ၅၇၃၅ မှု
(၂) ဖြေရှင်းပြီးစီးမှု ၅၄၃ မှု
(၃) စိစစ်ဆဲအမှု ၅၁၉၂ မှု

**(ဂ) စုစုပေါင်းစိစစ်ဖြေရှင်းပြီးစီးမှု**
(၁) စိစစ်ရမည့်အမှုပေါင်း ၁၂၄၄၂ မှု
(၂) ဖြေရှင်းပြီးစီးမှုပေါင်း ၂၅၂၀ မှု
(၃) စိစစ်ဆဲအမှု ၉၉၂၂ မှု


*ဆက်လက်ဖော်ပြပါမည်*

# စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက ကော့သောင်းမြို့နယ် အောင်ဘာကျေးရွာအုပ်စု အောင်ဇဗ္ဗူကျေးရွာနေ မင်းရှိန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀ နှင့် ငွေကျပ် ခုနစ်သိန်းခြောက်သောင်းတို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ အထက်ရေပုန်းရပ်ကွက် ဘုံပျံလမ်းနေ ညွှန့်ဝင်း(ခ) မောင်ညွှန့်၏နေအိမ်ကိုရှာဖွေရာ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၂ ပြားကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်း ဟိုပိတ်ကျေးရွာအနီးတွင် တင်ဌေးမောင်းနှင်ပြီး မာနော် လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်း နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီး၌ ထွယ်အောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်



ဆေးပြား ၂၂၄၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ဘဏ်မှ ငွေထုတ်၍ ပြန်လာသူထံမှ ငွေထုပ် လုယက်သူအား အချိန်ပိုင်းအတွင်း ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ကမ္ဘောဇဘဏ်မှ ငွေထုတ်၍ပြန်လာသော အမျိုးသမီးထံမှ ပိုက်ဆံထုပ် လုယူထွက်ပြေးသူအား အချိန်ပိုင်းအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဒက္ခိဏသီရိမြို့နယ် သံလွင်အိမ်ရာ ၁ ရွှေသစ္စာလမ်း ဒက္ခိဏသီရိရပ်ကွက်နေထိုင်သူ မခင်ရတနာစိုး (၂၄နှစ်)သည် လယ်ဝေးမြို့ ကမ္ဘောဇဘဏ်မှ ငွေသွားထုတ်ယူပြီး ၎င်း၏ဆိုင်ကယ် ဝဲဘက်တွင် ပိုက်ဆံထုပ်အားချိတ်၍ ဘဏ်မှပြန်လာခဲ့ရာ ဒက္ခိဏသီရိဈေးအနီး မိုးသောက်ပန်းလမ်းမှ သီရိမာလာလမ်းအရောက် သူရိယလမ်းသို့ ချိုးကွေ့စဉ် နောက်မှ ဆိုင်ကယ်ဖြင့် လိုက်လာသူ အမျိုးသားတစ်ဦးက ပိုက်ဆံထည့်ထားသောအိတ်အား ဆွဲဖြတ်လုယူသွားပြီး မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ သို့ဖြစ်၍ အနားရှိ ပတ်ဝန်းကျင်မှ လူများအား အော်ဟစ်အကူအညီတောင်းပြီး လိုက်လံဖမ်းဆီးရာ လုယူသွားသူမှာ ဆိုင်ကယ်တိမ်းမှောက်သွားခဲ့ပြီး အိတ်အားလွှင့်ပစ်၍ အတွင်းမှ ပိုက်ဆံများယူကာ ထွက်ပြေးသွားခဲ့သဖြင့် ရဲစခန်းသို့ ဖုန်းဆက် အကူအညီ တောင်းခဲ့သည်။ ထို့နောက် ဒက္ခိဏသီရိ မြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ချစ်မင်းဦးနှင့်အဖွဲ့ ရောက်ရှိလာကာ ပိုက်ဆံအိတ်လုယူ ထွက်ပြေးသည့် လမ်းအတိုင်း လိုက်လံရှာဖွေစဉ် အဆိုပါ လုယက်သူ သူရလွင်(ခ)ချဲလင်း(၂၄နှစ်) ဆေးသုတ်လုပ်သား၊ သဲကောလေးကျေးရွာ သဲကောကြီးအုပ်စု လယ်ဝေးမြို့နယ် နေသူအား လက်ရဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# သယ်န်းညီနောင်ရှိ နေအိမ်တစ်အိမ်မှ လေယာဉ်ပစ်ကျည်ဆန်များ သိမ်းဆည်းရမိ

**သယ်န်းညီနောင် ဒီဇင်ဘာ ၅**

သယ်န်းညီနောင် နယ်မြေရဲစခန်းအပိုင် ရွာသစ်ကျေးရွာရှိ နေအိမ်တစ်အိမ်တွင် လေယာဉ်ပစ်ကျည်ဆန်များ သိမ်းဆည်းရမိခဲ့ကြောင်း ယင်း နယ်မြေရဲစခန်းမှ သိရသည်။



ဖြစ်စဉ်မှာ သယ်န်းညီနောင် ရွာသစ်ကျေးရွာကွက်သစ်ရှိ နေအိမ်တစ်အိမ်တွင် လက်နက်ခဲယမ်းများ စုဆောင်းထားရှိကြောင်း သတင်းအရ သယ်န်းညီနောင် နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် သက်နိုင်စိုး၊ ရဲတပ်ကြပ် အေးသူရကျော်၊ ရာအိမ်မှူး ဦးမောင်ဦး၊ ရပ်မိရပ်ဖ ဦးကျော်မင်းစိုး၊ လူမှုကူညီရေးအသင်းမှ ဦးစိုးမိုးဌေးတို့နှင့်အတူ ဒီဇင်ဘာ ၄ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ်၌ ပလတ်စတစ်ပုံးဖြင့်ထည့်လျက် သံပုံး တစ်ပုံးလျှင် အရှည် ခြောက်လက်မခန့်ရှိ ၁၂ ဒသမ ၇ မီလီမီတာရှိ လေယာဉ်ပစ် ကျည် ၈၅ တောင့်ပါ သံပုံး ငါးပုံးပါ ပလတ်စတစ်ပုံးနှစ်ပုံး၊ လက်ဆွဲခြင်းအတွင်းမှ သံပုံးနှစ်ပုံး စုစုပေါင်း သံပုံး ၁၂ ပုံး၊ လေယာဉ်ပစ်ကျည် စုစုပေါင်း ၁၀၂၀ တောင့်တို့အား ရှာဖွေတွေ့ရှိခဲ့သဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းခဲ့ပြီး နေအိမ်ပိုင်ရှင်အား မတွေ့ရ၍ စုံစမ်းရာ အိမ်ပိုင်ရှင်မှာ မြစ်ကြီးနားမြို့နေ ကိုစံလင်း(ခ)ကိုဂျွန်နှင့် ဇနီး ဒေါ်ခါးဘုတို့ ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ လေယာဉ်ပစ်ကျည်ဆန်များအား နေအိမ်တွင် စုဆောင်းထားရှိပြီး ထွက်ပြေး တိမ်းရှောင်နေသူ ကိုစံလင်း(ခ)ကိုဂျွန်နှင့် ဇနီး ဒေါ်ခါးဘုတို့အား သယ်န်းညီနောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရ သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မူဆယ်သွားမည့် ယာဉ်ပေါ်မှ ပိတောက်ခွဲစားရွေတုံးများနှင့် အမဲသားခြောက်များ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမ ကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၆ စီး ၊ သွင်းကုန် အစီး ၉၇၀ ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် အစီး ၁၄၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၆ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂ ဒသမ ၃၆၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၇၂၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၈ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆ ဒသမ ၀၉၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၄ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် Toyota MarkII ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ် တစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းနှင့် ယာဉ်ပေါ်၌ အမဲသားခြောက်အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲစားရွေသစ် ၈၃ တုံး ( ၁ ဒသမ ၄၅၇၆ တန် )နှင့် အမဲသားခြောက် ပိဿာ ၁၂၀၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉ ဒသမ ၈၇၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# သစ်ကားတစ်စီး ချောက်အတွင်းထိုးကျ တိမ်းမှောက် အမျိုးသမီးတစ်ဦး သေဆုံး၊ ယာဉ်မောင်းထွက်ပြေး

**မကွေး ဒီဇင်ဘာ ၅**

မကွေးမြို့နယ် ဒေါင်းနေတံတားအနီး၌ ဒီဇင်ဘာ ၅ ရက်က သစ်ကားတစ်စီး တိမ်းမှောက်ခဲ့၍ လူတစ်ဦး သေဆုံးကာ ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က ဒေါင်းနေ တံတားအနီး ယာဉ်တစ်စီးတိမ်းမှောက်နေကြောင်းသတင်းအရ ဒေါင်းနေရဲကင်းမှူး ဒုရဲအုပ်ကျော်သက် သွားရောက် စစ်ဆေးခဲ့ရာ နံနက် ၅ နာရီခွဲက မကွေး-ရေနံချောင်း ကားလမ်း ဒေါင်းနေတံတား ကုန်းအဆင်း မိုင်တိုင်အမှတ် ၃၄၅/၂ အနီးတွင် ရေနံချောင်းဘက်မှ မကွေးဘက်သို့ မောင်းနှင်လာသော ၁၂ ဘီးယာဉ် 4N/ ----- သည် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်ဘေးရှိ ဆက်သွယ်ရေးတိုင်အား ဝင်ရောက်တိုက်မိပြီး လမ်းဘေး ပေ ၃၀ ခန့် ချောက်အတွင်းသို့ ထိုးကျသွားခဲ့ကြောင်း၊ ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးသည် ကားခေါင်းအတွင်းမှ ထွက်ကျပြီး ဆက်သွယ်ရေးတိုင်ပိ၍ သေဆုံးနေသည်ကိုတွေ့ရှိရသည့်အပြင် ယာဉ်ပေါ်တွင် ပိတောက်သား ၅၅ တုံးအား စပါးခွံဖွဲ့အိတ်များဖြင့် ဖုံးအုပ်သယ်လာသည်ကို တွေ့ရှိခဲ့သဖြင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် ဆက်သွယ်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။

**ကျော်ဇေယျ**



# ရထားသံလမ်းကူးတံခါးကို ဝင်တိုက်မိရာမှ နှစ်ဦးသေဆုံး

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးမြို့ မြို့မရဲစခန်းအပိုင် ကလိကျေးရွာ ရထားသံလမ်း ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၅၂/၆)နှင့်(၅၂/၇)ကြားတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၃ နာရီ ခန့်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရားကြီးဘက်မှ ပဲခူးမြို့ဘက်သို့ ယာဉ်မောင်း ချစ်ကို(၂၆နှစ်) ပျဉ်ထောင်ကွင်းကျေးရွာ ဒိုက်ဦးမြို့နယ်နေသူ မောင်းနှင်ပြီး နောက်တွင် ကိုဝေ(၁၉နှစ်)နှင့် အောင်သီဟ(၁၆နှစ်) ပျဉ်ထောင်ကွင်းကျေးရွာ ဒိုက်ဦးမြို့နယ်နေသူတို့ လိုက်ပါလာသည့် နံပါတ်မပါ HONDA WAVE 100 အမျိုးအစား လိုင်စင်စိစစ်ဆဲ ဆိုင်ကယ်မှာ အရှိန်ပြင်းစွာမောင်းနှင်ပြီး ရထားသံလမ်းကူး အဖွင့်၊ အပိတ်တံခါးအား ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်း ချစ်ကိုနှင့် ကိုဝေမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ အောင်သီဟမှာ ပဲခူးပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ပဲခူးမြို့မရဲစခန်းမှ ယာဉ်အား မဆင်မခြင်မောင်းနှင်သူချစ်ကိုအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**


# မြဝတီ-ကော့ကရိတ် အာရှလမ်းမတွင် ယာဉ်နှစ်စီးတိုက် ယာဉ်မောင်း အပါအဝင် ၁၈ ဦး ဒဏ်ရာရ

**ကော့ကရိတ် ဒီဇင်ဘာ ၅**

မြဝတီ-ကော့ကရိတ်သွားအာရှလမ်းမကြီးပေါ်တွင် ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲခန့်က ကုန်တင်ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားရာ ၁၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ ယာဉ်မောင်းဝေလင်း(၃၇နှစ်) မောင်းနှင်လာသည့် ၁၂ဘီး ကုန်တင်ယာဉ်သည် ကော့ကရိတ်-မြဝတီလမ်း ၁၅၄ ကီလိုမီတာနှင့် ၁၅၅ ကီလိုမီတာကြားအရောက်တွင် ကားဘရိတ်ပေါက်ကာ ကော့ကရိတ်မြို့ဘက်မှ မြဝတီမြို့ဘက်သို့ ယာဉ်မောင်းအောင်မင်းသိန်း(၃၉နှစ်) မောင်းနှင်လာသည့် စွမ်းအားသစ်ဇာတ်သဘင် စက်ပစ္စည်းများနှင့် လူများတင်ဆောင်လာသော ခြောက်ဘီးယာဉ်အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းများအပါအဝင် ခြောက်ဘီးယာဉ်ပေါ်ပါ ဇာတ်အဖွဲ့သား ၁၈ ဦးမှာ ဒဏ်ရာများရရှိပြီး ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**




# အကြမ်းဖက်တိုက်ခိုက်မှုများကို တားဆီးနှိမ်နင်းသင့်ကြောင်း ပါကစ္စတန်ကို အမေရိကန်တိုက်တွန်း

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၅**

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က ပါကစ္စတန်ကို အာဖဂန်နစ္စတန်နယ်စပ်တစ်ဝိုက် ဖြစ်ပွားနေသော အကြမ်းဖက် ဆူပူတိုက်ခိုက်မှုများကို တားဆီးနှိမ်နင်းရန် အားသွန်ခွန်စိုက် လုပ်ဆောင်သင့်သည်ဟု တိုက်တွန်းလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၅ ရက်ကဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီးရာထူး လက်ခံရယူပြီးနောက် ပထမဆုံးခရီးစဉ်အဖြစ် မက်တစ်သည် ပါကစ္စတန်သို့ ယမန်နေ့က သွားရောက်ခဲ့ပြီး ဝန်ကြီးချုပ် ရှာဟစ်ခါဂန် အက်ဘာစီနှင့် အရာရှိများနှင့် တွေ့ဆုံခဲ့သည်။

အာဖဂန်နစ္စတန် တည်ငြိမ်ရေးအတွက် ပါကစ္စတန်အနေဖြင့် မည်မျှ အရေးပါကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်တစ်က တိုက်တွန်း ပြောကြားခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်၏ ဖော်ပြချက်တွင် မက်တစ်က ပါကစ္စတန်အနေဖြင့် နိုင်ငံအတွင်း အကြမ်းဖက်နှိမ်နင်းမှု လုပ်ဆောင်ချက်များကို အရှိန်မြှင့်တင်လုပ်ဆောင်သင့်ကြောင်း ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အခြေစိုက်နေထိုင်လျက်ရှိသော တာလီဘန်နှင့် ၎င်း၏အပေါင်းအဖော်များဖြစ်သော ဟက်ဂါနီကွန်ရက်ကို ရည်ညွှန်းလျက် ဖော်ပြ ပြောဆိုခဲ့သည်။

ယခုနှစ်တွင် ချမှတ်ခဲ့သော အာဖဂန်နည်းဗျူဟာသစ်အရ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အာဖဂန်နစ္စတန်တွင် တပ်ဖွဲ့ဝင်များ ပိုမိုဖြန့်ကြက်ချထားမည်ဖြစ်သလို တာလီဘန်တို့ကို ဦးတည်သည့် လေကြောင်း တိုက်ခိုက်မှုများကိုလည်း ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ထရန့်၏ ဂျာမန်နိုင်ငံခြားရေးမူဝါဒ အခြားခေါင်းဆောင်များထက် စိန်ခေါ်မှု ပိုမိုကြီးမား

**ဘာလင် ဒီဇင်ဘာ ၅**

ဂျာမန်နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယား၊ ရုရှားနှင့် တူရကီနိုင်ငံတို့၏ စေတလုံးပိုင် ခေါင်းဆောင်များထက် ပို၍စိန်ခေါ်မှုကြီးမားသည်ဟု ဂျာမန်တို့က ရှုမြင်ကြောင်း ကော်ဘားဖောင်ဒေးရှင်းက ကောက်ယူသော လေ့လာမှုစစ်တမ်းများအရ သိရသည်။

ဒုက္ခသည်များအရေးကို ရှေ့တန်းတင်ထားသော ဂျာမနီနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ဂျာမနီနိုင်ငံ၏ လုပ်နိုင်စွမ်းအပေါ် ၂၆ ရာခိုင်နှုန်းသော ပြည်သူများက စိုးရိမ်မကင်း ဖြစ်ခဲ့ကြသည်။

ဒုတိယ စိုးရိမ်မကင်း ဖြစ်ခဲ့သည့်ကိစ္စမှာ အမေရိကန် သမ္မတ ထရန့်နှင့် အမေရိကန်ပြည်ထောင်စုနှင့် ပတ်သက်သော နိုင်ငံခြားရေးမူဝါဒ ဖြစ်ကြောင်း သိရသည်။

ဂျာမနီပြည်သူ ၁၉ ရာခိုင်နှုန်းက ဖော်ပြပါအရေးကို အဓိကစိန်ခေါ်မှုကြီးတစ်ခုအဖြစ် ဖော်ပြခဲ့ကြသည်။

နောက်ထပ် ၁၇ ရာခိုင်နှုန်းဖြင့် တတိယနေရာကလိုက်သည့် စိုးရိမ်မကင်းဖြစ်သည့်နိုင်ငံမှာ တူရကီနိုင်ငံ ဖြစ်ကာ မြောက်ကိုရီးယားနိုင်ငံက ၁၀ ရာခိုင်နှုန်းရှိပြီး ရုရှားက ၈ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ဇန်နဝါရီလက အိမ်ဖြူတော်သို့ ရောက်ရုံသာရှိသေးသော ထရန့်သည် ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်မှနုတ်ထွက်ပြီး ဂျာမနီကို ဖရိုဖရဲ ဖြစ်စေခဲ့သည်။

ထို့အပြင် ၎င်းသည် အီရန်နျူကလီးယားသဘောတူညီချက်အပေါ်လည်းငြင်းပယ်ခဲ့သလို ဂျာမနီ၏ကုန်သွယ်ရေး ပိုလျှံမှုနှင့် နေတိုးမဟာမိတ်များအပေါ် ကူညီထောက်ပံ့မှုများအပေါ်လည်း ဝေဖန်ခဲ့သည်။

ထရန့်၏လုပ်ဆောင်ချက်များသည် ဂျာမနီအပေါ် သတိထားမိစေသောကြောင့် ယခုနှစ်အစောပိုင်းတွင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က နောင်အနာဂတ်တွင် ဂျာမနီနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံအပေါ် မှီခိုမှုပြုတော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ဥရောပကိုလည်း ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရန်သာလိုတော့ကြောင်း သတိပေးတိုက်တွန်းခဲ့သည်။

ဂျာမန်လူမျိုး ၁၀၀၅ ဦးကို အောက်တိုဘာလက စစ်တမ်းကောက်ကြည့်ရာတွင် ၎င်းတို့က အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးသည် အလွန်ဆိုးရွားကြောင်း ဖော်ပြခဲ့ကြသည်။

**ရိုက်တာ**



# ဗြိတိန် ခွဲထွက်ရေး ဆွေးနွေးပွဲများ ပျက်ပြယ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်မေ မြောက်အိုင်ယာလန်ပါတီသို့ စကားပြောဆိုသွားမည်



**ဘရပ်ဆဲလ် ဒီဇင်ဘာ ၅**

ဗြိတိန်ခွဲထွက်ရေးနှင့်ပတ်သက်၍ ဥရောပသမဂ္ဂနှင့် အစမ်းသဘောဆွေးနွေးမှု ပျက်ပြယ်သွားပြီးနောက်တွင် ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေနှင့် အခြားဗြိတိန် အာဏာပိုင်များသည် မြောက်အိုင်ယာလန် ဒီမိုကရက်တစ်ပြည်ထောင်စုပါတီ(DUP)သို့ စကားပြောဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်မေ၏အဖွဲ့မှ အာဏာပိုင်တစ်ဦးက ဗြိတိန်ခေါင်းဆောင်သည် ဥရောပသမဂ္ဂမှဗြိတိန်ခွဲထွက်ပြီးနောက်တွင် အနာဂတ်ကုန်သွယ်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများ ပြုလုပ်သွားရန်အတွက် လမ်းကြောင်းဖွင့်ပေးနိုင်မည့် သဘောတူညီချက်တစ်ရပ်ကို ထိန်းသိမ်းထားနိုင်ရေးအတွက် ကြိုးပမ်းသည့်အနေဖြင့် ဗုဒ္ဓဟူးနေ့တွင် စောနိုင်သမျှစောအောင် ဘရပ်ဆဲလ်သို့ ပြန်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ**

# အင်ဒိုနီးရှားတွင် ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက် ရေကြီးမြေပြိုမှုများကြောင့် ၄၁ ဦး သေဆုံး လူထောင်ပေါင်းများစွာကို ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရ

**ဂျကာတာ ဒီဇင်ဘာ ၅**

အိန္ဒိယသမုဒ္ဒရာတွင် ပြီးခဲ့သည့်ရက်သတ္တပတ်က ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း အင်ဒိုနီးရှားသို့ဝင်ရောက်ခဲ့မှုကြောင့် မြေပြိုမှုများနှင့် ရေကြီးမှုများဖြစ်ပွားခဲ့ပြီး လူ ၄၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

လူ၁၃ဦးထိခိုက်ဒဏ်ရာရရှိပြီး လူထောင်ပေါင်းများစွာကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ရသည်ဟု သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီမှ အာဏာပိုင်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်စနေနေ့က ဖော်ပြချက်တွင် သေဆုံးသူအရေအတွက်မှာ ၂၀ ဖြစ်ပြီး ငါးဦးပျောက်ဆုံးခဲ့ကာ ယခုအခါ လေးဆယ်ကျော်အထိ မြင့်တက်လာခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင် ၆၅ ကီလိုမီတာအမြန်နှုန်းဖြင့် အရှေ့ဂျာဗားပြည်နယ် တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းမှ ၃၂ ကီလိုမီတာအကွာကို ဖြတ်ကျော်ဝင်ရောက်ခဲ့ရာ အရှေ့ဂျာဗားပြည်နယ်ရှိဒေသ ၂၈ ခုတို့တွင် မြေပြိုမှုများ၊ ရေကြီးမှုများနှင့် လေပြင်းတိုက်ခတ်မှုများကို ဖြစ်ပွားစေခဲ့သည်ဟု သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီက ဖော်ပြသည်။

ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၂၈၁၉၀ တို့ နေအိမ်များမှစွန့်ခွာထွက်ပြေးခဲ့ကြရပြီး ဘေးကင်းရာအဆောက်အအုံများတွင် ခိုလှုံနေထိုင်ခဲ့ရသည်။ မုန်တိုင်းကြောင့် အိမ်ခြေ ၄၈၈၈ လုံးထိခိုက်ပျက်စီးခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီမှ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်က ဂျေရုဆလင်ကို အစ္စရေး၏မြို့တော်အဖြစ်သတ်မှတ်လျှင် နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာမည်ဟု ဆော်ဒီ သတိပေး

**ရီယာ့ဒ် ဒီဇင်ဘာ ၅**

ဆော်ဒီအာရေဗျနိုင်ငံသည် အမေရိကန်က ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်လိမ့်မည်မဟုတ်ဟု မျှော်လင့်ထားကြောင်း ၎င်း၏သဘောထားကိုဖော်ပြခဲ့ပြီး ထိုကဲ့သို့သတ်မှတ်ခဲ့လျှင် ယင်းဆုံးဖြတ်ချက်သည် ပြင်းထန်သည့်နောက်ဆက်တွဲပြဿနာများကို ပေါ်ပေါက်လာစေလိမ့်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ SPA က အင်္ဂါနေ့တွင် သတင်းဖော်ပြခဲ့သည်။

ဂျေရုဆလင်အား အစ္စရေးမြို့တော်အဖြစ် မှတ်ယူလိုက်ပါက ဖြစ်ပေါ်လာမည့်အကျိုးဆက်များသည်



အစ္စလာမ်ဘာသာဝင်များအားလုံး၏ စိတ်ခံစားချက်ကို နှိုးဆွလိုက်သကဲ့သို့ဖြစ်လာနိုင်ကြောင်း SPA က ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဏာပိုင်တစ်ဦး၏ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

အမေရိကန်အစိုးရအဖွဲ့သည် ထိုသို့သတ်မှတ်လိုက်လျှင် ဖြစ်ပေါ်လာနိုင်မည့် မကောင်းသော အကျိုးဆက်များကို ထည့်သွင်းစဉ်းစားလျက်ရှိသည်။ ထို့ပြင် ဆော်ဒီက ယင်းဆုံးဖြတ်ချက်သည် ပါလက်စတိုင်းအရေးအတွက် အဖြေရှာဖွေနိုင်ရန် ကြိုးပမ်းရာတွင် အမေရိကန်၏စွမ်းဆောင်နိုင်မှုကို ထိခိုက်လာစေလိမ့်မည်ဟု ဖော်ပြထားသည်။

ပြီးခဲ့သည့်တနင်္လာနေ့တွင် ဆော်ဒီအာရေဗျသံအမတ် မင်းသားခါလစ်ဘင်ဆယ်လ်မန်က အပြီးသတ်သဘောတူညီမှုများ မရရှိသေးမီအချိန်တွင် ဂျေရုဆလင်ကို အမေရိကန်က အစ္စရေးမြို့တော်အဖြစ်ကြေညာခြင်းသည် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကို ပိုမိုဆိုးရွားလာစေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်များပျက်ပြားကာ ဒေသတွင်းတင်းမာမှုများကို ပိုမိုပြင်းထန်လာစေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆော်ဒီဘုရင့်နိုင်ငံတော်၏ မူဝါဒသည် ပါလက်စတိုင်းပြည်သူများကို အားပေးထောက်ခံမြဲထောက်ခံနေကြောင်းနှင့် ယင်းထောက်ခံမှုသည် အမေရိကန်အစိုးရအဖွဲ့နှင့်လည်း ဆက်စပ်နေကြောင်း မင်းသားခါလစ်က ပြောကြားခဲ့ကြောင်း သိရသည်။ **ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဟောင်ကောင်၌ ဒီမိုကရေစီထောက်ခံသည့် ဆန္ဒပြစုဝေးမှုပြုလုပ်

**ဟောင်ကောင် ဒီဇင်ဘာ ၅**
ဒီမိုကရေစီကိုထောက်ခံသည့် ပြည်သူများသည် ဟောင်ကောင်ရှိလမ်းများပေါ်တွင် တနင်္ဂနွေနေ့က စုဝေးချီတက်ကာ ဆန္ဒပြခဲ့ကြကြောင်းသိရသည်။ စုဝေးချီတက်မှုအတွင်း လူ ၂၀၀၀ ခန့်ပါဝင်ခဲ့ကြသည်။

လူထုစုဝေးချီတက်မှုကို စီစဉ်ခဲ့ကြသူများတွင် ဂျိုရှုအာဝေါင်နှင့် နာသန်လောတို့ပါဝင်ပြီး ၎င်းတို့သည် ၂၀၁၄ ခုနှစ် Umbrella လှုပ်ရှားမှုကို ဦးဆောင်ခဲ့ကြသူများဖြစ်သည်။ ဝေါင်နှင့်လောတို့သည် တရားမဝင်စီတန်းလှည့်လည်မှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိရပြီး ၎င်းတို့ကို ဖမ်းဆီးထောင်ချခဲ့သည်။

သို့သော်လည်း ၎င်းတို့သည် ဟောင်ကောင်ရှိ အမြင့်ဆုံးတရားရုံးတွင် အယူခံဝင် လျှောက်လဲခဲ့ပြီးနောက် အောက်တိုဘာလအတွင်းက ပြန်လည်လွတ်မြောက်လာခဲ့သည်။ စုဝေးချီတက်မှုမတိုင်မီတွင် ဝေါင်က ၎င်းတို့သည် မည်မျှပင် ဖမ်းဆီးထိန်းသိမ်းခံရပြီး မည်သို့ဖိအားပေးခံရသော်လည်း ဆက်လက်တိုက်ပွဲဝင်နေမည်ဖြစ်ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဆန္ဒပြသူများသည် လမ်းမကြီးများပေါ်တွင်စုဝေးခဲ့ကြပြီး နိုင်ငံရေးအကျဉ်းသားများကို ထောက်ခံအားပေးကြောင်း ကြွေးကြော်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

### တရားရေးဌာနကို ဟန့်တားနှောင့်ယှက်ခဲ့သည်ဟု အမေရိကန်ဒီမိုကရက်တစ်ပါတီက ထရန့်ကိုစွပ်စွဲ

**ဝါရှင်တန် ဒီဇင်ဘာ ၅**
အမေရိကန် ဒီမိုကရက်တစ်ပါတီသည် ပြီးခဲ့သည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ထရန့်၏မဲဆွယ်စည်းရုံးရေးအဖွဲ့များနှင့် ရုရှားတို့ ပူးပေါင်းလိမ်လည်ရန် ကြံစည်ခဲ့သည်ဟူသော စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရာတွင် တရားရေးဌာနကို ပိတ်ပင်ဟန့်တားခဲ့သည်ဟုဆိုကာ သမ္မတထရန့်အားစွပ်စွဲခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက အမျိုးသားလုံခြုံရေးအကြံပေး ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် မိုက်ကယ်ဖလင်းသည် ၎င်းနှင့်ရုရှားအာဏာပိုင်တို့ ဆက်သွယ်ခဲ့သည့်အကြောင်းကို အက်ဖ်ဘီအိုင်အား လိမ်လည်ခဲ့သည့်အတွက် အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။

ထရန့်က မိုက်ကယ်ဖလင်းသည် ဒုတိယသမ္မတနှင့် အက်ဖ်ဘီအိုင်ကို လိမ်လည်ခဲ့သည့်အတွက် ၎င်းအား ရာထူးမှထုတ်ပယ်ခဲ့ရခြင်းဖြစ်ကြောင်း တွစ်တာပေါ်တွင်ရေးသားခဲ့သည်။အက်ဖ်ဘီအိုင်ဒါရိုက်တာ ဂျိမ်းစ်ကိုမေးက သမ္မတထရန့်သည် ဖလင်းအား စုံစမ်းစစ်ဆေးနေမှုကို လက်လွှတ်ရန် ၎င်းအားပြောကြားခဲ့ကြောင်း သက်သေခံခဲ့သည်။သို့သော် ထရန့်က ထိုသို့တောင်းဆိုမှုမျိုးကို လုံးဝမပြုလုပ်ခဲ့ကြောင်း တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ငွေကြေးဖောင်းပွမှုတွေနဲ့ ဗင်နီဇွဲလားပြည်သူတို့ရဲ့ နေ့စဉ်ဘဝ

**ချိုးစန္ဒီနွေး**



ဗင်နီဇွဲလားနိုင်ငံရဲ့ ဆိုးဆိုးရွားရွား စီးပွားရေးကျဆင်းမှုကို တိုင်းပြည်နေရာအနှံ့မှာရှိတဲ့ လူသန်းပေါင်းများစွာဟာ ခံစားနေရပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းဟာလည်း အင်မတန်မှမြင့်တက်နေပါတယ်။ အောက်တိုဘာလအတွင်းမှာ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၈၀၀ ရာခိုင်နှုန်းရှိပြီး လာမယ့်နှစ်မှာဆိုရင်လည်း ကုန်ပစ္စည်းဈေးနှုန်းတွေဟာ ဒီထက်ပိုပြီး ဆိုးနိုင်မယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါတယ်။ ဗင်နီဇွဲလားရဲ့လူမှုစီးပွားရေးအခြေအနေဟာလည်း အစားအစာနဲ့ ဆေးဝါးရှားပါးပြတ်တောက်မှုတွေကြောင့် လွန်စွာထိခိုက်ခံခဲ့ရပြီး ပြည်သူ့ဝန်ဆောင်မှုစနစ်တွေနဲ့ ကျန်းမာရေးစနစ်တွေဟာလည်း လုံးဝ ပျက်သုဉ်းခဲ့ရတယ်။ မြင့်တက်လာတာဆိုလို့ ရာဇဝတ်မှုတွေပဲရှိပါတယ်။ ကုန်ပစ္စည်းတွေကို ဝယ်ယူနိုင်စွမ်းဟာလည်း လျင်လျင်မြန်မြန်ကြီး ထိုးကျသွားတယ်။ လုပ်အားခတိုးမြှင့်ပေးမှုတွေ ဟာလည်း ဒီဈေးနှုန်းတွေကို အမီမလိုက်နိုင်ဖြစ်လာတယ်။ ဒီတော့လိုအပ်တဲ့ ကုန်ပစ္စည်းတွေဝယ်ယူနိုင်စွမ်းဆိုတဲ့ တကယ့်စိန်ခေါ်မှု တစ်ရပ်ဖြစ်လာတယ်။ ဝယ်ယူမယ့်ပစ္စည်းတွေအတွက် အမှန်တကယ်ငွေပေးချေနိုင်ဖို့ဆိုတာ မလွယ်ကူတဲ့ ကိစ္စဖြစ်လာတယ်။

ဗင်နီဇွဲလားငွေကြေးဟာလည်း အနည်းငယ်ပဲ ထောက်ပံ့ပေးနိုင်ပြီး နေ့စဉ်သုံးစွဲနိုင်ဖို့အတွက်ဆိုတာ သာမန်ပြည်သူတွေအတွက် အိပ်မက်ဆိုးကြီးဖြစ်လာတယ်။ ဗင်နီဇွဲလား ငွေကြေးပမာဏနည်းနည်းလေး ထုတ်ယူနိုင်ခွင့်ရရေးအတွက် လူတွေဟာ နာရီပေါင်းများစွာကြာအောင် ငွေထုတ်စက်တွေရှေ့မှာ စိတ်ရှည်ရှည်စောင့်ဆိုင်းရတယ်။ စီးပွားရေးပျက်စီးမှုဟာ မိသားစုတွေကို ဝန်ပိစေတယ်။ တခြားနိုင်ငံက လူတွေအတွက် လွယ်ကူစေတဲ့အရာဟာ ဗင်နီဇွဲလားနိုင်ငံသားတွေအဖို့တော့ ယှဉ်ပြိုင်ရတဲ့အရာဖြစ်လာတယ်။ ဘဏ်ငွေထုတ်စက်ကနေ လိုအပ်တဲ့ ပမာဏကို ထုတ်ယူ ကော်ဖီဝယ်သောက်ကာ တက္ကစီငှားစီးရတာဟာ တခြားတိုင်းပြည်က လူတွေအတွက်လွယ်ကူပေမယ့် ဗင်နီဇွဲလားမှာတော့ မလွယ်ကူပါဘူး။ ယှဉ်ပြိုင်ပြီး လုပ်ဆောင်ရတဲ့အရာဖြစ်လာပါတယ်။ လူတွေဟာ သူတို့ရဲ့တစ်နေ့တာရှင်သန်မှုအတွက် အရင်ကထက်စာရင် ပိုပြီး ခက်ခက်ခဲခဲရင်ဆိုင်လာရတယ်။ ငွေကြေးပြတ်တောက်မှုတွေကြောင့် ဈေးအချိုဆုံး ပစ္စည်းလေးတွေကို ဝယ်ယူဖို့တောင် ခဲယဉ်းလာပါတယ်။ အများစုကတော့ အကြွေးဝယ်ကတ်တွေနဲ့ အင်တာနက်ကနေ ငွေပေးချေရတဲ့ စနစ်တွေပြောင်းလဲအသုံးပြုလာရတယ်။ တက္ကစီသမားတွေဟာလည်း ငွေပေးချေတဲ့အခါ ကတ်နဲ့ငွေချေတာထက် ငွေသားနဲ့ပေးတာကိုပဲ ပိုကြိုက်ကြတယ်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကတော့ ငွေကြေးဖောင်းပွမှုနှုန်းတွေ ပြည်သူတွေကို ချမပြတာ အချိန်အတော်ကြာနေပါပြီ။ ဒါပေမယ့်လည်း အတိုက်ခံတွေထိန်းချုပ်ထားတဲ့ အမျိုးသားညီလာခံမှာတော့ ငွေကြေးဖောင်းပွမှုနှုန်းကို အောက်တိုဘာလအတွင်းမှာ ၄၅ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်လို့ ဖော်ပြထားပါတယ်။ အရင်လတွေထက်စာရင် ၃၆ ဒသမ ၃ရာခိုင်နှုန်းမြင့်တက်လာပါတယ်။ ငွေကြေးအဆမတန် ဖောင်းပွမှုနှုန်းကိုတော့ တစ်လမှာ ၅၀ ရာခိုင်နှုန်း ဒါမှမဟုတ်ရင် ၅၀ ရာခိုင်နှုန်းထက်မက ရှိနိုင်တယ်လို့ အကြမ်းဖျင်းသတ်မှတ်ထားတယ်။

ဗင်နီဇွဲလားမှာတော့ အဆမတန်ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်နေပြီလို့ စီးပွားရေးသမားတွေက ပြောကြပါတယ်။ အဓိကကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းဟာ ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်နေပြီး ဈေးနှုန်းတွေဟာလည်း လူတွေလက်လှမ်းမမီတဲ့နေရာမှာ ရောက်နေတယ်။ အသက် ၅၃နှစ်အရွယ် Beatriz ဟာ ဆယ်စုနှစ် နှစ်ခုစာလောက် သူနာပြုအလုပ်ကို ကရာကတ်မှာ လုပ်ကိုင်ခဲ့ပါတယ်။ ဒါဟာ သူချစ်မြတ်နိုးတဲ့ အလုပ်လည်းဖြစ်တယ်။ အဲဒီအချိန်တုန်းက သူ့ရဲ့လုပ်အားခဟာ နည်းပါးပေမယ့် ကလေးငါးယောက်ကို ကောင်းကောင်းမွန်မွန်ထားနိုင်ခဲ့ပါတယ်။ အစားအစာဆိုတာ အဲဒီအချိန်တုန်းက ပြဿနာမဟုတ်ခဲ့ပါဘူးလို့လည်း သူက ပြောပါတယ်။ Beatriz အပါအဝင် ပြည်သူအချို့ဟာ စီးပွားရေးကျပ်တည်းမှုနဲ့ပတ်သက်ပြီး အလွန်မဝေဖန်ရဲကြပါဘူး။ ဘာလို့လဲဆိုရင်စီးပွားရေးကျပ်တည်းမှုကို ဝေဖန်လို့ဆိုပြီး သမ္မတမာဒူရိုအစိုးရအဖွဲ့ရဲ့ ဖမ်းဆီးမှုကို ခံရမှာကြောက်လို့ပါ။ အခုအချိန်မှာတော့ Beatriz ဟာ စီးပွားရေးကျပ်တည်းမှုကြောင့် သူမြတ်နိုးတဲ့အလုပ်ကို မလုပ်နိုင်တော့ပါဘူး။ မိသားစုစားဝတ်နေရေးအတွက် အခြားအလုပ်ကိုပြောင်းလဲလုပ်ကိုင်နေရပါတယ်။ ၂၀၁၆ ခုနှစ်အတွင်းမှာ အမျိုးသားတက္ကသိုလ်ရဲ့ တွက်ချက်မှုတွေအရ ဗင်နီဇွဲလားနိုင်ငံသား ၈၀ ရာခိုင်နှုန်းခန့်ဟာ ဆင်းရဲကျပ်တည်းမှုနဲ့ ကြုံနေရတယ်လို့ ဖော်ပြထားပါတယ်။ ပြည်သူတွေဆင်းရဲကျပ်တည်းမှုနဲ့ ကြုံတွေ့နေရတဲ့အခါ အစိုးရဘက်ကလည်း အစားအသောက်ထောက်ပံ့ရေးပစ္စည်းတွေပေးပို့ခဲ့ပေမယ့် ပေးပို့တဲ့ အကြိမ်အရေအတွက်ကတော့ နည်းပါးလွန်းပါတယ်။ ပါဝင်တဲ့ပစ္စည်းတွေဟာလည်း နည်းပါးတဲ့အတွက် မိသားစုဦးရေများပြားတဲ့ အိမ်တွေမှာတော့ လုံလောက်မှုမရှိပါဘူး။

ပြည်သူတွေဟာ အခြေခံစားသောက်ကုန်ပစ္စည်းတွေကို ဝယ်ယူခွင့်ရဖို့ နာရီပေါင်းများစွာကြာအောင် စောင့်ဆိုင်းရပါတယ်။ တစ်ခါတစ်ရံမှာ မနက် ၅ နာရီကတည်းက အခြေခံစားသောက်ကုန်ပစ္စည်းတွေဝယ်ယူခွင့်ရဖို့ တန်းစီပြီး စောင့်ဆိုင်းခဲ့ပေမယ့် ကိုယ့်အလှည့်ရောက်လာတဲ့အခါ ဝယ်ယူခွင့်မရတော့ဘဲ ပစ္စည်းကုန်သွားတာမျိုးဟာလည်း ဗင်နီဇွဲလား ပြည်သူတွေ မကြာခဏဆိုသလိုကြုံတွေ့နေရတဲ့ အခက်အခဲတွေပါပဲ။ အစိုးရဟာ ပြည်သူတွေလက်လှမ်းမီတဲ့ဈေးနှုန်းတွေ ကန့်သတ်ပြီး ရောင်းချတာမျိုးပြုလုပ်ခဲ့ပေမယ့် ဝယ်လိုအားနဲ့ရောင်းလိုအားမမျှတာကြောင့် လူတိုင်းကို မရောင်းနိုင်ပါဘူး။ ဈေးနှုန်းထိန်းချုပ်ထားတဲ့ ကြက်သားကို ဝယ်ယူခွင့်ရဖို့ လူ၁၀၀ နီးပါးတန်းစီစောင့်ဆိုင်းနေကြတယ်လို့ အသက် ၄၂ နှစ် အရွယ်ရှိ ဒေးဗစ်က ပြောပါတယ်။ နိုင်ငံရဲ့စီးပွားရေးအကျပ်အတည်းကို ပိုပြီးတော့ ဗလောင်ဆူစေတာကတော့ ဒေါ်လာငွေလဲလှယ်နှုန်းပါပဲ။ တရားမဝင်ငွေကြေးလဲလှယ်မှုဈေးကွက်တွေလည်း ပေါ်ပေါက်လာပြီး ဒေါ်လာငွေလဲလှယ်နှုန်းဟာ အရင်နှစ်တွေကထက်နှစ်ဆမြင့်တက်သွားပါတယ်။

တင်းကျပ်တဲ့ငွေကြေးထိန်းချုပ်မှုမျိုးကို အရင်သမ္မတဖြစ်သူ ဟူဂိုချာဗက်ဇ်လက်ထက်တုန်းကလည်း ပြုလုပ်ခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက နိုင်ငံသားတွေနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေဟာ နိုင်ငံခြားက သွင်းကုန်တွေအတွက် ငွေပေးချေဖို့ရာ ဒေါ်လာဝယ်ယူခွင့်ရဖို့ အတော်လေးရုန်းကန်ခဲ့ရပါတယ်။ အဲဒီလို အခြေအနေမျိုးတွေ ဖြစ်ပေါ်ခဲ့တဲ့အခါမှာတော့ တရားမဝင်ငွေကြေးလဲလှယ်မှုဈေးကွက်တွေ ပေါ်လာခဲ့ပါတယ်။ အခုချိန်မှာလည်း ဒီလိုမျိုးကြုံနေရပြန်ပါပြီ။ ဒေါ်လာဈေးမြင့်တက်မှုကြောင့် ပြည်ပကတင်သွင်းတဲ့ ကုန်ပစ္စည်းတွေကို ပိုမိုဈေးကြီးမြင့်စေပါတယ်။ ဒေါ်လာဈေးမတည်ငြိမ်မှုကြောင့် ပြုပြင်ရန်လိုအပ်နေတဲ့ အများသုံးဘတ်စ်ကားတွေ၊ အမှိုက်တင် ထရပ်ကားတွေ၊ လူနာတင်ယာဉ်တွေကို မပြုပြင်နိုင်ဘဲဖြစ်နေတယ်။ အကြောင်းကတော့ ပြုပြင်ဖို့အတွက် အပိုအစိတ်အပိုင်းတွေကို တင်သွင်းဖို့ ခက်လို့ပါပဲ။

ဗင်နီဇွဲလားနိုင်ငံဟာ ရေနံပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပြီး ရေနံတွင်းတွေပေါများပေမယ့် အများစုကတော့ ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်နေတဲ့ ရေနံတွင်းတွေပါပဲ။ ပြည်ပက ရေနံတွင်း ပြုပြင်ထိန်းသိမ်းတဲ့ကုမ္ပဏီတွေဟာလည်း သူတို့ရသင့်ရထိုက်တဲ့ ဝေစုကို မရကြတဲ့အခါမှာတော့ နိုင်ငံအတွင်းက ဒီအတိုင်းထွက်ခွာသွားကြပါတယ်။ ဒါတွေအပြင် အမေရိကန်က ဗင်နီဇွဲလား ရေနံကုမ္ပဏီအပေါ်နှစ်ရှည်လုပ်ငန်းချေးငွေရယူခြင်းကို ကန့်သတ်ပိတ်ဆို့ထားတဲ့အတွက် ပိုပြီးအခက်တွေ့နိုင်ပါတယ်။ ဒီကြားထဲ စီးပွားရေးကျဆင်းရတာဟာ သမ္မတရဲ့စီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့်ဆိုပြီး အတိုက်ခံအုပ်စုတွေက သမ္မတနုတ်ထွက်ပေးရေးဆန္ဒပြကြပါတယ်။ ဆန္ဒပြပွဲတွေမှာ အတိုက်ခံဘက်က အမြောက်အမြားအဖမ်းခံရပြီး သေဆုံးမှုတွေလည်းရှိပါတယ်။ ဒီလိုပဋိပက္ခတွေကြားထဲမှာ စီးပွားရေးဟာလည်း ကျဆင်းသထက်ကျလာပါတယ်။ ပြည်သူတွေရဲ့ရှင်သန်နေထိုင်မှုဟာလည်း ရုန်းကန်လာရပါတယ်။

တက္ကသိုလ်မှာ အလုပ်လုပ်ကိုင်နေတဲ့ မစ္စတာ ဆန်ဒိုဗယ်ရဲ့ ဇနီးကတော့ စပိန်နဲ့ ဗင်နီဇွဲလားနှစ်နိုင်ငံသား ခံယူထားတာဖြစ်လို့ စပိန်ကိုပြောင်းရအောင်လို့ မစ္စတာ ဆန်ဒိုဗယ်ကို တိုက်တွန်းခဲ့ပေမယ့် သူကတော့ လက်မခံပါဘူး။ ဗင်နီဇွဲလားမှာ အရာရာဟာ ကျပ်တည်းနေပြီး နေ့စဉ်ရပ်တည်ဖို့ ရုန်းကန်နေရပေမယ့် သူမှ ကရာကတ်ကို မခွဲနိုင်။ ဗင်နီဇွဲလားနိုင်ငံရဲ့ မြို့တစ်မြို့ဖြစ်တဲ့ ကရာကတ်ဟာ သူ့နှလုံးသားထဲက မြို့ဖြစ်နေလို့ပါပဲ။ ။

“လူတွေဟာ သူတို့ရဲ့တစ်နေ့တာရှင်သန်မှုအတွက် အရင်ကထက်စာရင် ပိုပြီး ခက်ခက်ခဲခဲ ရင်ဆိုင်လာရတယ်။ ငွေကြေး ပြတ်တောက်မှုတွေကြောင့် ဈေးအချိုဆုံး ပစ္စည်းလေးတွေကို ဝယ်ယူဖို့တောင် ခဲယဉ်းလာပါတယ်။ အများစုကတော့ အကြွေးဝယ်ကတ်တွေနဲ့ အင်တာနက်ကနေ ငွေပေးချေရတဲ့စနစ်တွေ ပြောင်းလဲအသုံးပြုလာရတယ်”

**ကိုးကား-နယူးယောက်တိုင်းမ်**

# ဓမ္မစကူးကျောင်းများတွင် ဘဏ္ဍာရေးရန်ပုံငွေနှင့် သင်ကြားပေးမည့် ဆရာ ဆရာမများလိုအပ်

**မြစ်သား ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းတွင် ဓမ္မစကူးဗုဒ္ဓဘာသာသင်တန်းကျောင်း ခုနစ်ကျောင်းရှိရာ ကူမဲမြို့မှ လေသာနှင့်ဘုရားကြီး နှစ်ကျောင်း၊ မြစ်သားမြို့မှမင်းကုန်း၊ ဘူတာ၊ ကင်းစိန်ဈေး၊ မိုင်းမောနှင့် မောနားငါးကျောင်းတို့ဖြစ်ကြောင်း သိရသည်။



အဆိုပါဓမ္မစကူး ကျောင်းများတွင် ခေတ်မီသင်ကြားရေး နည်းစနစ်များပါဝင်သည့် အတန်းစဉ်အလိုက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးနေပြီး မျိုးဆက်သစ်လူငယ်များ ဗုဒ္ဓတရားတော်များအား အခြေခံမှစ၍ လေ့ကျင့်သင်ကြားကာ မိရိုးဖလာဗုဒ္ဓဘာသာဝင်မှဗုဒ္ဓတရားတော်များကို လက်တွေ့ဘဝတွင် အသုံးချကျင့်ကြံနေထိုင်သွားနိုင်မည့် အဆင့်မြင့် ဗုဒ္ဓဘာသာဝင်များဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း မင်းကုန်းဓမ္မစကူးကျောင်း ဦးဆောင်ဆရာတော် ဦးကေလာသက မိန့်ကြားသည်။

ဆက်လက်၍ ဆရာတော်က မင်းကုန်းဓမ္မစကူးကျောင်းတွင် ပထမတန်းကျောင်းသားမှ သတ္တမတန်းကျောင်းသားအထိ ကျောင်းသား ၂၅၀ ကျော်အား ၂၀၁၇ခုနှစ်ဇွန်လမှစတင်ကာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ အပတ်စဉ်တနင်္ဂနွေနေ့တိုင်းနံနက် ၈ နာရီမှ ၁၀ နာရီ မိနစ်၃၀ အထိ ဆရာဆရာမ ၁၅ ဦးတို့က သင်ကြားပေးလျက်ရှိကြောင်း၊ ယခုတစ်ပတ် အာဟာရဒါနအလှူရှင်အဖြစ် ဦးရန်ရှင်း (ရှမ်းပွဲရပ်ကွက်)က မုန့်ဟင်းခါးကျွေးမွေးလှူဒါန်းလျက်ရှိကြောင်းနှင့် အလှူရှင်များအနေဖြင့် အာဟာရဒါနများ လှူဒါန်းလိုလျှင် တစ်ရက်စာအတွက် ငွေကျပ် ၃၅၀၀၀ မှစ၍ တစ်သိန်းအထိ အာဟာရဒါနအမျိုးမျိုးကို လှူဒါန်းနိုင်သည်။

ထို့အပြင် ဓမ္မစကူးဖောင်ဒေးရှင်း ပဒေသာပင်တစ်ပင်လျှင်ငါးထောင်နှုန်းဖြင့်လည်း လှူဒါန်းနိုင်ကြောင်း မိန့်ကြားသည်။

ယခုအခါတွင် ဓမ္မစကူး ဗုဒ္ဓဘာသာသင်တန်းကျောင်းများ၌ သင်ကြားပေးမည့် ဆရာဆရာမများ လိုအပ်လျက်ရှိခြင်း၊ ဘဏ္ဍာရေးအခက်အခဲကြောင့် သင်ထောက်ကူပစ္စည်းများနှင့် အာဟာရဒါန ကျွေးမွေးရန်တို့လည်း ခက်ခဲလျက်ရှိခြင်းတို့ကြောင့် အချို့ဓမ္မစကူးကျောင်းများမှာ ပိတ်ထားရပြီး မင်းကုန်း ဓမ္မစကူးကျောင်းအနေဖြင့်လည်း ရေရှည်ရပ်တည်နိုင်ရေး ကြိုးစားနေရကြောင်း ဆရာတော်က ထပ်မံမိန့်ကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# တစ်ပိုင်တစ်နိုင်မွေးမြူရေးတွဲဖက်လုပ်ကိုင်နိုင်ရန် အသိပညာပေးဟောပြော

**တပ်ကုန်း ဒီဇင်ဘာ ၅**

နေပြည်တော် တပ်ကုန်းမြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍



မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တစ်ပိုင်တစ်နိုင်မွေးမြူရေး တွဲဖက်လုပ်ကိုင်နိုင်ရန် အသိပညာပေးဟောပြောပွဲ အခမ်းအနားကိုဒီဇင်ဘာ ၂ ရက်ကအောင်မြေရိပ်သာကျေးရွာအုပ်စု ဒရောက်ကူးကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာခင်ဇော်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာမြင့်မွန်တို့က ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းကိုသာ အဓိကထားလုပ်ဆောင်ခြင်းမပြုဘဲ အကျိုးအမြတ်များစွာရရှိမည့် နွား၊ ဝက်၊ ဆိတ်များကို စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ တစ်ပိုင်တစ်နိုင်မွေးမြူရေး တွဲဖက်လုပ်ကိုင်နိုင်ရေး အကြောင်း ရှင်းလင်းပြောကြားကြပြီးမွေးမြူရေးနှင့် ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ကံကြီးမွေးမြူရေးဇုန်သို့သွားရောက်၍ နွားခြံပိုင်ရှင်များနှင့်တွေ့ဆုံပြီး အာဟာရပြည့်ဝစွာရရှိရေးနှင့် အသားတိုးနွားများမွေးမြူရေးအကြောင်း ဆွေးနွေးကာ နွားခြံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ကျေးရွာချင်းဆက် ချောင်းကူးတံတား ဆောက်လုပ်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**ပေါင်းတည် ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်နှင့် နတ်တလင်းမြို့နယ်တို့ ကျေးရွာချင်းဆက်သွယ်သည့် ဘိုးသာအောင်ကုန်းချောင်းကူးကံသာကျေးရွာတံတားမှာ ယခင်က သစ်သားတံတားဖြစ်၍ ချောင်းရေ တိုက်စားနစ်မြုပ်မှုများကြောင့် တိုင်များ၊ အခင်းများ ဆွေးမြည့်ပြီး သွားလာရန်ခက်ခဲလျက်ရှိရာ ဒေသခံပြည်သူများ၏ တင်ပြမှုအပေါ် နှစ်မြို့နယ်မှ တာဝန်ရှိသူများက ညှိနှိုင်း၍ ၂၀၁၇-၂၀၁၈ ပေါင်းတည်မြို့၏ပြည်ထောင်စုခွင့်ပြုဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၄၀၊ ပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၅ သိန်းနှင့် နတ်တလင်းမြို့၏ ပြည်ထောင်စုခွင့်ပြုဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၄၀၊ ပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ တို့ဖြင့်



အလျား ၁၆၈ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ၁၈ ပေရှိ သံကူကွန်ကရစ်တံတားကို စက်တင်ဘာလမှ စတင်၍ တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တံတားအမြန်ဆုံးတည်ဆောက်ပြီးစီးရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦးနှင့် ဌာနဆိုင်ရာများ၊ တံတားတည်ဆောက်ရေး ကြီးကြပ်ကော်မတီများက သွားရောက်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါတံတားပြီးစီးဖွင့်လှစ်ပါက ပေါင်းတည်မြို့နယ်နှင့် နတ်တလင်းမြို့နယ်တို့ ဆက်စပ်သွားလာမှု ပိုမိုမြန်ဆန်ပြီး ကျေးလက်နေပြည်သူများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးများပါ ဖွံ့ဖြိုးတိုးတက်ကာ ကုန်စည်စီးဆင်းမှုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ရန်အောင်ဇေတီ ဗုဒ္ဓပူဇနိယ ပွဲတော်ကျင်းပ


**သုံးခွ ဒီဇင်ဘာ ၅** - ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့အမှတ် ၁၁ ရပ်ကွက်ရှိရှေးနှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော ရန်အောင်ဇေတီတော်မြတ်ကြီး၏ နှစ်စဉ်အစဉ်အလာမပြတ်ကျင်းပခဲ့သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာ ၂ ရက်မှစ၍ ဘုရားဖူးလာသူများ၊ ဆွမ်းတော်ကြီးတင်လှူရန်လာရောက်ကြသူများကို စတုဒိသာမုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာ ၃ ရက်တွင် ပင့်သံဃာများက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူပူဇော်ပွဲ ကျင်းပခဲ့ပြီး သံဃာ ၁၁ ပါးတို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ညပိုင်းတွင် ဆီးမီးများနှင့် အမွှေးနံ့သာတိုင်များဖြင့် ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**




## လှိုင်းမူးမူး လှေမူးမူးနှင့် စစ်သည်နှလုံးသားစာအုပ်ထွက်ရှိ

၅-၁၂-၂၀၁၇




စာရေးသူရဲမင်းစိုး၏ လှိုင်းမူးမူး လှေမူးမူးနှင့် စစ်သည်နှလုံးသားစာစုများ စာအုပ်ကို ထုတ်ဝေ ဖြန့်ချိထားကြောင်း သိရသည်။

စာအုပ်တွင် လှိုင်းမူးမူးလှေမူးမူး၊ တောဆောင်းဦးထုပ်ကလေးတစ်လုံး၊ ပစ်တိုင်းထောင်နှင့် ကျွန်တော်၊ စလယ်ဝင်အိုးလေး၊ တာလဘောဟင်းလေး၊ သွေးဖြင့်ရေးသောကဗျာတစ်ပုဒ်၊ တပည့်ကျော်ချစ်တုတ်၊ ငြိမ်းချမ်းရေးဆီသို့၊ စိတ်မကောင်းခြင်းများစွာဖြင့်၊ သက်သေ၊ စားခဲ့ရသောမျှစ်ကြော်လေးတစ်ခွက်၊ ကွမ်းယာလေးတစ်ယာ၊ နေ့စွဲတစ်ခု၏ ဒိုင်ယာရီ၊ လွင့်မျောသွားသော တိမ်တိုက်များ၊ ငွေရတုခရီးမှသည်၊ အောင်သာဝရဆီသို့၊ လေလွင့်ခြေရာများစသည့် စိတ်ဝင်စားစရာစာစုများကို စုစည်းဖော်ပြထားသည်။ စာအုပ်ကို စာရေးဆရာသောင်းဝေဦး၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မြင်းမူမောင်နိုင်မိုးတို့က အမှာစာများ ရေးသားပေးထားသည်။

## တိမ်ရှူးလေပွေ မောင့်ကိုမွှေနှင့် အမှတ်တရ ရသစာစုများ စာအုပ်ထွက်ရှိ

စာရေးသူ လေယာဉ်မှူးကြီး သိန်းဇော်၏ 'တိမ်ရှူးလေပွေမောင့်ကိုမွှေနှင့် အမှတ်တရ ရသစာစုများ' စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။



ယင်းစာအုပ်တွင် တိမ်ဦးလေပြေ မောင့်ကိုစေ သေကံမရောက် သက်မပျောက်၊ အငိုက်၊ ကျွန်တော်နှင့် အရိုးခေါင်းကြီး၊ တိမ်ရှူးလေပွေမောင့်ကိုမွှေ၊ BLACK BOX ကို ဘာကြောင့်ရှာ၊ BLACK BOX ကို ဘယ်လို အဖြေရှာ၊ တိမ်ဦးလေပြေမောင့်ကိုစေသည် ရင်ဝယ်သိမ့်သိမ့်တုန်ခဲ့ရပါသည်၊ ဖူးစာရေးသင်တန်းနှင့် ပုန်းရည်ကြီးသုပ်၊ တမ်းတမ်း တတ၊ လူနှစ်ယောက်ပွဲစားနှစ်ဦးနှင့် မြေတစ်ကွက်၊ ကျွန်တော်ပညာပေးခံလိုက်ရခြင်းစသည့် စာစု ၂၅ ပုဒ် ပါရှိသည်။

စာအုပ်ကို ဂျူတီစာပေက ထုတ်ဝေပြီး တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်သည်။

## လက်ကျန်လရောင် စာအုပ်ထုတ်ဝေဖြန့်ချိ




ပုညခင်၏ လက်ကျန်လရောင် လုံးချင်းဝတ္ထုသစ် ထွက်ရှိလာသည်။မြန်မာတို့၏ တန်ဖိုးထားထိုက်သော ရှေးဟောင်းအမွေအနှစ်ဒေသ ပုဂံမြေကို နောက်ခံထားကာ မြန်မာ့ယဉ်ကျေးမှုနှင့်တကွ မြန်မာဆန်သောချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ညွှန်းဖွဲ့ဆိုထားသောဝတ္ထုဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ပုဂံငလျင်ကြောင့် ဝမ်းနည်းဖွယ် ပြိုပျက်ခဲ့ရသော ရှေးဟောင်း ဘုရားပုထိုးစေတီများ၏နောက်ကွယ်မှ လျှို့ဝှက်ချက်များ၊ ပြဿနာများ၊ သမိုင်းကြောင်းများကို ဖော်ထုတ်လျက် ရိုးသားဖြူစင်သည့် အညာသူအညာသား ချစ်စဖွယ်ဇာတ်ဆောင်များကို ဖန်တီးကာ ရသမြောက်စွာ ရေးယုက်ရေးသားထားသောဝတ္ထုလည်း ဖြစ်သည်။

အနာဂတ် ပုဂံ ၊ အနာဂတ် မြန်မာပြည်အတွက် ဆင်ခြင်သတိမူထိုက်ဖွယ်ရာများကို မီးမောင်းထိုးပြနိုင်သော ရသမြောက်ပြည်သူ့အကျိုးပြုဝတ္ထုတစ်ပုဒ် အဖြစ် စာအုပ်စင်တွင် ခေတ်အဆက်ဆက် သိမ်းဆည်းအပ်သောစာအုပ်ဖြစ်သည်။ ဤစာအုပ်ကို ဖုန်း- ၀၉ ၇၃၁၀၄၂၂၉၊ ၀၉ ၅၀၅၄၂၃၆ မှ ဖြန့်ချိပြီး တန်ဖိုးမှာ ငွေကျပ် ၅၅၀၀ ဖြစ်သည်။

## ချူးရွှေ-ပန်ကောက်တိုက်ပွဲကြီး စာအုပ်ထွက်ရှိ




စာရေးသူဗိုလ်မှူးကြီး(ဟောင်း)လှမင်း၊ ဗိုလ်ကြီး (ငြိမ်း)တင့်ထူးရွှေတို့၏ ကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ်ဖြစ်သော ချူးရွှေ-ပန်ကောက်တိုက်ပွဲကြီး အမည်ရှိစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စာအုပ်တွင် ဟိုပန်မဆုတ်တမ်း ခံစစ်စည်းကျိုးပေါက်ခြင်း၊ တပ်မတော်မှတန်ပြန်တိုက်စစ်ဆင်ရန်ပြင်ဆင်ခြင်း၊ ချူးရွှေစခန်း၊ ချူးရွှေစခန်းသို့ တိုက်စစ်ဆင်ခြင်း၊ ချူးရွှေစခန်းတိုက်ပွဲတွင် ပါဝင်ခဲ့သော အရာရှိများ၏ ကိုယ်ရေးအကျဉ်းဖော်ပြချက်၊ ချူးရွှေစခန်း တိုက်ပွဲတွင် ပါဝင်ခဲ့သော အရာရှိများ၏ သုံးသပ်ချက်နှင့် အမြင်၊ တပ်မတော်ဆိုင်ရာ စွမ်းရည်ဘွဲ့(ဘွဲ့ထူး/ဂုဏ်ထူး)ရ ပုဂ္ဂိုလ်များ၏ အမည်စာရင်း ကျဆုံးသွားသော စစ်သည်များ၏ အမည်စာရင်းစသည်ဖြင့် စိတ်ဝင်စားအောင် အခန်းများခွဲ၍ ရေးသားထားပြီး ဖုန်း-၀၉ ၄၅၀၀၁၆၅၅၂မှ ဖြန့်ချိကာ တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ ဖြစ်သည်။

**မြန်မာ့အလင်း**

# ပရဟိတကျောင်းထွက်ကျွန်တော်...နောင်တောင်းသို့ရောက်ခဲ့သည်

မြင့်စိုး (နတလ)



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့အနီးရှိ နောင်တောင်းပရဟိတကျောင်း

"တပည့်တော်လည်း ပရဟိတကျောင်းထွက်ပါပဲဘုရား၊ ၉တန်း၊ ၁၀တန်းနှစ်ရောက်တော့ ရွာမှာ အထက်တန်းကျောင်းမရှိလို့ လေးမျက်နှာမြို့ ပရဟိတကျောင်းမှာသွားနေပြီး ၁၀ တန်း အောင်ခဲ့တာပါဘုရား၊ သည်တုန်းက ဆရာတော်ဘုရားကြီးတွေကတော့ ဦးပညာလောကနဲ့ ဦးဇောတိပါလတို့ပါဘုရား"ဟု

လျှောက်ထားလိုက်သောအခါ နောင်တောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒသီရိက ပြန်လည်၍ မိန့်ကြားခဲ့သည်မှာ

"ဦးပညာလောက အကြောင်းကို ဘုန်းကြီးကြားဖူးတယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲက ပင်လောင်း၊ ဆီဆိုင်၊ ဟိုပုံးမြို့နယ်တွေထဲမှာရော၊ ဖယ်ခုံဘက်က လတိန်၊ လအိန်နဲ့ ကယန်း(ပဒေါင်)ဒေသတွေထဲမှာရော ဆရာတော်ကြီးကိုယ်တိုင် လာရောက်ခေါ်ယူပြီး ပညာသင်ပေးခဲ့တဲ့ ကျောင်းသား ကျောင်းသူပေါင်း နှစ်ထောင်ကျော်ရှိတယ်လို့ သိရတယ်။ ပအိုဝ်းဒေသမှာ ပညာရည်မြင့်မားတဲ့ လူငယ်လူရွယ်တွေထွက်ပေါ်လာအောင် ရှေ့ဆောင်လမ်းပြခဲ့တဲ့ ဆရာတော်ကြီးပါပဲ"ဟု မိန့်ကြားခဲ့သည်။

ဆရာတော်မိန့်ကြားခဲ့သည့်အတိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မိုးဗြဲ၊ ဖယ်ခုံ ဒေသဘက်မှနေ၍ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ ပရဟိတကျောင်းအပါအဝင် ကြံခင်း၊ မြောင်းမြ၊ ကျုံပျော်၊ ဇလွန်(သပြု)ပရဟိတကျောင်းများသို့ ကျောင်းလာတက်သွားသူ ၂၀၀၀ ကျော်ရှိသည် ဆိုသည်မှာ ဖြစ်နိုင်ပါသည်။ လေးမျက်နှာပရဟိတကျောင်းကို ၁၉၄၈ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထိုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုဖြင့် ဆက်လက်ရပ်တည်ခဲ့သည်။

ဆရာတော်ကြီးသည် နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများသို့ကြွရောက်ကာ ပညာသင်ယူလိုကြသော ပအိုဝ်း၊ ရှမ်း၊ ကယားတိုင်းရင်းသား၊တိုင်းရင်းသူလေးများကို လိုက်လံစုဆောင်းခေါ်ယူပြီး လေးမျက်နှာပရဟိတ အပါအဝင် ရန်ကုန် (ကျားကျောင်း)နှင့်အထက်ကဖော်ပြခဲ့သည့် ပရဟိတကျောင်းများသို့ ခွဲဝေပေးပို့ ပညာသင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ကျွန်တော် ၉ တန်း တက်ရောက်သည့် ၁၉၇၄-၁၉၇၅ နှစ်မှာပင် ရှမ်းပြည်နယ်မှပါလာသော ကျောင်းသားဦးရေမှာ ရထားနှစ်တွဲစာ မပြည့်ရင်တောင်မှ နည်းနည်းပဲ လျော့ပါမည်။ ပရဟိတဆရာတော်ဖြစ်သောကြောင့် လေယာဉ်နှင့် မီးရထား၊ သင်္ဘောအထူးတန်းမှ အခမဲ့စီးနင်းခွင့်ကိုလည်း နိုင်ငံတော်အစိုးရက ပေးအပ်ထားသည်။ တပည့်တစ်ယောက်အတွက် ရိုးရိုးတန်း လိုက်ပါခွင့်ရှိကြောင်းတွေကိုလည်း အမှတ်ရနေမိပါသည်။ ကျေးဇူးရှင်ဆရာတော်နှစ်ပါး ပျံလွန်တော်မူခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၂၈ နှစ် ကျော်ခဲ့ပေပြီ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းဒေသမှ အပြန် ဟိုပုံးမြို့ရှိ နောင်တောင်းပရဟိတ ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်ကြည့်ရှုလေ့လာရန် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က အကြံပြုခဲ့သည်။ ကိုယ်တိုင်က ပရဟိတကျောင်းထွက်ဖြစ်ခဲ့ဖူးသူပီပီ ပရဟိတဆိုသည့်အသံကို ကြားသည်နှင့် စိတ်ဝင်စားခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ မရောက်ဖူးခင်မှာတော့ ထိုကျောင်းက ကြီးသလား၊ ငယ်သလား၊ ကျယ်သလား ကျဉ်းသလား မမှန်းဆတတ်။ တကယ်ကျောင်းဝင်းထဲကို ကားမောင်းဝင်သွားတော့မှ ကျောင်း၏အနေအထားက ကြီးမားကျယ်ပြန့်နေသလို ရည်မှန်းချက်နှင့်ရည်ရွယ်ချက်တွေကလည်း အလွန်မြင့်မားနေမှန်း သိခွင့်ရလိုက်ပါသည်။

နောင်တောင်းပရဟိတကျောင်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်-

(က) ဆင်းရဲချမ်းသာမရွေး၊ လူမျိုးမရွေး၊ အရေးအဖတ်အတွက် အခြေခံပညာနှင့် ခေတ်ပညာ တတ်မြောက်စေရန်။
(ခ) ပညာသင်ကြားရာ၌ စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန်။
(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး အများအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးလိုသည့် သားကောင်း သမီးကောင်းများ ဖြစ်လာစေရန်။
(ဃ) မိမိယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို သိရှိနားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန်။
(င) အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်။

အဆိုပါကျောင်း စတင်တည်ထောင်စဉ်မှ ယနေ့အချိန်အထိ တိုးတက်ပြောင်းလဲမှု အဆင့်ဆင့်ကို လေ့လာကြည့်သောအခါ ဦးဆောင်ဆရာတော်များ၏ ကြိုးပမ်းအားထုတ်မှု၊ ပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ပေး၍မကုန်လှူ၍မခန်း၊ အလှူရေစက် လက်နှင့်မကွာသော ကုသိုလ်ကောင်းမှု၊ ဒါနအစုစုတို့ကြောင့် တစ်နှစ်ပြီးတစ်နှစ် တိုးတက်ခြင်းဖြစ်လာသည်ကို တွေ့ရသည်။ ၂၀၀၁ ခုနှစ်တွင် ပရဟိတကျောင်းကို စတင်တည်ထောင်၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်၌ ကိုရင်အပါး ၅၀ ဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်၌ ဦးနန္ဒာဟိန် စာကြည့်တိုက်နှင့် မူကြိုကျောင်းတို့ကို ဆက်လက်ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် မူလတန်းလွန်အဆင့် တိုးမြှင့်ပေးခြင်းခံရပြီး အခြေခံကွန်ပျူတာ သင်တန်းများကိုလည်း စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်၌ တိုင်းရင်းသူမိန်းကလေးများကိုပါ လက်ခံစောင့်ရှောက်ပညာသင်ကြားပေး၍ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ လူမှုဖွံ့ဖြိုးရေးဘာသာရပ်များအပြင် နွေရာသီကျောင်းပိတ်ရက်များ၌ ပတ်ဝန်းကျင် ကျေးရွာများမှ လူငယ်လူရွယ်များပါ တက်ရောက်စေလျက် ကျောင်းသား ကျောင်းသူ အင်အား ၁၀၀၀ ကျော်အား ဗုဒ္ဓဘာသာလူငယ်စွမ်းအင်မြှင့်သင်တန်းများ ပို့ချပေးခဲ့ကြောင်းသိရသည်။ ယခုအခါ ဟိုပုံးမြို့နယ် စမ်းဆုတ် အခြေခံပညာ အထက်တန်းကျောင်းနှင့်တွဲ၍ အထက်တန်း အဆင့်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၇၆ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

နောင်တောင်း ပရဟိတကျောင်းမှ စတင်သန္ဓေတည်ခဲ့သော ပရဟိတစိတ်ဓာတ်ဖြင့် ထပ်မံဆင့်ပွား၍ ဆီဆိုင်မြို့နယ်တွင် နောင်မွန်စံပြကျေးရွာ ပရဟိတကျောင်းနှင့် ဆိုက်ခေါင်စံပြကျေးရွာ သုဝဏ္ဏဝံသ ပရဟိတကျောင်း၊ တောင်ကြီးမြို့နယ်တွင် ဖောင်တော်ဆိုက်ကျေးရွာ ပါရမီပရဟိတကျောင်း၊ တာချီလိတ်မြို့နယ်တွင် နောင်ခမ်း အောင်ဆုပန်ပရဟိတကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။ ခရစ်နှစ် ၂၀၁၅ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၇၆ ခု သီတင်းကျွတ်လဆန်း ၇ ရက်နေ့၌ နောင်တောင်း ဗုဒ္ဓကောလိပ်ကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ရဟန်းတော်နှစ်ပါးကိုအိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ရဟန်းတော်သုံးပါးကို သီရိလင်္ကာနိုင်ငံသို့လည်းကောင်း ပို့လွှတ်၍ ပညာဆည်းပူးစေခဲ့ကြောင်း၊ လာမည့်နှစ်များတွင်လည်း ထိုင်းနိုင်ငံသို့ နှစ်ပါး၊ သီရိလင်္ကာသို့ သုံးပါး စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

နောင်တောင်းပရဟိတကျောင်းကို ၂၀၀၁ ခုနှစ်တွင် ကျောင်းငယ်လေးတစ်ဆောင်ဖြင့် စတင်ခဲ့သော်လည်း အထက်တွင် ကျွန်တော်ဆိုခဲ့သည့်အတိုင်း သိမ်တော်ကြီးဆောက်ရန် မြေအလှူရှင်၊ သိမ်ဓမ္မာရုံအမိုးအလှူရှင်၊ ဘုရားခန်းမဆောင်နှင့် ရုပ်ပွားတော်ကြီးများအလှူရှင်၊ ဘုရားရင်ပြင်တော်တိုးချဲ့ခြင်းနှင့် သိမ်ဓမ္မာရုံ ကြမ်းခင်းအလှူရှင်၊ မြရတနာ သုံးထပ်ကျောင်းဆောင်ကြီးနှင့် မြေ ၅ ဒသမ ၅ ဧက အလှူရှင်၊ လျှပ်စစ်မီး၊ ရေသန့်စက်နှင့် အဝီစိတွင်းအလှူရှင်များ၊ သစ်တောစိုက်ခင်း အလှူရှင်၊ ဇီဝိတသုခ ကျောင်းဆောင်နှင့် မုခ်ဦးအလှူရှင်၊ စာကြည့်တိုက်နှင့် မော်တော်ယာဉ် အလှူရှင်၊ ဆေးခန်းမြေနေရာအလှူရှင်၊ အစည်းအဝေးခန်းမဆောင်အလှူရှင်၊ ကဝိသုခမူကြိုကျောင်းဆောင်အလှူရှင်၊ ပညာရေးငွေပဒေသာပင် လစဉ် ၇၈၀၀၀၀ အလှူရှင်၊ ဆွမ်းပဒေသာပင်အတွက် ၆၅ သိန်း အလှူရှင်၊ ရေကန်နှင့် ဥယျာဉ်ခြံမြေအလှူရှင်များ စသည် စသည့် အလှူရှင်များအပြင် တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ(ဟိုပုံး)မှ တပ်မတော်သား ဒါယကာများကလည်း ကွန်ပျူတာသင်တန်းများတွင် ဝင်ရောက် သင်ကြားပို့ချကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

နောင်တောင်း ပရဟိတကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒ၏ ဦးဆောင်ကြီးကြပ်လမ်းညွှန်မှုဖြင့် အကျိုးတော်ဆောင်နေကြသော ဒါယကာများမှာ ခွန်အောင်သိန်း၊ ခွန်အောင်သန်း၊ ခွန်ကျော်အုန်း၊ ခွန်ကျော်စွာ၊ ခွန်ထွန်းမြ၊ ခွန်စံလှနှင့် ခွန်မောင်ဖြူတို့ ဖြစ်ကြသည်။ အသိပညာ ဖွံ့ဖြိုးတိုးတက်သော လူမှုအသိုင်းအဝိုင်းဖြစ်ပေါ်လာရန်ဆိုသည့် မျှော်မှန်းချက်ကို ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းလည်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် နောင်တောင်း ပရဟိတကျောင်းသည် မိဘမဲ့ကလေးများနှင့် ဆင်းရဲနွမ်းပါးကလေးငယ်များအတွက် အေးမြသောမေတ္တာဓာတ်ပေးနေသည့် နေရာတစ်ခုလည်းဖြစ်သည်။ အမျိုးဘာသာသာသနာကို စောင့်ရှောက် ထိန်းသိမ်းနိုင်သော၊ တာဝန်သိပြီး တာဝန်ယူတတ်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်ကြားခဲ့သည်။

'ပရဟိတကျောင်းထွက်ကျွန်တော်'ဟု ဆိုခဲ့သည့်အတိုင်း ကျွန်တော်တို့နေခဲ့သည့် ရောဝတီတိုင်းဒေသကြီး လေးမျက်နှာ ပရဟိတကျောင်းတွင် ၁၉၇၀ ပြည့်လွန်နှစ်များအထိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးငယ်ပေါင်း ၂၀၀ ကျော် လက်ခံပြုစုစောင့်ရှောက်ခဲ့ရာ ဆရာတော်ကြီးများအနေဖြင့် ပင်ပန်းဆင်းရဲကြီးစွာ ကြိုးပမ်းအားထုတ်ခဲ့ရသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည်။ ဘဝတစ်သက်တာလုံး ကျေးဇူးတင်စွာဖြင့် ဦးခိုက်ခဲ့ရသည်။

ယခုလည်း ရဟန်း၊ ကိုရင်နှင့် ကျောင်းသားကျောင်းသူပေါင်း ၂၀၀၀ ကျော်ကို လက်ခံစောင့်ရှောက်နေသော နောင်တောင်း ပရဟိတကျောင်း၏ ကြိုးပမ်းအားထုတ်မှုအစုစုတို့အပေါ် သာဓုအကြိမ်ကြိမ်ခေါ်လျက် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါသည်။ ဆက်လက်၍လည်း အရှည်တည်တံ့လျက် နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ နယ်စပ်ဒေသ တိုင်းရင်းသားများ၏အကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက်။ ။

**"ကျွန်တော် ၉ တန်း တက်ရောက်သည့် ၁၉၇၄-၁၉၇၅ နှစ်မှာပင် ရှမ်းပြည်နယ်မှ ပါလာသော ကျောင်းသားဦးရေမှာ ရထားနှစ်တွဲစာ မပြည့်ရင်တောင်မှ နည်းနည်းပဲ လျော့ပါမည်။ ပရဟိတ ဆရာတော်ဖြစ်သောကြောင့် လေယာဉ်နှင့်မီးရထား၊ သင်္ဘောအထူးတန်းမှ အခမဲ့စီးနင်းခွင့်ကိုလည်း နိုင်ငံတော်အစိုးရက ပေးအပ်ထားသည်။ တပည့်တစ်ယောက်အတွက် ရိုးရိုးတန်းလိုက်ပါခွင့်ရှိကြောင်းတွေကိုလည်း အမှတ်ရနေမိပါသည်။ ကျေးဇူးရှင်ဆရာတော်နှစ်ပါး ပျံလွန်တော်မူခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၂၈ နှစ် ကျော်ခဲ့ပေပြီ"**

## ကော့မှူးမြို့နယ်၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ကော့မှူး ဒီဇင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ကော့မှူးမြို့နယ်အတွင်း မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေး ဆွေးနွေးပွဲများကို ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့က ဦးစီးပြီး စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်က ညောင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အကြောင်း၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့် လူကုန်ကူးမှု ကာကွယ်တားဆီးရေးတို့ကို ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးက အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း အင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

မြတ်ဟိန်းကျော်(ကော့မှူး)



# သမီးငယ်ကို ချစ်တတ်တဲ့ နှလုံးသားရှိစေချင်သူ အဆိုတော် ချမ်းချမ်း

နှစ်နှစ်နီးပါး ပရိသတ်နှင့် အလှမ်းဝေးကွာခဲ့ပြီးနောက် ဒီဇင်ဘာ ၉ ရက်တွင် အဆိုတော် ချမ်းချမ်း၏ စတုတ္ထမြောက် စီးရီးဖြစ်သည့် "သို့ ... ချစ်နေတုန်းပဲ" စီးရီးခွေ ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ ယင်းစီးရီး ပြုလုပ်နေစဉ်အတွင်း ဘဝ၏ လောကဓံများ အလူးအလဲခံစားခဲ့ရပြီး ထွက်ရှိခဲ့သည့် စီးရီးခွေဖြစ်သည်။

"အစ်မရဲ့ သီချင်းခေါင်းစဉ်လေးကို ပရိသတ်အတွက်ပဲဖြစ်ဖြစ် ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် သို့ . . . လို့ ပေးထားတာပါ၊ အစ်မ နေရာတစ်ကနေ တစ်နေရာကို ကိုယ့်ပရိသတ်ကို လက်ဆောင်အဖြစ် နာမည်ပေးဖြစ်တယ်၊ ဒီခေါင်းစဉ်ကို G Lay လေးက ရေးပေးတာပါ၊ ချစ်နေတုန်းပဲ သီချင်းလေးကို ဗားရှင်းပြောင်းပြီး လက်ဆောင်အဖြစ်ထည့်ထားတယ်၊ ထာဝရအမေ ရုပ်ရှင်ဇာတ်ကားထဲက ဆရာ ဓိရာမိုရ်က မိဘမေတ္တာဖွဲ့ သီချင်းလေးကို မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့တာပါ" ဟု အဆိုတော် ချမ်းချမ်းက ပြောသည်။



အဆိုပါ သီချင်းခွေတွင် သီချင်း ၁၂ ပုဒ်ပါဝင်ပြီး ပရိသတ်အတွက် လက်ဆောင် သီချင်းတစ်ပုဒ် ထည့်ပေးထားသည်။ တေးရေးဆရာ ဓိရာမိုရ်၊ အောင်ခြိမ့်၊ G Lay၊ Ngar နှင့် DJ လင်းလင်းတို့က ရေးသားထားကြသည်။ မိခင်မေတ္တာဖွဲ့ အချစ်၊ အလွမ်း၊ အဆွေး ရသများပါဝင်ပြီး ဆော့ဖ်ရော့ခ်၊ အော်ဂက် စတာမုဒ်၊ ဂျက်ဇ်နှင့် DJ မျိုးဇစ်များ ထည့်သွင်းထားကာ Featuring အနေဖြင့် စန္ဒီမြင့်လွင်က ပါဝင်သီဆိုထားသည်။ ၎င်းသီချင်းခွေထွက်ပါက သီချင်းတစ်ပုဒ်ကို ပရိသတ်အတွက် လက်ဆောင်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ "သို့ ... ချစ်နေတုန်းပဲ" သီချင်းခွေ ပရိမိုရှင်းပွဲကို ဒီဇင်ဘာ ၉ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့လှည်းတန်းစင်တာ၌ လက်မှတ်ရေးထိုးသီဆို ဖျော်ဖြေမည်ဟု သိရသည်။

သူ့အနေဖြင့် ရှေ့ဆက်လျှောက်ရမည့် ဘဝခရီးအတွက် တစ်ဦးတည်းသော သမီးလေးကိုသာ အဓိကထား ဦးစားပေးသွားမည်ဟုဆိုပြီး သမီးလေးနှင့်ပတ်သက်ပြီး သူ၏ မျှော်လင့်ချက်များကိုလည်း ယခုလိုဖွင့်ဟ ပြောကြားလာခဲ့သည်။

"ညီမ သီချင်းတွေကတော့ ပုံမှန်နယ်ပွဲတွေဆိုဖြစ်တာ ရှိပါတယ်၊ နယ်တွေသွားရင်လည်း ပရိသတ်ရဲ့ တစ်ခဲနက်အားပေးမှုတွေ အများကြီးရခဲ့တယ်၊ အခွေအတွက်ပြင်ဆင်နေတာက ကြာပြီလေ၊ ဒီကြားထဲ အားလုံးသိထားတဲ့ ဖြစ်ရပ်လေးက ပေါ်လာတာဆိုတော့ အဲ့ကိစ္စလေး ရှင်းနေရတာရယ်၊ အခွေရယ်ဆိုတော့ တော်တော်တော့ စိတ်ဓာတ်ကျမသွားအောင် မနည်းထိန်းထားရပါတယ်၊ အခုအခွေထဲမှာ သမီးလေးအတွက် သီချင်းတစ်ပုဒ် လက်ဆောင်ထည့်ထားတယ်၊ အဲ့ဒီသီချင်း လေးကလဲ မိခင်မေတ္တာဖွဲ့ တေးလေးပါ၊ ဆရာတွေက တကယ်ခံစားနေရတဲ့ သူတစ်ယောက်ဆိုခိုင်းချင်တယ်ဆိုပြီး ပြောလာတာမို့ အဲ့ဒီသီချင်းလေးကို ဒီအခွေထဲမှာ ထည့်ဖြစ်တာပါ၊ အစ်မအနေနဲ့ သီချင်းတွေ လုပ်နေတဲ့အချိန် သမီးလေးကို လျစ်လျူရှုထားသလို ဖြစ်ခဲ့ဖူးတယ်၊ ဘာလို့လဲဆိုတော့ ငွေတစ်ခုတည်းကိုပဲ ခြစ်ကုတ်ပြီး ရှာခဲ့တော့ သမီးလေးအတွက်ရော မိသားစုအတွက်ပါ မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာတာပေါ့၊ အဲ့ဒါကြောင့် သမီးလေးကို ကိုယ်နဲ့ အတူသွား အတူလာ နေပေးခဲ့တယ်၊ ပရိသတ်နဲ့ ဝေးသွားရတာ ဒါတွေလည်း ပါပါတယ်၊ အရင်က ကိုယ့်ကိုပွဲတွေ ငှားကြတယ်၊ ပွဲက ၆၀ လောက်ဆို ညီမပွဲ ၄၀ လောက်ဖြုတ်ပြီး ၂၀ လောက်ပဲဆို ဖြစ်တော့တယ်၊ အဲ့ဒီ ၄၀ ကို ဘာလို့ ဖြုတ်ချလိုက်လဲဆိုရင် သမီးရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စိတ်ခံစားမှုတွေက အမေတစ်ယောက်အနေနဲ့ပေးရမယ့် တာဝန်တွေရှိလာခဲ့ပြီလေ၊ သမီးက ခရီးထွက်ရတာကို ကြိုက်တယ်၊ ခရီးများထွက်လို့ကတော့ မငြီးရှာဘူး လိုက်တာပဲ၊ ပြီးတော့သမီးလေးက အကဝါသနာပါတယ်၊ သူ့ကိုမေးဖူးတယ်၊ သမီးအဆိုတော် လုပ်မှာလားလို့မေးတော့ သူက အကပဲဝါသနာပါတယ် ပြောတယ်၊ သူ့ကို ညီမရည်ရွယ်ထားတာရှိတယ်၊ ပညာတတ်ကြီးတစ်ယောက်ဖြစ်စေချင်တယ်၊ အနုပညာကတော့ ဒုတိယနေရာပေါ့၊ ပြီးတော့ သူ့ကို ချစ်တတ်တဲ့ နှလုံးသားရှိစေချင်တယ်၊ ချစ်တယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ သတ္တဝါလေးအပေါ်နဲ့ မိသားစုအပေါ်ကြင်နာတတ်တဲ့သူ အဖြစ်ပါ၊ လူမှုရေးကောင်းတဲ့သူဖြစ်စေ ချင်ပါတယ်"ဟု ပြောသည်။

**ကိုလင်း**

# လွှမ်းပိုင်နှင့် ရဲရင့်အောင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် "ငါ့ကိုနမ်းတဲ့ မုန်တိုင်း" ရုပ်ရှင်ဇာတ်ကား မကြာမီ ရုံတင်ပြသမည်

လူငယ် တေးသံရှင် လွှမ်းပိုင်နှင့် ရဲရင့်အောင်တို့ ပထမဆုံးရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည့် ဝတ္ထုညေး၊ ဇာတ်ညွှန်း မိုးနီးလွင်၊ ဒါရိုက်တာအောင်ဇော်လင်း၊ ဝင်းလွင်ထက်တို့ ရိုက်ကူးထားသော "ငါ့ကိုနမ်းတဲ့ မုန်တိုင်း" ဇာတ်ကားကြီးကို မကြာမီ ရုံတင်ပြသသွားမည်ဟု သိရသည်။ အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် ဖွေးဖွေး၊ နေအောင်၊ ရဲအောင်၊ မြတ်ကေသီအောင်တို့လည်း ပါဝင်ထားကြသည်။



**လွှမ်းပိုင်**

"ဒီကားအတွက် စိုးရိမ်စိတ်ဖြစ်မိတာတော့ အမှန်ပဲ၊ ဇာတ်ကားကြီးမှာ အရှိန်အဝါကြီးတဲ့ စီနီယာအနုပညာရှင်တွေနဲ့ တွဲဖက်သရုပ်ဆောင်ထားရတာမို့ အဲ့ဒီအပေါ် ကာရိုက်တာလိုက်မမီမှာကိုတော့ ကျွန်တော်တို့နှစ်ဦးလုံး စိုးရိမ်စိတ်ရှိနေတာတော့ အမှန်ပါပဲ၊ ဒီကားကြီးမှာ ပရဟိတစိတ်ထက်သန်တဲ့ သနားစရာကောင်းလေးအဖြစ် မြင်တွေ့ရမှာပါ၊ ဒီကားမှာ သူနဲ့ ကျွန်တော်က ထိပ်တိုက်ဆုံတဲ့အခန်းနည်းပါတယ်၊ ကားပါကင်က အခန်းလေးကို အမှတ်တရရှိတယ်၊ ကျွန်တော်ကတော့ အသေပိုလို့ သူကတော့ လုံးဝအတည်ကြီး၊ နောက်တစ်ခါ သူနဲ့ရိုက်ရရင်တော့ ကျောင်းသားအပျော်ကားလေးရိုက်ချင်တယ်"

**ရဲရင့်အောင်**

"ကျွန်တော် နောက်တစ်ခါကျရင်တော့ ကိုလွှမ်းပိုင်ကို အကျင့်ယုတ်ရတဲ့သူတော့ မဖြစ်ချင်ဘူး (ရယ်လျက်)၊ ဆုံရတဲ့ အခန်းနည်းတော့ ဆုံဖြစ်တဲ့အခန်းတိုင်း မှတ်မှတ်ရရရှိပါတယ်၊ မရိုက်ခင်ကျရင်တော့ ရှုတင်မှာ ပေါက်ကရတွေ လျှောက်ပြောကြ၊ ရယ်ကြ၊ ပြီးရင်တော့ ရိုက်ဖို့ ကာရိုက်တာစိတ်သွင်းကြနဲ့ ပျော်ဖို့ကောင်းပါတယ်၊ ကျွန်တော် ဒီကားမရိုက်ခင်တုန်းကတော့ အရင်က ရိုက်ခဲ့ဖူးတယ်၊ ဘိုဘို ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ရိုက်ခဲ့ဖူးတယ်၊ ကျွန်တော့်အတွက်ကတော့ သရုပ်ဆောင်ဘက်ကို သိပ်မစိမ်းပါဘူး၊ ဒါပေမယ့် လိုအပ်ချက်အနည်းငယ်တော့ ရှိနေပါတယ်"

**ကိုလင်း**



# တစ်ချိန်က အောင်မြင်မှုများရရှိခဲ့သည့် "ဒိုရေမီ" ၏ ခြေလှမ်းသစ်စတင်

"ဒိုရေမီစတား" စီးရီးမှ "ကမ္ဘာကျော်တဲ့စိတ်ကူး" အမည်ရသည့် တေးသီချင်းနှင့် လူငယ်ပရိသတ်များအကြား ရေပန်းစားခဲ့သည့် အမျိုးသမီးလူငယ်အဆိုတော်အဖွဲ့ ဒိုရေမီက ဂီတလောကနှင့် အဆက်အသွယ် လေးနှစ်တာမျှ ပြတ်တောက်နေခဲ့ပြီး ယခုအခါ ပြန်လည်ထွက်ပေါ်လာခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

ဒိုရေမီအဖွဲ့၏ ဒုတိယမြောက်စီးရီးဖြစ်သော "ဘာဆိုလားပဲ" အခွေကို ယခုလ ၁ ရက်တွင် စတင်ဖြန့်ချိခဲ့ခြင်းနှင့်အတူ ဂီတလောကအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ယင်းတေးစီးရီးတွင် တေးသီချင်းသစ် ၁၀ပုဒ်ခန့် ပါဝင်သည်။ တေးရေးများအဖြစ် ရွှေဂျော်ဂျော်၊ ကလုန်းနှင့် ဝင်းမော်တို့က ရေးစပ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ "အခုထွက်လိုက်တဲ့ အခွေက ကျွန်မတို့ ဒိုရေမီအဖွဲ့အနေနဲ့ ပရိသတ်ကြီးကိုပြန်ပြီး မိတ်ဆက်တဲ့ သဘောဖြစ်ပါတယ်၊ ဒိုရေမီရဲ့သီဆိုမှုကို ကြိုက်တဲ့ ပရိသတ်တွေအတွက် အကြိုက်တွေ့စေမယ့် သီချင်းလေးတွေလို့လည်း ယုံကြည်ပါတယ်၊ တကယ်လို့များ ပရိသတ်ကြီးက ကျွန်မတို့အဖွဲ့ကို လက်မခံတော့ဘူးဆိုရင်တော့ အခွေဆက်ထုတ်ဖြစ်တော့မှာမဟုတ်ပါဘူး၊ ဒါက ပရိသတ်ကြီးရဲ့အားပေးမှုကို မျှော်လင့်ရတဲ့ ကျွန်မတို့အတွက်တော့ အရေးကြီးတဲ့ စီးရီးလေးတစ်ခုပါပဲ၊ ဒီထဲက သီချင်းတွေအားလုံးကို ကျွန်မတို့ စိတ်ကြိုက်ဖန်တီးထားတာဖြစ်ပါတယ်၊ ဒီအခွေလေးက ပထမထွက်ခဲ့တဲ့ အခွေထက်ပိုကောင်းတဲ့ အရာတွေကိုပေးသွားမှာ ဖြစ်ပါတယ်"ဟု ဒိုရေမီအဖွဲ့ဝင် ပုလဲခေတ်က ပြောသည်။

အဆိုပါ တေးစီးရီးကို Lazy Club Band မှ တီးခတ်ထားပြီး "ဒိုရေမီ" အဖွဲ့မှ ပုလဲခေတ်၊ မြတ်နိုး၊ ချို တို့ တစ်ဦးချင်းတစ်ကိုယ်တော်ခွေများလည်း မကြာမီ ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ ယခုလ ၂၅ ရက်တွင် သူတို့၏ "ဒိုရေမီ" We Love အဖွဲ့များနှင့် တွေ့ဆုံပွဲကိုလည်း အခွေဝယ်ယူသည့် ပရိသတ်များအပေါ်ကြည့်၍ ဖျော်ဖြေပွဲနှင့်တွဲဖက်ပြုလုပ်သွားရန် ရှိကြောင်း သိရသည်။

**ကိုလင်း**

# မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ပထမအကြိမ်မြောက် Mister Tourism World 2017ပြိုင်ပွဲကို ကျင်းပမည်

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် Mister Tourism World 2017 ပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ ၂၁ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



"ကျွန်တော့်ကို အခုလို ရွေးချယ်ခဲ့တဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်မိပါတယ်၊ အရင်နှစ်က Mister Tourism world 2016 မှာ မြန်မာနိုင်ငံ ကိုယ်စားပြုဝင်ပြိုင်ခဲ့တဲ့ ကိုဥက္ကာမင်းမောင်က ဆုရရှိခဲ့ပါတယ်၊ ဒါကလည်း ကျွန်တော့်အတွက် အလွန်အားရှိစရာ ကိစ္စရပ်ပါပဲ၊ ကျွန်တော့်အနေနဲ့ကတော့ ပြိုင်ပွဲကနေ တစ်ဆင့် ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံဟာ လုံခြုံ အေးချမ်းတယ်၊ လည်ပတ်စရာတွေ အများကြီးရှိတယ်၊ သာယာလှပတဲ့ သဘာဝတရားကြီး မပျက်မယွင်းရှိနေတယ်၊ တန်ခိုးကြီးဘုရားတွေနဲ့ ဗဟုသုတအဖြစ် လေ့လာနိုင်တာတွေ အများကြီးရှိတယ်၊ မြန်မာလူမျိုးတွေရဲ့ အေးချမ်းလှတဲ့ ဓလေ့စရိုက်တွေ၊ ရိုးရာယဉ်ကျေးမှုတွေအားလုံးကို လာရောက်ယှဉ်ပြိုင်တဲ့သူတွေပါမက တစ်ကမ္ဘာလုံးက သိစေချင်တယ်၊ သူတို့တွေက ဒီဇင်ဘာ ၁၁ ရက်မှာ ရန်ကုန်ရောက်ကြမယ်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်နဲ့ ပုဂံဒေသတွေကို သွားကြမယ်၊ ပြိုင်ပွဲအတွက်လည်း ကျွန်တော်အများကြီး ကြိုးစားပြင်ဆင်နေပါတယ်၊ အဆင်သင့်လည်း ဖြစ်နေပါပြီ"ဟု မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အောင်ဆိုင်းထွဋ်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင်နိုင်ငံပေါင်း ၂၅နိုင်ငံမှ ပြိုင်ပွဲဝင်များ လာရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် Mister Tourism Myanmar 2017အောင်ဆိုင်းထွဋ်က ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# Brits Critics' Choice ဆုကို ဂျော်ဂျာစမစ်ရရှိ

အသက် ၂၀ အရွယ် R&B အဆိုတော် ဂျော်ဂျာစမစ်ဟာ Brits Critics' Choice ကိုရရှိခဲ့ပါတယ်။ မာဘယ်နဲ့ စတက်ဖလွန်ဒန်ဆိုတဲ့ ပြိုင်ဘက်နှစ်ဦးကို ဖြတ်ကျော်ပြီး ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆုကို ရရှိတဲ့သူတွေဟာ ဗြိတန်ရဲ့ အနာဂတ်ကြယ်ပွင့်တွေလို့ အသိအမှတ်ပြုထားပြီး နာမည်ကျော်အဆိုတော် အဒဲလ်ဟာလည်း ဒီဆုကို ရရှိခဲ့ဖူးပါတယ်။ စမစ်ကတော့ သူဒီဆုကိုရရှိတဲ့အတွက် ဒီနှစ်အတွက် အကောင်းဆုံး အဆုံးသတ်ဖြစ်သွားပြီလို့ ဆိုပါတယ်။ ကနေဒါ R&B အဆိုတော်ကလည်း သူ့ရဲ့ဂီတဖျော်ဖြေပွဲအတွက် စမစ်ကို ဖိတ်ခေါ်ခဲ့ဖူးပါတယ်။ စမစ်ကတော့ သူ့အနေနဲ့ဒီဆုကို ရလိမ့်မယ်လို့ မျှော်လင့်မထားဘူးလို့ ဆိုပါတယ်။ ဒီဆုကို ရွေးချယ်ပေးသူတွေကတော့ ဂီတလောကရဲ့ကျွမ်းကျင်သူတွေပါပဲ။ ဒါကြောင့် သူက မယုံကြည်နိုင်လောက်အောင်ဖြစ်ရတယ်လို့ ပြောတာပါပဲ။

၂၀၁၇ ခုနှစ်ကိုတော့ မေ့မရအောင်ဖြစ်သွားပါပြီ။ အိမ်မက်တွေအားလုံးဟာ အမှန်တကယ်ဖြစ်လာတယ်လို့ သူကဆိုပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဒီထက်ပိုပြီး အများကြီး ကြိုးစားရပါဦးမယ်လို့သူက ဆက်ပြောပါတယ်။ အကောင်းဆုံးစာရင်းထဲမှာ ပါဝင်ခဲ့တဲ့ မာဘယ်နဲ့ စတက်ဖလွန်ဒန်တို့အတွက်လည်း ၂၀၁၇ခုနှစ်ဟာ အမှတ်တရတွေ အများကြီး ပေးစွမ်းနိုင်တဲ့ နှစ်ဖြစ်သွားမှာပါပဲ။ Critics' Choice ဆုဟာ Brit Award အခမ်းအနားမတိုင်မီ ကြိုတင်ဂုဏ်ပြုကြေညာတဲ့ဆုလည်း ဖြစ်တယ်။ ဆုအားလုံးကိုတော့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက်နေ့မှာ ကျင်းပသွားမှာပဲ ဖြစ်တယ်။

**ဘီဘီစီ**



# ဂျူလီယာရောဘတ်ရဲ့ ဇာတ်ကားသစ်အောင်ပွဲခံလျက်ရှိ

ရုပ်ရှင်မင်းသမီး ဂျူလီယာရောဘတ်ဟာ သူ့ရဲ့ရုပ်ရှင်အသစ်ဖြစ်တဲ့ Wonder ဆိုတဲ့ဇာတ်ကားမှာမွေးရာပါ မျက်နှာမှာ ချွတ်ယွင်းချက်ရှိတဲ့ ကလေးငယ်ရဲ့မိခင်အဖြစ် သရုပ်ဆောင်ထားပြီး အဲဒီဇာတ်ရုပ်အတွက် သူ့မှာ ပြောစရာစကားမရှိအောင်ဖြစ်သွားခဲ့ရတယ်လို့ဆိုပါတယ်။ ဒီရုပ်ရှင်ဟာ အရောင်းရဆုံးဝတ္ထုကို အခြေခံရိုက်ကူးထားပြီး ဂျူလီယာရောဘတ်ကတော့ ဒီဝတ္ထုကို သူဖတ်ကြည့်တဲ့အခါ အထူးကောင်းမွန်တာကိုတွေ့ရပြီး ကျွန်မတို့အားလုံးဖတ်သင့်တဲ့ဇာတ်လမ်းတစ်ခု လည်းဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အဲဒီဇာတ်ကားမှာ ဂျူလီယာရောဘတ်ဟာ အစ္စဘယ် ပူးမန်းအဖြစ် သရုပ်ဆောင်ထားပြီး ကျောင်းမနေရသေးတဲ့ ၁၀နှစ်အရွယ် ကလေးငယ်ကို အိမ်မှာပဲ ပညာသင်ကြားပေးတဲ့နေရာကနေ သရုပ်ဆောင်ထားပါတယ်။

ဒီဇာတ်ကားနဲ့ပတ်သက်ပြီး ဂျူလီယာရောဘတ်က အစ္စဘယ် ဆိုတဲ့ဇာတ်ရုပ်နဲ့ ပတ်သက်ကာ တကယ်ပဲ သူ့ကို အံ့အားသင့်စေတဲ့အချက်ကတော့ ထူးခြားတဲ့ ၁၀နှစ်အရွယ်ကလေးငယ်နဲ့တူ အချိန်တိုင်း၊ မိနစ်တိုင်း ကုန်ဆုံးပြီး နောက်ဆုံးမှာတော့ ဒီကလေးကို လက်တွေ့ကမ္ဘာကြီးနဲ့ ထိတွေ့ဖို့ခေါ်ဆောင်ပေးဖို့ ဆုံးဖြတ်လိုက်တာပဲ ဖြစ်တယ်။ မျက်နှာမှာ မွေးရာပါရောဂါကြောင့် ချွတ်ယွင်းချက်ရှိနေတဲ့အတွက် အိမ်မှာ စာသင်ပေးရာကနေ အလယ်တန်းကျောင်းမှာ ပြောင်းအပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဇာတ်ကားကို ပြသတဲ့အခါ ဒီဇင်ဘာ ၃ ရက်မှာ အမေရိကန်နဲ့ ကနေဒါတို့မှာ ဒေါ်လာ ၈၈ သန်းနဲ့ အခြားဒေသတွေမှာ တော့ ၁၂ ဒသမ ၂သန်း တစ်ကမ္ဘာလုံးအနှံ့ပြသရာမှာတော့ စုစုပေါင်း သန်း ၁၀၀ကျော် ရရှိခဲ့ပါတယ်။ ဒီဇာတ်ကားကို တကယ်တမ်း ထုတ်လုပ်တဲ့စရိတ်ကတော့ သန်း ၂၀သာကျသင့်ခဲ့တာ ဖြစ်ပါတယ်။

ဒီဇာတ်ကားမှာပါဝင်ခဲ့တဲ့ ကလေးသရုပ်ဆောင် Jacob Tremblay ဟာ ဆိုရင်လည်း မျက်နှာမှာ အထူးပြုလုပ်ချက်မိတ်ကပ်အတွက် တစ်နေ့မှာ နှစ်နာရီကျော်ကြာ မိတ်ကပ်လိမ်းခဲ့ရပါတယ်။ ဒီဇာတ်ကားရဲ့ အဓိကပေးချင်တဲ့ ရည်ရွယ်ချက်ကတော့ဘယ်တော့မှ လက်မလျှော့နဲ့လို့ ပြောချင်တာပဲဖြစ်တယ်လို့ Jacob ကပြောခဲ့ပါတယ်။ ဂျူလီယာရောဘတ်နဲ့ Jacob တို့ နှစ်ဦးစလုံးဟာ ဒီဇာတ်ကားက အဓိကပေးချင်တဲ့ ရည်ရွယ်ချက်ကို ပရိသတ်တိုင်း ခံစားနိုင်ဖို့မျှော်လင့်ထားကြပါတယ်။

**ဘီဘီစီ**



# နတ်တော်လနှင့် စာဆိုတော်နေ့

**တင်မောင်ဦး(အလုံ)**

နတ်တော်လသည် နတ်များကို ပူဇော်သောလဟု အဓိပ္ပာယ်ရသည်။ ဤလတွင် မိဂသီနက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်မွန်းတည့်သည်။ ဟင်္သာတာရာထွန်းသည်။ ရာသီမှာ ဓနုဖြစ်သည်။ ရာသီရုပ်မှာ အရှေ့ပိုင်းလူ၊ အနောက်ပိုင်းမြင်း ဖြစ်သည်။ ရာသီပန်းမှာ သဇင်ပန်းနှင့် ဂမုန်းပန်းတို့ဖြစ်ပြီး ဆောင်းရာသီဖြစ်သောကြောင့် မြောက်ပြန်လေများ တိုက်ခတ်လျက်ရှိရာ ချမ်းအေးသည့်လဖြစ်သည်။

နတ်တော်လသည် မိုးသားများ မငြိမ်မသက်ဖြစ်ကာ ဆီးနှင်းမိုးများလည်း ရွာသွန်းတတ်ပေသည်။ ရှေးအခါက မင်းဆရာတို့သည် ထိုလတွင် နတ်များကို ပူဇော်ပသပွဲများ ပြုလေ့ရှိသောကြောင့် ယခုအခါ ရိုးရာမပျက် ထိုလတွင် နတ်ပူဇော်ပွဲများ ကျင်းပကြသည်။ ရှေးအခါက ဆင်သည် မင်းတို့၏ ရတနာ၊ တိုင်းပြည်၏ အင်အားဖြစ်သောကြောင့် နတ်တော်လတွင် ဆင်ဖမ်းပွဲများကိုလည်း ကျင်းပကြသည်။ ထို့အပြင် နတ်ကဲ့သို့ မြင့်မြတ်သည့် ပညာရှိကြီးများ၊ စာပေပညာရှင်များကိုလည်း ချီးမြှင့်ပူဇော်သော စာဆိုတော်ပွဲကို ကျင်းပကြသည်။

ပုဂံခေတ်က အမျက်ပြေလင်္ကာရေးခဲ့သော အနန္တသူရိယ အမတ်ကြီးအား နရပတိစည်သူမင်းကြီးက သေစေအမိန့်မှ လွတ်စေခဲ့သလို၊ လက်ဝဲသုန္ဒရအမတ်ကြီးသည်လည်း မဲဇာတောသို့ရောက်ရှိချိန်တွင် ရွှေပြည်ဌာနေဝေးသောကြောင့်၊

> “ စာဆိုတော်နေ့ အခါသမယတွင် စာပေဟောပြောပွဲများ ကျင်းပပြီး စာပေအသိဉာဏ်ရင့်ကျက်စေခဲ့သလို သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့သည် ”

နေခြည်ဖြာမှ နွေးသောကြောင့်၊ လေပြည်လာက အေးသောကြောင့် ဟူသော စိတ်နှလုံးနူးညံ့စေသော လင်္ကာဖြင့် မဲဇာအရပ်မှ ရွှေဘိုနန်းတော်သို့ ပြန်လည်ရောက်ရှိစေခဲ့ပြီး၊ ယောမင်းကြီး ဦးဖိုးလှိုင်သည် ရာဇဓမ္မသင်္ဂဟကျမ်းဖြင့် ကုန်းဘောင်ခေတ်၊ တတိယမြန်မာနိုင်ငံတော်ကို ခေတ်မီတိုးတက်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ် တိုးတက်စေရေးအတွက် ဆောင်ရွက်ခဲ့ပေသည်။ ဦးပုညသည် ရေသည်ပြဇာတ်ဖြင့် မင်းနှင့် ပြည်သူရင်ဝယ်သားကဲ့သို့ ချစ်ကြည်မှုနှင့် ချီးမြှောက်မှု၊ မင်းကို အစဉ်ရိုသေမြတ်နိုးကိုးကွယ်မှုစသော စိတ်ဓာတ်အစဉ်အလာ ကောင်းများကို ဖြန့်ဝေပေးခဲ့သည်။

မြန်မာတို့အား ကျေးဇူးတရားသိတတ်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ဇာတိသွေး ဇာတိမာန် စိတ်ဓာတ်များဖြစ်ပေါ်လာလျက် တောတောင်ရေမြေသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှုမှတစ်ဆင့် လူမျိုးနှင့်နိုင်ငံကို စောင့်ရှောက်ကာကွယ်လိုစိတ်များ မွေးဖွားခဲ့သည်မှာ မြန်မာစာဆိုတော်များပင် ဖြစ်ပေသည်။ ကမ္ဘာကြီး၏ နယ်ချဲ့စနစ်ကြောင့် သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရချိန်တွင်လည်း မြန်မာစာဆိုတော်များသည် တိုင်းပြည်အလင်းရောင်ရအောင်၊ အမျိုးသားရေးစိတ်ဓာတ်နိုးကြားအောင် စာပေဖြင့်ပင် ဆောင်ရွက်ခဲ့ကြသည်။

စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးအဘက်ဘက်မှ ထူးချွန်ပြောင်မြောက်သော စာပေပညာရှင်ကြီးများအား ဂုဏ်ပြုသောအားဖြင့် ၁၉၄၄ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် သက်ဆိုင်ရာ အာဏာပိုင်များမှ အစည်းအဝေးပြုလုပ်ပြီး နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ ပထမဆုံးစာဆိုတော်နေ့ကို ကန်တော်ကြီးစောင်းမြိုင်ပြဇာတ်ရုံတွင် ဝိဇယပြဇာတ်တင်ဆက်ပြီး ကျင်းပနိုင်ခဲ့ပေသည်။

စာဆိုတော်နေ့ အခါသမယတွင် စာပေဟောပြောပွဲများ ကျင်းပပြီး စာပေအသိဉာဏ်ရင့်ကျက်စေခဲ့သလို သက်ကြီးစာပေ ပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့သည်။

ရှေးမြန်မာဘုရင်များ လက်ထက်က ဆိုလျှင် စာဆိုတော်များအား ဆုလာဘ်များ ချီးမြှင့်မြှောက်စားခဲ့သည့်အပြင် မြို့စား၊ ရွာစားများအဖြစ်လည်း ချီးမြှင့်ခဲ့သည်မှာ ဆီသည်ရွာစားဦးအောင်ကြီး၊ လှိုင်ထိပ်ခေါင်တင်စသော စာဆိုများက သက်သေသာဓကများ ဖြစ်ပေသည်။

ယနေ့နိုင်ငံတော်ကလည်း ရှေးအစဉ်အလာကောင်းများအတိုင်း အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာပေဆုများ၊ တစ်သက်တာစာပေဆုများ ချီးမြှင့်ပြီး အမျိုးသားစာပေဂုဏ်ကို ထွန်းပြောင်စေခဲ့ပေသည်။ စာရေး ဆရာ ဆရာမကြီးများသည် မိမိတို့၏ဘဝကို စာပေနယ်တွင် မြှုပ်နှံထားပြီး တိုင်းပြည်နှင့်လူမျိုးအသိပညာမြင့်မားရေးကို ဆောင်ရွက်နေသူများဖြစ်ကြပေသည်။

အချုပ်အားဖြင့်ဆိုရသော် နတ်တော်လသည် တောင်သူလယ်သမားတို့ ပျော်ရွှင်ကြည်နူးဖွယ်လဖြစ်သလို နတ်များ ပူဇော်ပွဲနှင့်အတူ စာရေးဆရာကြီးများအားလည်း ပူဇော်ကန်တော့သည့်လဖြစ်ပြီး ဂမုန်းပန်း၊ သဇင်ပန်းရနံ့တို့နှင့်အတူ အေးမြသော ရာသီဥတုနှင့် တစ်နိုင်ငံလုံးအတွက် အလွန်ချမ်းမြေ့ပျော်ရွှင်ဖွယ်ရာ ကောင်းသောလဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရွှေပြည်လမ်းညွှန် ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်လှစ်၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေး



**သထုံ ဒီဇင်ဘာ ၅**

မွန်ပြည်နယ် သထုံမြို့လိပ်အင်းရပ်ကွက် နေမိန္ဒရဘုရားလမ်း၌ ကုသိုလ်ဖြစ်ဆေးခန်းကို နိုဝင်ဘာလနောက်ဆုံးပတ်က စတင်ဖွင့်လှစ်ရာ အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင်များအတွက် ဆေးဝါးလာရောက်ကုသသူ ၆၀၀ ကျော်ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်တွင် ၁၀၀၀ ကျော်ကိုလည်းကောင်း (အခမဲ့ဆေးကုသမှု) အစီအစဉ်ဖြင့် ပါမောက္ခ ဒေါက်တာ ဦးမြသိန်းဟန် (ဗိုလ်မှူးချုပ် အငြိမ်းစား) ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် နယ်မြေခံတပ်မတော်သားဆေးဝန်ထမ်းများ ပါဝင်သောအဖွဲ့က ဝေဒနာရှင်များအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ထို့နောက် ဒီဇင်ဘာ ၃ ရက်အထိ ဆက်လက်ဆောင်ရွက်ခဲ့ပြီး လူမှုကူညီရေးယာဉ်များဖြင့် ခွဲစိတ်လူနာများကို ခွဲစိတ်ကုသပေးမည့် ဆေးရုံများသို့ ပို့ဆောင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆေးဝါးများကို ရွှေပြည်လမ်းညွှန်ဆရာတော် ဦးဝေပုလ္လနှင့် ဒါယကာဒါယိကာမဖြစ်သော ဦးကျော်ဝေ-ဒေါ်လှလှကြည် (အကောင်းကြိုက်ကဖီးနှင့် မြန်မာထမင်းဆိုင်၊ ရိုးရာကပ္ပာကယာမုန့်)တို့က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူရှင် ဦးကျော်ဝေ မိသားစုသည် ရွှေပြည်လမ်းညွှန် အဆောက်အအုံ မြေနေရာအပြင် သက်ကြီးရွယ်အို တရားရိပ်သာ၊ ကုသိုလ်ဖြစ် ဆေးခန်းတည်ဆောက်မှုများနှင့် ဆေးဝါးစောင့်ရှောက်မှုများအတွက် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဖျာပုံခရိုင် စာကြည့်တိုက်၌ ကလေးငယ်များအတွက် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၅**

ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းသား ကျောင်းသူများအတွက် ကျပန်းစကားပြောပြိုင်ပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က ခရိုင်စာကြည့်တိုက်ခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲနှင့်ပတ်သက်သည့် အမှတ်ပေးစည်းမျဉ်းများကို အငြိမ်းစားဆရာကြီး ဦးအောင်မြင့်က ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲအားကျင်းပခဲ့ရာ ပထမဆုကို မကြည်ဖြူစင် (အ.ထ.က-ခွဲ၊ အ.လ.က-၁)၊ ဒုတိယဆုကို မဇင်ဇင်မေအောင် (အ.ထ.က -၂)၊ တတိယဆုကို မောင်သက်ဦးဇော် (အ.ထ.က-ခွဲ၊ အ.လ.က-၁)နှင့် နှစ်သိမ့်ဆုကို နော်ချစ်ဆုမောင် (အ.ထ.က -၁) တို့က ရရှိခဲ့ကြသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲသို့ ဖျာပုံမြို့ပေါ်ရှိ အထက်တန်းကျောင်း သုံးကျောင်းနှင့် အ.ထ.က-ခွဲ၊ အ.လ.က-၁ (ရုတ်တိတ်)ကျောင်းမှ အလယ်တန်းကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



# သဘာဝ သယံဇာတများ ထိခိုက်ပျက်စီးစေမည့် ကိစ္စရပ်များကို ထိရောက်စွာ အရေးယူသွားမည်

**စစ်ကိုင်း ဒီဇင်ဘာ ၅**

သဘာဝသယံဇာတ အရင်းအမြစ်များကို ထိခိုက်ပျက်စီးစေမည့် ကိစ္စရပ်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ဟန့်တားအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောကြားသည်။

"လူသားတွေအပါအဝင် သက်ရှိများရဲ့ဘဝ ရှင်သန်ရပ်တည်နိုင်ဖို့အတွက် တန်ဖိုးရှိလှတဲ့ သဘာဝဂေဟစနစ်များနဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ဘက်ပေါင်းစုံက ထိန်းသိမ်းကာကွယ်ဖို့ အထူးလိုအပ်တဲ့အလျောက် သဘာဝသယံဇာတအရင်းအမြစ်တွေကို ထိခိုက်ပျက်စီးစေမယ့် ကိစ္စရပ်တွေကို ဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ထိထိရောက်ရောက် ဟန့်တားအရေးယူ ဆောင်ရွက်သွားမှာဖြစ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကို ကဏ္ဍအားလုံးမှာ ပေါင်းစပ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေအနေနဲ့လည်း မိမိတို့တတ်နိုင်တဲ့အပိုင်းကနေ ဖြစ်နိုင်သမျှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးက ပြောကြားသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်း၏ အဓိကအကြောင်းအရင်းမှာ လူသားများ၏ ပြုမူနေထိုင်မှုများကြောင့်ဖြစ်ပြီး ပျက်စီးနေသော ပတ်ဝန်းကျင်ကို ပြန်လည်ကုစားရန် အားလုံးတွင်တာဝန်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲရန်ဆိုသည်မှာ ရှုံးနေသည့် စစ်ပွဲကို အနိုင်တိုက်ယူရသည့် စစ်ပွဲမျိုးဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံသည် လွန်ကဲသည့်ရာသီဥတုဖြစ်ရပ်များကို အခံစားရဆုံး နိုင်ငံများထဲတွင် ပါဝင်ပြီး ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ခုနှစ်တွင် ခံစားခဲ့ရသော လွန်ကဲသည့် အပူလှိုင်းများနှင့် ၂၀၁၅ ခုတွင် ကြုံတွေ့ရသည့် ရေကြီးရေလျှံမှုများကဲ့သို့သောဖြစ်ရပ်များသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသလို အများပြည်သူ၏ စီးပွားရေး၊ လူမှုရေးအပေါ် ဒုက္ခရောက်စေသည့် အကျိုးသက်ရောက်မှုများလည်း ရှိခဲ့ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံ၏ သစ်တောလက်ကျန်ဧရိယာများအနက် စစ်ကိုင်းတိုင်းဒေသကြီးသည် သစ်တောပိုင်ဆိုင်မှုအများဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ၊ သဘာဝကြိုးဝိုင်းများ၊ သဘာဝနယ်မြေများကို သတ်မှတ်ထိန်းသိမ်းထားပြီးဖြစ်သလို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ခုနစ်ခုကို အာဆီယံအမွေအနှစ်ဥယျာဉ်များအဖြစ် သတ်မှတ်ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ခနုဖြူမြို့နယ်တွင်ကျင်းပ

**ခနုဖြူ ဒီဇင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပဉ္စမနှစ်စက်ဝန်း (၂၀၁၇-၂၀၁၈)ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ၁၆ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ရာ တစ်မြို့အပါအဝင်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်တွင် နိုဝင်ဘာလနောက်ဆုံးပတ်၌ လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲအား နံနက် ၉ နာရီတွင် ခနုဖြူမြို့နယ် (၁၅) ရပ်ကွက် ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက် ရာပြည့်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှမှ အမှာစကား ပြောကြားခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာန တိုင်းဒေသ ကြီးဦးစီးမှူး ညွှန်ကြားရေးမှူးဦးစိုးသန်းက မိတ်ဆက်စကားပြောကြားခြင်း၊ ကျေးလက်ဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးလှခိုင်က စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဝေထွန်းက စီမံကိန်းစက်ဝန်းအကြောင်း ရှင်းလင်းတင်ပြပြီး ခနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရပ်မိရပ်ဖ၊ CSO များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ သတင်းမီဒီယာများ စုစုပေါင်းလူဦးရေ ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခင်သန္တာထွေး (ပြန်/ဆက်)**

# ရှမ်းမျိုးနွယ်ဝင်များ ကောက်ဦးဆွမ်း စုပေါင်းကပ်လှူပူဇော်ပွဲ စည်ကားစွာကျင်းပနိုင်ရန် ဆွေးနွေး

**ဗန်းမော် ဒီဇင်ဘာ ၅**

ကချင်ပြည်နယ် ဗန်းမော်မြို့ ရွှေကျီးနားရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် အိုက်ခေါ်တော်စေတီတော်၌ ရှမ်းမျိုးနွယ်ဝင်များ ကောက်ဦးဆွမ်း စုပေါင်းကပ်လှူပူဇော်ပွဲကို နှစ်စဉ် ပြာသိုလဆန်း ၁၅ ရက်တွင် ကျင်းပရာ ယခုနှစ်တွင်လည်း ၄၁ ကြိမ်မြောက် ကောက်ဦးဆွမ်းကပ်လှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ ရက်က ရွှေကျီးနားရပ်ကွက် တံခွန်တိုင်ကျောင်းတိုက်၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မင်းလှကျောင်းတိုက်ဆရာတော်ထံမှ သြဝါဒခံယူကြပြီး ကောက်ဦးဆွမ်းကပ်လှူပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလေးက အမှာစကားပြောကြားကာ အဖွဲ့ဝင် ဦးမောင်ထွေးက ပြီးခဲ့သော အကြိမ် ၄၀ မြောက် ရှမ်းမျိုးနွယ်ဝင်များ ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပူဇော်ပွဲ ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းတင်ပြသည်။ ထို့နောက် ဆွေးနွေးပွဲ တက်ရောက်သူများက ၄၁ ကြိမ်မြောက် ကောက်ဦးဆွမ်းကပ်လှူ ပူဇော်ပွဲကို ယမန်နှစ်ထက် ပိုမိုစည်ကားစွာ ကျင်းပနိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ယခုနှစ်ကျင်းပမည့် ၄၁ ကြိမ်မြောက် ကောက်ဦးဆွမ်းကပ်လှူပူဇော်ပွဲတွင် ဆွမ်းဆန်စိမ်းလောင်းလှူရေး၊ ဆရာတော်သံဃာတော် အပါး ၁၀၀ နှင့် သီလရှင် အပါး ၁၀၀ တို့အား ဆွမ်းဆက်ကပ်ရေး၊ ဧည့်ပရိတ်သတ်များအား ကျွေးမွေး ဧည့်ခံရေး၊ အလှူငွေ ကောက်ခံရေး၊ ကောက်ဦးဆွမ်းကပ်လှူပူဇော်ပွဲ အထိမ်းအမှတ် ရှမ်းဘာသာဖြင့် စာစီစာကုံးရေးဖြေပြိုင်ပွဲ ကျင်းပရေးနှင့် ဆုရရှိသူများ ဆုချီးမြှင့်ရေး၊ အားကစားပြိုင်ပွဲများနှင့် ရှမ်းရိုးရာယဉ်ကျေးမှု အကအလှပြိုင်ပွဲများ ကျင်းပရေးနှင့် ဆုချီးမြှင့်ရေး၊ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ဆီမီးခုံ-နန်းရီ**

# အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းနှင့် ဖူဆယ်ပြိုင်ပွဲ ကျင်းပ

**လေးမျက်နှာ ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (TSDP) အရ ကျင်းပသော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းနှင့် ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။



ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန စီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က အားကစားလုပ်ခြင်းဖြင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ၊ ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် တားမြစ်ဆေးသုံးခြင်းစသည့် မသမာသောယှဉ်ပြိုင်မှုများ မဖြစ်စေဘဲ ရိုးသားစွာယှဉ်ပြိုင်ကစားကြရန် စသည်တို့ကို ပြောကြားပြီး လူငယ်လူရွယ်များအနေဖြင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ ကျန်းမာလာစေရန်၊ အားကစားပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သော အားကစားသမားများ၊ နိုင်ငံကိုယ်စားပြု အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးထူးထက်က ပြိုင်ပွဲစည်းကမ်းချက်များနှင့် စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်ကစားကြရန် ပြောကြား၍ အားကစားပြိုင်ပွဲများကို ဖွင့်လှစ်ပေးခဲ့သည်။ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်းကိုးသင်းနှင့် ဖူဆယ်ပြိုင်ပွဲတွင် အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၃ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးထွေး(လေးမျက်နှာ)**

# ကျေးရွာချင်းဆက် မြေနီလမ်း ပြုပြင်

**ပြည် ဒီဇင်ဘာ ၅**

ပြည်မြို့နယ် ပေါင်းတလည်မြို့နှင့် ဝက်ထီးကန် ဆက်သွယ်သော ပေါင်းတလည်-ဝက်ထီးကန်ပတ်လမ်း မြေနီလမ်းအား အများပြည်သူ သွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၀ ပေနှင့် အမြင့် ၃ လက်မရှိ မြေနီလမ်းခင်း ပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မွမ်းမံ) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး အဆိုပါလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို နိုဝင်ဘာလ နောက်ဆုံးပတ်က ခရိုင် ကျေး/လက်ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့် အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ် ကျေး/လက် ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### နတ်မောက်မြို့နယ်တွင် ဈေးကားတိမ်းမှောက်၍လူ ၁၆ ဦးဒဏ်ရာရ



နတ်မောက်မြို့နယ် စည်သာကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၂ ရက်က ဈေးကားတစ်စီး တိမ်းမှောက်ခဲ့၍ လူ ၁၆ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ နတ်မောက်မြို့မ ရဲစခန်းမှ ဒုရဲအုပ် ထက်မြတ်နိုင်၏ သွားရောက်စစ်ဆေးချက်အရ အနောက်ဂွေးချို ကျေးရွာအုပ်စု အနောက်ဖုန်ကုန်းကျေးရွာနေ မိုးမင်း(၂၇ နှစ်) မောင်းနှင်လာသော ဖောကား အပြာရောင် ဈေးကားသည် နတ်မောက်-ရွှေညောင်ပင်-အနောက်ဖုန်ကုန်း ကျေးရွာ-ပျော်ဘွယ်လမ်းပေါ် မိုင်တိုင်အမှတ် (၅၈/၅) နှင့် (၅၈/၆) ကြား၌ ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဈေးကားပေါ်တွင် လိုက်ပါလာသူ ခရီးသည် ၁၆ ဦး ဒဏ်ရာများ ရရှိခဲ့ကြပြီး ယာဉ်မောင်း မိုးမင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ ယာဉ်မှောက်မှုကြောင့် ဒဏ်ရာရသူများထဲတွင် စိုးရိမ်ရလူနာ လေးဦးပါဝင်၍ ၎င်းတို့အား နတ်မောက်ဆေးရုံမှ မကွေးပြည်သူ့ဆေးရုံသို့ ပြောင်းလဲပို့ဆောင်ထားကာ ဖြစ်စဉ်နှင့်ပတ်သက်၍ ထွက်ပြေးတိမ်းရှောင်နေသူ ယာဉ်မောင်း မိုးမင်းအား နတ်မောက်မြို့မရဲစခန်းက အမှုဖွင့်ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ဇေယျ**

### ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် တောညကျေးရွာအုပ်စု နမ့်လုံချောင်းအတွင်းရှိ ဖောင်များပေါ်မှ ရွှေတူးဖော်ရာတွင်အသုံးပြုသည့် အင်ဂျင်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ဒီဇင်ဘာ ၁ ရက်က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ နမ့်လုံချောင်းအတွင်း တရားမဝင်ရွှေတူးဖော်နေကြောင်း သတင်းအရ မြို့မရဲစခန်းမှ ဒုစခန်းမှူး ကိုကိုအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစောတင်မြင့်နှင့် သစ်တောဝန်ထမ်းများက သွားရောက်ရှာဖွေရာ ချောင်းအတွင်း၌ ရွှေများတူးဖော်ရန်ပြင်ဆင်ထားသည့် ဝါးဖောင်များပေါ်မှ မြင်းကောင်ရေ ၂၅ ကောင်အားရှိ အင်ဂျင်တစ်လုံး၊ လေအိုး(အစိမ်းရောင်)တစ်လုံး၊ ရေငုပ်ဝတ်စုံတစ်စုံ၊ ရေထိုးပိုက်တစ်ချောင်း၊ ရွှေစစ်ဆန်ခါ ငါးခု၊ ရေခရုပန့်တစ်ခုတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်း ရမိခဲ့ခြင်းဖြစ်ကာ အဆိုပါပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မိုးညှင်းမြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-နမ့်ချီမော် လမ်းမပေါ်၌ မူးယစ်ဆေးဝါးများ သယ်လာသည့် ဆိုင်ကယ်နှစ်စင်းကို ဒီဇင်ဘာ ၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ မိုးညှင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သက်နိုင်ဦးနှင့် မိုးညှင်းမြို့နယ် မူခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ်ဇော်လွင် ဦးဆောင်သော ပူးပေါင်းအဖွဲ့က စောင့်ဆိုင်းရှာဖွေစဉ် ဝိုင်းချစ်(ခ)သန့်ဇင်ထွေး(၂၅ နှစ်)မောင်းနှင်ပြီး ငြိမ်းချမ်း(၂၉ နှစ်) စီးနင်းလိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ ငြိမ်းချမ်း၏ ခါးပတ်အိတ်အတွင်းမှ ဆပ်ပြာခွက်နှင့်ထည့်ထားသည့် ဘိန်းဖြူ ၁၀ ဒသမ ၁ ဂရမ်ကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ ရှာဖွေမှုများပြုလုပ်စဉ် မိုးညှင်းမြို့ နောင်စွန်းရပ်နေ ပိုင်ရှင်း(ခ)အားကြောင်(၂၇ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်ထားသည့် 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀ ပြားနှင့် ပလတ်စတစ်ဘူးဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ် တို့ကို ထပ်မံဖမ်းမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့သုံးဦးအား မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### ရေးမြို့၌ လူငယ်ချင်း စကားများရာမှ ဓားထိုးမှုဖြစ်

မွန်ပြည်နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ကျုံးပတ်လမ်း၌ လူငယ်သုံးဦး အရက်သေစာသောက်စားပြီး ပြန်လာစဉ် အချင်းချင်းစကားများရာမှ ဓားထိုးမှု ဒီဇင်ဘာ ၂ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည်။ လူငယ်သုံးဦး အချင်းချင်းစကားများရာမှ တစ်ဦးမှာ လက်လုပ်ဓားချွန်ဖြင့် ထိုးခံရခြင်းဖြစ်ကာ ရေးဆေးရုံတွင် အတွင်းလူနာအဖြစ် ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး လက်ရှိအချိန်တွင် လူနာမှာ စကားပြန်ပြောနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်မှ လူငယ် သုံးဦးလုံးမှာ ဒေသခံများမဟုတ်ကြဘဲ ရွှေ့ပြောင်းလုပ်သားများဖြစ်ကြပြီး ဓားဖြင့်ထိုးသူမှာ ထွက်ပြေးတိမ်းရှောင်သွား၍ ဖမ်းဆီးအရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရေးမြို့မရဲစခန်းမှ သိရသည်။

**နေမျိုးထွန်း(ရေး)**

# ချင်းပြည်နယ်အတွင်း မြို့နယ်များတွင် ချယ်ရီပင်များစိုက်ပျိုးခြင်းဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်မည်

**ဟားခါး ဒီဇင်ဘာ ၅**

ချင်းပြည်နယ်ရှိ မြို့နယ်တိုင်းတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုအစီအစဉ်တစ်ရပ်အဖြစ် ချယ်ရီပင်များစိုက်ပျိုး၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချယ်ရီပင်များကို ၂၀၁၈ ခုနှစ် မိုးရာသီအတွင်း၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ ဒေသအလှအပ တိုးလာစေရန်နှင့် ခရီးသွားလည်ပတ်မှုအတွက် ဆွဲဆောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်များတွင် ချယ်ရီပင်အရေအတွက် တစ်သောင်းကို စိစစ်စိုက်ပျိုးရန် စီစဉ်ထားကြောင်း၊ အထူးသဖြင့် မြန်မာ့မျိုးရင်းချယ်ရီပင်များ စိုက်ပျိုးမည်ဖြစ်ပြီး ချယ်ရီပင်များစိုက်ပျိုးမည့် အစီအစဉ်ကို လာမည့်နှစ် မိုးဦးကာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကာ ၂၀၂၀ ပြည့်နှစ်၌ အပွင့်ပွင့်ရန် ခန့်မှန်းထားကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။


မြို့နယ်များ၌ ချယ်ရီပင်များစိုက်ပျိုးခြင်းကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူ၍ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

"ချယ်ရီပင်တွေစိုက်မယ်ဆိုတာက ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်တွေထဲက တစ်ခုပါ၊ ဟားခါးမှာဆိုရင် ခရီးသွားတွေကို ဆွဲဆောင်နိုင်မယ့်နေရာတွေမှာ စိုက်ဖို့စီစဉ်ထားတယ်၊ အရင်ကလည်း စိုက်ထားတာရှိတယ်၊ ကန်ပက်လက်ဆိုရင် ခေါ်နူးစုမ်(ခ)နတ်မတောင်ခြေနဲ့ အမျိုးသား ဥယျာဉ်ကိုသွားတဲ့ လမ်းဘေးဝဲယာတစ်လျှောက် စိုက်သွားမှာပါ၊ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ဒေသအားလုံးမှာ စိုက်ပျိုးသွားမှာပါ၊ ချယ်ရီပင်တွေကြောင့် ဒေသအလှအပတိုးပြီး ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်စေဖို့ မျှော်လင့်ပါတယ်"ဟု ပြည်နယ်စည်ပင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ ခရီးသွားလာရေးလုပ်ငန်းကို ပြည်နယ်၏ အဓိကဦးစားပေးလုပ်ငန်းအဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး လုပ်ငန်းများအနေဖြင့် ကန်ပက်လက်မြို့ကို လူထုအခြေပြုခရီးသွားမြို့တစ်ခုဖြစ်ရန်၊ ရိခေါ်ဒါရ်မြို့ရှိ ရိဒ်ရေကန်ကို အာဆီယံအမွေအနှစ်စာရင်းဝင်နိုင်ရန်၊ ရိဒ်ရေကန်အခြေပြု ခရီးသွားလုပ်ငန်း စတင်နိုင်ရန်နှင့် ရိုးရာခွာဒိုပွဲတော်(ခေါ်) နှစ်သစ်ကူးပွဲတော်ကို လူသိများ ကျော်ကြားလာစေရန် စသည်တို့ကို ပြည်နယ်အစိုးရက စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း၌ ခရီးသွားများ စိတ်ဝင်စားကြသည့်နေရာများစွာ ရှိသည့်အနက် နတ်မတောင်အမျိုးသားဥယျာဉ်၊ ဘုံတလာရေတံခွန်၊ အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်နှင့် ကနေဒီတောင်တန်းတို့သည် လက်ရှိအချိန်တွင် ခရီးသွားဧည့်သည်များ အများဆုံး လာရောက်လည်ပတ်နေကြသည့် နေရာများဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# တပလွင်နှစ်ဆူဘုရား (၄၁) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပ

**ရေး ဒီဇင်ဘာ ၅**

မွန်ပြည်နယ် ရေးမြို့၏ ကျက်သရေဆောင်ဖြစ်သော တပလွင်နှစ်ဆူဘုရား၏ ၄၁ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ယခင်နှစ်များထက် ပိုမိုစည်ကားစွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

"ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပလာတာ ၄၁ ကြိမ်မြောက်ဖြစ်ပြီး ဒီနှစ်ကတော့ လမ်းပန်းဆက်သွယ်ရေးတွေ ပိုကောင်းလာခဲ့လို့ ယခင်နှစ်တွေထက် ပိုမိုစည်ကားလာခဲ့ပါတယ်၊ အများအားဖြင့် ဘုရားဖူးများက နတ်တော်လပြည့်နေ့မှာ ပိုလာကြတာပါ၊ ဆိုင်ကယ်၊ ကားတွေနဲ့ မိသားစုအလိုက် အဖွဲ့လိုက်လာကြပါတယ်၊ အရင်လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းက လမ်းပန်းဆက်သွယ်ရေးတွေ မကောင်းခဲ့စဉ်ကဆို ညအိပ်ပြီးမှ နယ်တွေက လာရောက်ခဲ့ရတာပါ၊ အခုတော့ နေ့ချင်းပြန်ရတာမို့ အခုလိုစည်ကားလာခြင်းဖြစ်ပါတယ်"ဟု ပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ပွဲတော်လုံခြုံရေးအပိုင်းကိုလည်း ရဲ၊ မီးသတ်နှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများပူးပေါင်း၍ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ထားကြောင်း၊ ဘုရားဖူးလာသူများအနေဖြင့် မွန်ပြည်နယ် ဇာတ်ပွဲများကို ကြည့်ရှုခံစားရင်း ဈေးဆိုင်ခန်းများတွင် ရောင်းချသည့် စားသောက်ကုန်၊ လူသုံးကုန်များကို ဝယ်ယူနိုင်ရန်အပြင် ကလေးများအတွက် ကစားကွင်းများကိုပါ ထည့်သွင်းထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

အဆိုပါ ဘုရားမှာ နှစ်ပေါင်း ၇၀ ခန့်က မွန်နှင့် ဗမာ သံဃာတော်များက ဦးဆောင်၍ တည်ထားကိုးကွယ်ခဲ့သော ဘုရားဖြစ်ကာ ရန်ကုန်-ရေး-ထားဝယ်-မြိတ် လမ်းမဘေးတွင် တည်ရှိသည်။ ဗုဒ္ဓပူဇနီယပွဲတော်ကို လေးညတိုင်တိုင် ကျင်းပရာ ယခုနှစ်တွင် ဘုရားပွဲတော်လာသူများ ပိုမိုများပြားစည်ကားသောကြောင့် ဈေးရောင်းချသော ဈေးသည်များအနေဖြင့်လည်း ယခင်နှစ်ထက်ပို၍ အရောင်းအဝယ်ကောင်းကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ပုဂံ အလိုတော်ပြည့်စေတီ ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအခမ်းအနားကျင်းပ



**ညောင်ဦး ဒီဇင်ဘာ ၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်စေတီတော်မြတ်ကြီး၏ ၂၆ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအထိမ်းအမှတ် အဓိဋ္ဌာန်ဆုတောင်းပွဲကို စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ ယာယီမဏ္ဍပ်၌ ဒီဇင်ဘာ ၃ ရက်(နတ်တော်လပြည့်နေ့)က ကျင်းပခဲ့သည်။

အောင်ပွဲအခမ်းအနားသို့ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ညောင်ဦး(ပုဂံ)မြို့မှ သံဃာတော်များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ ဘုရားဖူးပြည်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ဧည့်ပရိသတ်များက အလိုတော်ပြည့်ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ် မောင်တောမြို့နေ သုဝဏ္ဏသိင်္ဂီရွှေဆိုင်ပိုင်ရှင် ဦးခိုင်မိုးထွန်း-ဒေါ်ခင်မာထွန်း မိသားစုက ရွှေစင်ရွှေသား တစ်ပိဿာ သုံးဆယ့်ခြောက်ကျပ်သားရှိ ရွှေသင်္ကန်းတော်မြတ်ကို အလိုတော်ပြည့်ဆရာတော်ကြီးအား ဆပ်ကပ်လှူဒါန်းပြီး ဧည့်ပရိတ်သတ်များ၊ အလှူရှင်များက ဗုဒ္ဓပူဇနီယပွဲ အောင်ပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် ဝတ္ထုပစ္စည်းများကို ဆပ်ကပ်လှူဒါန်းကြသည်။

ပုဂံဒေသရှိ အလိုတော်ပြည့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်နတ်တော်လတွင် ကျင်းပပြုလုပ်မြဲဖြစ်ပြီး ယခုနှစ်တွင်လည်း ယခင်နှစ်များကဲ့သို့ ပွဲတော်ရက်အတွင်း ဈေးဆိုင်များ၊ ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်သဘင်များနှင့် စည်ကားစွာ ကျင်းပခဲ့ကာ ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအထိမ်းအမှတ်အဖြစ်လည်း မီးပုံးပျံလွှတ်တင်ပွဲများ၊ ဗလာဇာတ်ပွဲသဘင်၊ အငြိမ့်များဖြင့် ပိုမိုစည်ကားအောင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မကွေး ဒီဇင်ဘာ ၅**

ဘဝအကျိုးပေးအရ အာရုံခံစားမှုတစ်ခုခု မသန်ခဲ့သော်လည်း အစွမ်းအစရှိသူများအဖြစ် ရှင်သန်နေထိုင်ကြသူများကို ဂုဏ်ပြုမှတ်တမ်းတင်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို မကွေးမြို့တော်ခန်းမ၌ ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ နယ်ပယ်စုံမှ လူဦးရေ ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အထိမ်းအမှတ် အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော် တက်ရောက်အမှာစကားပြောကြားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ဆွေဆွေလင်းကလည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(ရန်ကုန်)မှ ဒါရိုက်တာ ဒေါ်ယုယသူမှ ပေးပို့သော သဝဏ်လွှာကို အသေးစား၊ အလတ်စားစီးပွားဖွံ့ဖြိုးတိုးတက်ရေးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းကလည်းကောင်း ဖတ်ကြားသည်။




ထို့နောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခြင်း၊ နှစ်နှစ်တာကာလအတွင်း မသန်စွမ်းသူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကူညီပံ့ပိုးခဲ့ကြသည့် အဖွဲ့အစည်းများအား မီလီ(မကွေး)မှ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ချီးမြှင့်ခြင်းနှင့် မသန်စွမ်းသူများ၏ စွမ်းရည်တင်ဆက်မှု၊ အခွင့်အရေးဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင်းသဘင်ကျင်းပ

**ရွှေကျင် ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သံဃနာယကအဖွဲ့၏ ၃၄ ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ပျဉ်းမပင်ရပ်ကွက်ရှိ မြို့ဦးစေတီဓမ္မာရုံ၌ ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာပညာဗိမာန်စာသင်တိုက်ဆရာတော်ထံမှ ဧည့်ပရိသတ်များက သီလခံယူကြပြီး မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ ဆရာတော်က စာမေးပွဲဆိုင်ရာ ဩဝါဒကထာကို မိန့်ကြားသည်။ ထို့နောက် ရွှေကျင်မြို့နယ်အတွင်းရှိ လေးထပ်ဘုန်းတော်ကြီးကျောင်း၊ တောင်ပိုင်ဘုန်းတော်ကြီးကျောင်း၊ ကျောင်းဝိုင်းကြီးဘုန်းတော်ကြီးကျောင်း၊ ဝင်းခနိမ်ကျေးရွာ၊ သံဆိပ်ကျေးရွာနှင့် ကွမ်းဆိပ်ကျေးရွာ စာစစ်ဌာနတို့တွင် ပထမအဆင့်ဖြစ်သော ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ ဒုတိယအဆင့်ဖြစ်သော ဗုဒ္ဓဘာသာမြန်မာစာဘာသာ၊ တတိယအဆင့်ဖြစ်သော အခြေခံအဘိဓမ္မာဘာသာတို့ကို ဖြေဆိုခဲ့ကြသူများမှ စာအောင်သူပေါင်း ၁၈၄ ဦးအား အောင်လက်မှတ်နှင့် ထူးချွန်သူများအား ထူးချွန်ဆုများကို ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ပထမအကြိမ် ရေစကြိုမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရေစကြို ဒီဇင်ဘာ ၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ပထမအကြိမ်မြောက် ရေစကြိုမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ရေစကြိုမြို့ သာသနဝ္ဗိမာန်တော်ကြီးရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ရေစကြိုမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် မြို့နေပြည်သူများ စုစုပေါင်း အလှူရှင် ၁၁၅ ဦးတို့က ရေစကြိုမြို့နယ်အတွင်းမှ ပင့်လျှောက်ထားသော သံဃာတော် အပါး ၃၅၀ နှင့် သီလရှင် အပါး ၃၀တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အခမ်းအနား ကျင်းပ

**ဒီမော့ဆို ဒီဇင်ဘာ ၅**

အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်ခြင်းအဆုံးသတ်ဖို့ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်စို့ ဆောင်ပုဒ်ဖြင့် Karenni State Women Network (KSWN)နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အခမ်းအနားကို ဒီမော့ဆိုမြို့နယ် ဒီမော့ဆိုကျေးရွာအုပ်စုရှိ ဒေါ်ခါး(၂) ကက်သလစ်ဓမ္မာရုံ၌ ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားကို WDC အမျိုးသမီး ဗုံပလွေအဖွဲ့က ဖဲကြိုးဖြူသီချင်းသီဆို၍ ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက အမှာစကား ပြောကြားကာ Care Myanmar စီမံချက်အရာရှိ ဒေါ်လူစီးယားက အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ KSWN အဖွဲ့ဝင် မရိုစ့်မေရီက အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုကို ဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှု နောက်ခံသမိုင်းကြောင်းနှင့် ဖဲကြိုးဖြူ၏ အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်သည့် လှုပ်ရှားမှုအနေဖြင့် တက်ရောက်လာကြသူများက ဖဲကြိုးဖြူများကို တပ်ဆင်ကြပြီး GBV Messages ပေးခြင်း၊ ရင်တွင်းခံစားချက်များ ပြောကြားခြင်း၊ မေးခွန်းများ မေးမြန်းခြင်းနှင့် ဆွေးနွေးဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရေးမြို့နယ်၌ ငါးခြောက်အရောင်းအဝယ် အေးလျက်ရှိနေ

**ရေး ဒီဇင်ဘာ ၅**

မွန်ပြည်နယ် ရေးမြို့နယ် ငါးခြောက်ကုန်သည်များက ငါးခြောက်ကုန်ကြမ်းတွေ အဝင်များလာသည့် ဒေသထွက်ကုန် ရော်ဘာနှင့် ရာသီပေါ်သီးနှံများ ဈေးကောင်းမရတဲ့အခါ ဈေးကွက်မှာ အရောင်းအဝယ်အေးလျက်ရှိနေကြောင်း သိရသည်။

"ငါးခြောက်ကုန်ကြမ်းတွေ အခုအချိန်မှာ အဝင်များပါတယ်၊ ဒေသထွက်ကုန်တွေဖြစ်တဲ့ ရော်ဘာဈေးနှုန်းလောက် မကောင်းခဲ့ပါဘူး၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလာခဲ့ပေမယ့် ငါးခြောက်ကုန်သည်အများစုမှာ ဝယ်ယူသူတွေမရှိတဲ့အတွက် အရောင်းအဝယ်ကမရှိတဲ့အခါ ထိခိုက်လျက်ရှိပါတယ်"ဟု ရောင်းချနေသူ ဒေါ်သော်တာဝင်းက ပြောသည်။

အခုအချိန်မှာ ဈေးကွက်ထဲမှာ ငါးခြောက်ကုန်ကြမ်းများအနက် ငါးရောင်ခြောက် ငါးမြီးလုံး၊ ငါးမြီးဝါ၊ ငါးနုပ်ခြောက်သာ အဝင်များပြီး ငါးမန်းခြောက်က အဝင်မရှိသလောက်ဘဲ နည်းပါးနေပါသည်။ ငါးခြောက်လက်ရှိ ပေါက်ဈေးမှာ မနှစ်ကထက် ၁ ပိဿာလျှင် ငွေကျပ် ၃၀၀၀ အထိ ဈေးပိုမိုမြင့်တက်ပြီး ငါးခြောက် ၁ ပိဿာလျှင် အနိမ့်ဆုံး ငွေကျပ် ၅၀၀၀ ကနေ ငွေကျပ် ၇၀၀၀ ဝန်းကျင်လောက်ရှိပြီး ငါးမန်းခြောက် ၁ ပိဿာလျှင် ငွေကျပ်နှစ်သောင်းကျော်ခန့်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

# မြို့သန့်ရှင်းသာယာရေးအတွက် အွန်လိုင်းချစ်သူများအဖွဲ့က စုပေါင်း အမှိုက်ကောက်



**ကသာ ဒီဇင်ဘာ ၅**

ကသာမြို့ သန့်ရှင်းသာယာရေးအတွက် အွန်လိုင်းချစ်သူများအဖွဲ့မှ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ဒီဇင်ဘာ ၁ ရက်က စုပေါင်းအမှိုက်ကောက်ခြင်းကို လုပ်အားဒါနပြု ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းအမှိုက်ကောက်ခြင်းကို အွန်လိုင်းချစ်သူများအဖွဲ့မှ အဖွဲ့ဝင်များနှင့်အတူ ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့စုများ၊ ကျောင်းသူ ကျောင်းသား အဖွဲ့များ စုပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပြီး ကသာမြို့တွင်း လမ်းပတ်ဝန်းကျင်မှ မဆင်မခြင် စွန့်ပစ်ထားကြသော အမှိုက်များကို ကောက်ယူပေးခဲ့ကာ အမှိုက်များစွန့်ပစ်ရန် ကားများကို စည်ပင်သာယာရေးကော်မတီက ကူညီပေးခဲ့သည်။

ကသာမြို့၌ ယခု ဒီဇင်ဘာလအတွင်း စနေနေ့မနက်တိုင်း လုပ်အားဒါနပြု စုပေါင်းအမှိုက်ကောက်ခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်၍ မည်သူမဆို ပါဝင်ကူညီနိုင်ကြောင်းနှင့် လုပ်အားဒါနပြုသူများအား အာဟာရဒါန ညှော်ခံကျွေးမွေးခြင်းအတွက် လှူဒါန်းလိုသူများအနေဖြင့်လည်း လှူဒါန်းနိုင်ကြောင်း အွန်လိုင်းချစ်သူအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

**ငွေအိုး(ကသာ)**

# အမျိုးသမီး အိမ်တွင်းမှု သင်တန်းဆင်းပွဲ ပြုလုပ်

**ကန်ပက်လက် ဒီဇင်ဘာ ၅**

ချင်းပြည်နယ် ကန်ပက်လက်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းအမှတ်စဉ် -၄၁ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်-၃၆ သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁ ရက်က အဆိုပါသင်တန်းကျောင်း၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး အခြေခံအိမ်တွင်းမှု သင်တန်းထူးချွန်ဆုရ မနွယ်နီခိုင်တို့အား ဆုများချီးမြှင့်ပြီး သင်တန်းအောင်လက်မှတ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှရီက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်၌ ပညာပါရမီဖောင်ဒေးရှင်း ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ ကျင်းပ

**နတ်တလင်း ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် နတ်တလင်းမြို့ ရွှေလင်းဘိုးဘွားရိပ်သာခန်းမ၌ ဒီဇင်ဘာ ၃ ရက်က ပညာပါရမီဖောင်ဒေးရှင်း ဒုတိယအကြိမ် တက္ကသိုလ်ပညာသင်ဆုပေးအပ်ပွဲနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ပညာပါရမီ ဖောင်ဒေးရှင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးတင်ငွေက ဖောင်ဒေးရှင်းမှ တက္ကသိုလ်ပညာသင်ဆုပေးခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းတက်ရောက်ပညာသင်ကြားနေသူများအား ကူညီထောက်ပံ့ခြင်းဖြစ်၍ သက်ဆိုင်ရာမှ ကျောင်းသား ကျောင်းသူများစာရင်းကို ပြုစုပေးရန်ဖြစ်ကြောင်း၊ ဖောင်ဒေးရှင်းမှ အရင်းမပျောက် မတည်ငွေကိုလည်းတိုးပွားလာအောင် အသင်းဝင် ဆရာ ဆရာမများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်နာယက ဦးဇော်ဝင်းက ပညာပါရမီဖောင်ဒေးရှင်းဖြစ်ပေါ်လာရသော သမိုင်းကြောင်းအား ရှင်းလင်းပြောကြားသည်။ တတိယနှစ်ငွေပဒေသာပင်စိုက်ထူခြင်းအတွက် ထည့်ဝင်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်တက္ကသိုလ်ပညာသင် ထောက်ပံ့ငွေရရှိသူများကို ဦးဇော်ဝင်းက ပေးအပ်ချီးမြှင့်ရာ ကျောင်းသား ကျောင်းသူ ၁၁ ဦး၏ ကိုယ်စား သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေးက ဂုဏ်ပြုစကားပြောကြားသည်။

အခမ်းအနားတွင် လက်ထောက်ပညာရေးမှူး ဦးသန်းလွင်၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ အရင်းမပျောက်မတည်ငွေ ယူထားကြသည့် ကျောင်း ၁၀ ကျောင်းမှကျောင်းအုပ်ကြီးများတက်ရောက်ကြကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအုပ်စု မိုးစပါးစံကွက်ရိတ်သိမ်း

**ပုသိမ် ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအုပ်စု အုတ်ပုံကုန်းကျေးရွာ ကွင်းအမှတ်(710 A) ဘုရားအူပေါက်ကွင်း ဦးပိုင်အမှတ်(၄၈/၂) တောင်သူဒေါ်အေးငွေ၏ဆင်းသုခစိုက်ခင်း ၄ ဒသမ ၁၃ ဧကကို ဒီဇင်ဘာ ၁ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးတင်အောင်၊ ခရိုင်လယ်/စီစာရင်းအင်းဦးစီးမှူးဦးတင်အောင်ဝင်း၊ မြို့နယ်လယ်/စီ စာရင်းအင်းဦးစီးမှူး ဦးဝင်းထွဋ်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ လှေကြီးတက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် တောင်သူလယ်သမားများ စုံညီစွာတက်ရောက်ခဲ့ကြပြီး စံကွက်ရိတ်သိမ်းကြရာ ဆင်းသုခတစ်ဧကလျှင် ၇၈ ဒသမ ၁၀ တင်းထွက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**



# ဆီဆိုင်မြို့ဦးရေထွက် ရေစီးရေလာကောင်းမွန်ရေး မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဆီဆိုင် ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ၏ သောက်သုံးရေအတွက် အားကိုးအားထားပြုနေရသော မြကန်သာရပ်ကွက်မှ မြို့ဦးရေထွက် ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့ဦးရေထွက်ဦးမှ ရေသွယ်မြောင်းများတစ်လျှောက်ရှိ မြောင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစစ်ကန်များနှင့် မလွတ်ကင်းသော သစ်ကိုင်းများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ဆီဆိုင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

AUNG NAING
Institute of Finance & Accountancy

ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
ဦးစီးသင်ကြားသည်

LCCI & ACCA
တရင်းကိုင်သင်တန်းများ
For 2018 - June, July Exam

ခုံနံပါတ် ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
အမှတ်-၂၄၄(တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အထက်)၊
မီးပွိုင့် နှင့် ခုံးတံတားကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Tel : 01-377610, 01-384175, 09-730 99752, 09-730 66231

LCCI International Qualifications
Approved Centre



2017 MYANMAR INTERNATIONAL TEXTILE EXPO
2017 MYANMAR INTERNATIONAL TEXTILE EXPO
ZHEJIANG EXPORT FAIR
တရုတ်နိုင်ငံမှ စက်ရုံပေါင်း (၁၅၀) ကျော်နှင့် ပိတ်စမျိုးစုံ အမျိုးပေါင်း (၁)သိန်းကျော် ပါဝင်ပြသမည့် ကုန်စည်ပြပွဲကြီး
ပြပွဲကြီးအတွင်း လာရောက် လေ့လာ ဝယ်ယူအားပေးသော မိတ်ဆွေများအတွက် တန်ဖိုးကြီးဆုလက်ဆောင်များအား နေ့စဉ် ကံစမ်းမဲဖွင့်ဖောက်ပေးသွားမည်ဖြစ်ပါသည်။
DATE
8-12-2017 TO 10-12-2017
LOCATION
TATMADAW HALL, YANGON.
website :www.mmtexfair.com
https://www.facebook.com/myanmartextileexpo



**အောင်ပြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763


**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 5K/7282 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 1I/7732 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၇၉၆၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**


PUN HLAING SILOAM HOSPITALS



မိခင်နှင့်ကလေးများနေ့
ပျော်ပွဲရွှင်ပွဲ

ပန်းလှိုင်စီလုံဆေးရုံကြီးတွင် မွေးဖွားခဲ့သော ချစ်စရာ သားသား၊ မီးမီးများနှင့်တကွ မေမေနှင့်မိသားစုဝင်များအတွက် သတိတရ တန်ဖိုးထားကာ ကျင်းပသည့် ပျော်ပွဲရွှင်ပွဲသို့လေးစားစွာ ဖိတ်ကြားအပ်ပါသည်။




10 December 2017 (Sunday)
9am - 1pm
ပန်းလှိုင်စီလုံဆေးရုံ၊ မြက်ခင်းပြင်



PUN HLAING SILOAM HOSPITALS

သင် ဒီဝေဒနာနှင့် ရောဂါလက္ခဏာများကို ခံစားနေရပါသလား



- ခါးအောက်ပိုင်းနာခြင်း
- ဆီးတွင် သွေးပါခြင်း
- ဆီးခဏခဏ သွားခြင်း
- ဆီးမထိန်းနိုင်ခြင်း
- ဆီးကျိတ်ရောင်ခြင်း
- ဆီးအိတ်ကျောက်တည်ခြင်း
- ဆီးကျိတ်ကင်ဆာ
- ကျောက်ကပ် ရောင်ခြင်း
- ကျောက်ကပ်ကင်ဆာ

**Dr. Sivaraj Manoharan**
M.B.,B.S, M.S (General Surgery), M.Ch (Urology)

သင်၏ ဆီးကျိတ်၊ ဆီးအိမ်၊ ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်အစားထိုးကုသမှု အပါအဝင် ကျောက်ကပ်ရောဂါဆိုင်ရာပြဿနာများအတွက် အကောင်းဆုံး အဖြေရှာ ဆွေးနွေးတိုင်ပင်နိုင်ရန် အိန္ဒိယနိုင်ငံမှ ဆရာဝန်ကြီးနှင့်
ဒီဇင်ဘာလ (၁၄) မှ (၁၆) ရက် တွင် ပြသနိုင်ပါပြီ။
ဆက်သွယ်စာရင်းပေးသွင်းရန် - ၀၁ - ၃၆၈ ၄၄၃၃
နံနက် (၈:၀၀) နာရီမှ ညနေ (၅:၀၀) နာရီ အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
www.punhlaingsiloamhospitals.com
LIKE US ON facebook Pun Hlaing Siloam Hospitals

### ဝမ်းနည်းကြေကွဲခြင်း
## ဦးစံခင်
**အဖွဲ့ဝင်၊တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်**
**အသက်(၇၅)နှစ်**

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဖွဲ့ဝင်၊ ချင်းပြည်နယ် ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံခင် အသက်(၇၉)နှစ်သည် ၂-၁၂-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဇာနည်အောင်မင်း
**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**
**အသက်(၃၃)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် -ဒေါက်တာဒေါ်ခင်သန်းအေးတို့၏သားသမက်၊ ဒေါ်ဖူးသန့်စင်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးဇာနည်အောင်မင်းသည် ၂၉-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်**
**အမြဲတမ်းအတွင်းဝန်နှင့်အရာထမ်း၊အမှုထမ်းများ**
**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဇာနည်အောင်မင်း
**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**
**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၈၁နေ ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာဒေါ်ခင်သန်းအေးတို့၏သားသမက်၊ ဒေါ်ဖူးသန့်စင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ဖခင် ဗိုလ်မှူးဇာနည်အောင်မင်း စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)သည် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီခန့်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ**
**AIR KBZ Limited & Myanmar Airways International**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောဒေးဗစ်
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်နေ ဒေါ်နော်ဟယ်လင် (ဌာနတွင်းစာရင်းစစ်မန်နေဂျာ)၊ Myint & Associates Co.,Ltd. ၏ ဖခင် ဦးစောဒေးဗစ် အသက်(၇၇)နှစ်သည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Sr.Management နှင့်ဝန်ထမ်းများ**
**Myint & Associates Co.,Ltd**

### ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
## ဦးကျော်ဝင်း(ငါးသိုင်းချောင်း) အသက်(၈၀)

ငါးသိုင်းချောင်းမြို့နေ (ဦးမောင်တင်-ဒေါ်သန်းစိန်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၂၅၊ သုံးလွှာနေ ဒေါ်တင်တင်ဝင်း(ခ)မရှုရန်၏ခင်ပွန်း၊ မသန္တာဝင်း၊ ကိုသူရကျော်၊ ဦးတင်ထွန်းဦး၊ မသီတာဝင်း၊ ကိုကျော်စွာမြင့်၊ မအေးစန္ဒာဝင်း၊ ကိုဇော်မျိုးလွင်၊ မအေးမြင့်ခိုင်တို့၏ဖခင်သည် ၃-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)ည ၁၀း၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဦးတင်နု (ဒိုက်ဦး)
**လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**
**အသက်(၇၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ (ဦးကြိုင်-ဒေါ်ချစ်မယ်)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်တင်မြတ်ဝင်း(ခ)ဒေါ်အေးဘီ၏ခင်ပွန်း၊ ဦးမြင့်ဇော်လတ်-ဒေါ်မြတ်သူဇာ၊ ဦးစိုးဝင်း(C/E)-ဒေါ်တင်သူဇာဝင်း၊ ဦးတင်ဟန်(C/E)-ဒေါ်တင်ဥမ္မာဝင်းတို့၏ဖခင်၊ မောင်ဝေယံဇော်တင်၊ မောင်ဝင်းသန့်တင်ဟန်၊ မောင်လင်းမြတ်ဇော်လတ်၊ မမေသူသူစိုးဝင်း၊မောင်အေးမောင်ဟန်တို့၏အဘိုးသည် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေလီယာလမ်း၊ မလိခအိမ်ရာ၊ အမှတ် ၁၅/၁၆ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုအောင်သူရဝင်း B.A (Eco)
**(စမ်းချောင်း)**
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ အမှတ် ၄၉၊ သုံးလွှာ(A)နေ (ဦးကျော်လှ-ဒေါ်ခင်ကြည်)၊ (ဦးအောင်တင် - ဒေါ်ညွန့်)တို့၏မြေး၊ (ဦးသန်းဝင်း) - ဒေါ်တင်တင်စုတို့၏သား၊မနုနုကြည်တို့၏မောင်၊ ကိုအောင်ကျော်ဝင်း၊ (မောင်ဇေယျာဝင်း)တို့၏အစ်ကိုသည် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ကောင်းလွင်အောင်
## (ခ)ဖိုးသား
**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (၃)လမ်း၊ ရေယာဉ်နှင့်ပို့ဆောင်ရေးဌာန အရာရှိအိမ်ရာနေ (ဦးအောင်သန်း) - ဒေါ်ညိုညိုဝင်း (လ/ထမန်နေဂျာ၊အင်ဂျင်နီယာ၊မြန်မာ့သစ်လုပ်ငန်း)တို့၏သား၊ ဦးတင်အောင် (ကျောင်းအုပ်၊ ငြိမ်း) - ဒေါ်ငြိမ်းတင်၊ ဦးဝင်းအောင်-ဒေါ်တင်တင်စိန်၊ ဦးတင်မောင်ဝင်း(ဒု-ညွှန်မှူး၊ ငြိမ်း၊ ပညာရေးသုတေသန)-ဒေါ်တင်တင်မြင့်(အထက-၆၊ လှိုင်)၊ ဒေါ်အုန်းအုန်းမြင့်(အလက-၁၀၊ အင်းစိန်)တို့၏တူ၊ မသဉ္ဇာအောင်(B.E- လျှပ်စစ်စွမ်းအား)၏မောင်သည် ၅-၁၂-၂၀၁၇ရက်နံနက် ၃း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ရှေ့တန်းတစ်နေရာ၌ တိုင်းပြည်တာဝန်ထမ်းဆောင်စဉ် ရုတ်တရက် ကွယ်လွန်သွားသော ဗိုလ်မှူးဇာနည်အောင်မင်း စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း) DSA (၄၇)၏ နာရေးကိစ္စအဝဝကို အစမှအဆုံးတိုင် မေတ္တာရှေ့ထား၍ အစစအရာရာ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာဒုံတပ်မတော်စစ်သင်္ချိုင်း၌ အရိုးပြာအိုးဂူသွင်းသည့်အထိ အဘက်ဘက်မှကူညီပေးခဲ့ကြသော တပ်မတော်တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၄၇)မှ သူငယ်ချင်းများအားလုံးအားလည်းကောင်း၊ နာရေးသို့ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်၊ ဝန်ကြီးဌာနများမှအကြီးအကဲများနှင့်ဇနီးများ၊ မိဘ၊ဆရာသမား၊ဆွေမျိုး၊မိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊သတင်းစာ၊ လူမှုကွန်ရက်များမှတစ်ဆင့်လည်းကောင်း ဝမ်းနည်းကြောင်း အားပေးနှစ်သိမ့်ဆုတောင်းပေးကြပြီး သင်္ကန်း၊ ပရိက္ခရာ လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုး၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ခဲ့ကြပါသော နိုင်ငံတော်အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ကုမ္ပဏီအဖွဲ့အစည်းအသီးသီးအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဘသစ်
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ် ၁၃၂၉၊ သုံးလွှာနေ(ဦးမောင်ရွှေ-ဒေါ်စိန်ပု)တို့၏သား၊ (ဦးမောင်လွင်-ဒေါ်ခင်ပု)တို့၏သားသမက်၊ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဦးသိန်းသန်း-(ဒေါ်သန်းသန်းငွေ)၊ ဦးကျော်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးမောင်မောင်ဦး-ဒေါ်ဂျိမာဘီ၊ ဦးသိန်းထွဋ်အောင်၊ ဦးသန်းထွဋ်အောင်-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၆း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးတင်မောင်စိန်(ငြိမ်း) အသက်(၈၀)
**တပ်မတော်(လေ)**
**လေ ၁၄၄၃**
**ဒုအထွေထွေမန်နေဂျာ၊ မြန်မာ့ရေလုပ်ငန်း(ငြိမ်း)**
**ဥက္ကဋ္ဌ-မြန်မာဆီးဖုဒ်လီမိတက်(ငြိမ်း)**
**ဥက္ကဋ္ဌ-မြန်မာဂါးမင်းလီမိတက်(ငြိမ်း)**

အမေရိကန်နိုင်ငံ San Francisco, Bay Area, Newark နေ ဒေါ်ခင်မြတ်လင်း(ခ)ဒေါ်ကြူကြူ(ခ) Stella Sein ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးတင်မောင်စိန်(ငြိမ်း)သည် ၃-၁၂-၂၀၁၇ရက် အမေရိကန်စံတော်ချိန် မွန်းလွဲ ၂း၀၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးအောင်ကျော်မိုး(ငြိမ်း)
**တေဇ(၇)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**အသက်(၅၉)နှစ်**

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၂/၄၅နေ(ဦးတင်ရွှေ-ဒေါ်ရီရီ)တို့၏သား၊ (ဦးအောင်သန်း-ဒေါ်တင်တင်အေး)တို့၏သားသမက်၊ ကိုလှိုင်မြင့်ကျော်-မအိဖြူဖြူမိုး၊ မောင်ကောင်းဆုဟန်တို့၏ဖခင်၊ မဆောင်းရတီလှိုင်၏အဘိုး၊ ဒေါ်မီမီအောင်၏ချစ်လှစွာသောခင်ပွန်းသည် ၅-၁၂-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးအောင်ကျော်မိုး(ငြိမ်း)
**(တေဇ-၇)**
**အသက်(၅၉)နှစ်**

တောင်ကြီးမြို့နေ ဒေါ်မီမီအောင်၏ခင်ပွန်း အလုပ်သင်ဗိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇)(တေဇ-၇)မှ ကြည်း-၁၅၈၉၄ ဗိုလ်ကြီးအောင်ကျော်မိုး(ငြိမ်း)(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) သည် ၅-၁၂-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း အောင်ကျော်မိုး ကောင်းရာသုဂတိလားပါစေ။

**တေဇ(၇)မှ သူငယ်ချင်းများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှကြည် အသက်(၆၉)နှစ်
**စာရေးဆရာ မင်းနွယ်သိန်း**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅လမ်း(အောက်)၊ အမှတ် ၁၅နေ (ဦးအေး-ဒေါ်ကျစ်)တို့၏သား၊ (ဦးကြာဘို့အောင်)-ဒေါ်စိမ်းညိုတို့၏သားသမက်၊ ဒေါ်ခိုင်ခိုင်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းလွင်ဦး)၊ ဦးဝင်းမော်ကြည်-ဒေါ်မိုးမိုးစိုး၊ ဦးအောင်လင်းကြည်-ဒေါ်ရီရီလွင်၊ ဦးထွန်းလင်းအောင်-ဒေါ်ခင်သန္တာအောင်၊ ဦးထွန်းထွန်းဝင်း၊ မောင်မြတ်သူ၊ မမို့မို့ထွန်းတို့၏ဖခင်သည် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်မြင့်မြင့်အေး (Noor Bi)
**(ကသာ)**
**(အထပြ-ငြိမ်း)၊ ထ(၁)ကသာ၊**
**ထ(၃)တာမွေ၊ ထ(၁)သဃ်န်းကျွန်း**
**အသက်(၇၇)နှစ်**

ကသာမြို့နေ စီစီဦးကို-ဒေါ်ကြည်တို့၏သမီး၊ New Light of Myanmar အယ်ဒီတာ(ငြိမ်း) ဦးတင်မောင်၏ဇနီး၊ (ဒေါ်ညွန့်ညွန့်)၊ ဒေါ်သန်းသန်းအေး၊ ဦးခင်မောင်ကြီး၊ (ဒေါ်လှလှညွန့်)တို့၏ညီမ၊ ဦးခင်မောင်ထွန်း၊ (ဒေါ်ရီရီမြင့်)၊ ဒေါ်ခင်ငွေး၊ ဒေါ်နွဲ့နွဲ့အေးတို့၏အစ်မ၊ ဦးစန်းကို-ဒေါ်မြသီတာ (စစစ၊ ဌာနခွဲစာရေး၊ထားဝယ်မြို့)၊ဦးကျော်စိုးထွန်း-ဒေါ်ဝေဝေဖြိုး၊ဒေါ်မြသန္တာ၊ ဦးကျော်မိုးထွန်း-ဒေါ်သီဂီစုတို့၏ ချစ်လှစွာသောမိခင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၅-၁၂-၂၀၁၇ရက်နံနက်၇း၁၅နာရီတွင်အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေး စွန္နီမွတ်စလင် ကဘာရ်စတန်ဥယျာဉ်တော်၌ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်သန်းသန်းအေး
**ကျောင်းဆရာမ(ငြိမ်း)**
**အမက(၈)ရန်ကင်း**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အမှတ် ၆၆၃နေ (ဦးကြင်မောင် - ဒေါ်တင်အေး)တို့၏ သမီး၊ [ဦးအောင်မြိုင် (ရေနံဓာတု)]၏ ဇနီး၊ (ဦးစိန်လှိုင်) - ဒေါ်စိန်မေတို့၏ ညီမ၊ ဦးတင်ထွန်း-ဒေါ်ခင်သန်းမြင့်၊ ဦးမြင့်သိန်း-ဒေါ်ပြုံးပြုံးအေး၊ ဦးဝင်းနိုင်-ဒေါ်စန်းစန်းလှိုင်တို့၏အစ်မ၊ ဦးကြွယ်စိုး-ဒေါ်နွဲ့နွဲ့ငွေး၊ဦးမင်းလွင်-ဒေါ်သင်းသင်းတို့၏မိခင်၊ မောင်ဗညားဟန်၊ မောင်အာသာဟန်၊ မောင်မဟာစိုး၊ မစန္ဒြာစိုးတို့၏အဘွားသည် ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်နီ (စစ်တွေ)
**အသက်(၇၃)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ဦးအောင်ထွန်းဦးလမ်းနေ (ဦးစောဟန်ဦး-ဒေါ်အောင်ကြွဖြူ)တို့၏သား၊(ဦးသထော်ဦး-ဒေါ်စံလှဖြူ)တို့၏သားသမက်၊ ဒေါ်သာနီ့ဖြူ၏ခင်ပွန်း၊ ဦးမျိုးထွန်း - ဒေါ်အောင်မျိုးမျိုးသန့်၊ ဦးနေအောင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဉာဏ်ရဲထွန်း၊ မောင်အောင်ကိုခန့်တို့၏အဘိုးသည် ၄-၁၂-၂၀၁၇ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊အမှတ် ၃၉၊ အခန်း ၆၁၂ နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစီသောမတ်(စ်)
**စက်ခေါင်းမောင်း-၂ (မြန်မာ့မီးရထား၊ ငြိမ်း)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၇၁/၆-ဘီ)နေ (ဦးချားစ်သောမတ်-ဒေါ်ရယ်စမား)တို့၏သား၊ ဒေါ်ဂျိုးစပွရင်း(ခ)ဒေါ်စိန်ရင်၏ချစ်လှစွာသောခင်ပွန်း၊(ဦးဂျိုးဇက်)-ဒေါ်အက်လီဇဘတ်၊ ဦးကျော်ညွန့်(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)၊ (ဦးအန်ဒရူး-ဒေါ်မာလာ)၊ (ဒေါ်လှလှ)၊ ဒေါ်ခင်သန်း(ခ)ဒေါ်မေရီဖာသီမား၊ ဦးသိန်းဆွေ(လ/ထအင်ဂျင်နီယာ-စက်မှု၊ မြန်မာ့မီးရထား)-ဒေါ်စိန်စိန်မြင့်၊ ဦးရစ်ချက်စ်ဂျိန်း(မြန်မာ့မီးရထား၊ လားရှိုး)-ဒေါ်အေးချို၊ ဦးတင်မောင်ဆွေ (မလက/ဒီ မြန်မာ့မီးရထား)-ဒေါ်ဂျူလီ၊ ဦးကျော်သက်-ဒေါ်သန်းဝင်း၊ ဦးဝင်းဦး(မလက/ဒီ မြန်မာ့မီးရထား)၊ ဦးစိန်ထွန်း-ဒေါ်စန္ဒာဝင်းတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၀ယောက်တို့၏အဘိုးသည် ၄-၁၂-၂၀၁၇ရက် နံနက် ၁၀း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် တာမွေမြို့နယ်၊ကျိုက္ကဆံလမ်း၊အမှတ် ၁၃၁၊ စိန့်ဖရန်စစ်အစီစီဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၂-၂၀၁၇ရက် နံနက် ၆နာရီတွင် အထက်ပါဘုရားရှိခိုးကျောင်း၌ မစ္ဆားတရားပူဇော်ပြီး အထက်ပါနေအိမ်တွင် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်ငွေ(တန့်ဆည်မြို့-အင်တိုင်းရွာ) အသက်(၉၀)
**ရှမ်းပြည်နယ်၊ရွှာင်မြို့၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**သမဝါယမဦးစီးဌာန(ဌာနစုမှူး၊ ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့၊ အင်တိုင်းရွာနေ (ဦးဘသော်-ဒေါ်ရွှေမြိုင်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ရေကျော်ရွာနေ (ဦးဟောက်ရှု-ဒေါ်လှခင်)တို့၏သားသမက်၊ ဦးသာပို-ဒေါ်အုန်းရှိန်၊ (ဦးသာပျို)-ဒေါ်မြမန်း၊ (ဒေါ်ပွဲအောင်)၊ (ဒေါ်ညွန့်တင်)၊ ဦးနီ-ဒေါ်လှမြင့်၊ ဦးအောင်သိန်း-ဒေါ်စန်းမြင့်၊ ဦးထွန်းလွင်-(ဒေါ်ဆန်းမြင့်)၊ (ဦးသန်းအောင်)-ဒေါ်မော်လီချိုတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ်(၉၀၇/၉၀၉)နေ ဒေါ်ညွန့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးခင်-ဒေါ်တင်တင်လှ၊ ဦးအောင်မျိုးသန့်-ဒေါ်မော်မော်လွင်၊ ဦးမင်းမင်းဦး-ဒေါ်ထားထားရီတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်ကို အသက်(၈၆)နှစ်
**(လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)**
**ညောင်တုန်းအသင်းဝင်**

ညောင်တုန်းမြို့နယ်နေ (ဦးဟန်ညွန့်-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၂လမ်း၊ အမှတ်(၆၅၁/က)နေ (မောင်ကိုကိုဦး)-မသီတာလွင်၊ မောင်ရဲလင်းထွဋ်-မမြတ်မြတ်ဦး(Y.C.D.C၊ ဘတ်ဂျက်)၊ မောင်ကျော်ကျော်ဦး-မသက်သက်အေး၊ မောင်မိုးဇော်ဦး(တရားလွှတ်တော်ရှေ့နေ)-မနှင်းပွင့်ရည်၊ မအိဇင်ဦး (Y.C.D.C၊ ဘတ်ဂျက်)တို့၏ဖခင်၊ ဒေါ်သိန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါတောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး
## ဒေါ်နီနီဝင်း
**အသက်(၆၁)နှစ်**

မန္တလေးမြို့နေ(ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ၊ မစိုးရိမ်ကျောင်းတိုက်ဒါယကာ ဦးကျော်-ဒါယိကာမကြီး ဒေါ်မမလေး)တို့၏မြေး၊ (မစိုးရိမ်ကျောင်းတိုက် ဒါယကာကြီး ဦးမောင်မောင်-ဒါယိကာမကြီး ဒေါ်ကြင်ကြင်)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဦးမြင့်ထွန်း(ခ)ဦးဘွန်ကွန်း-ဒေါ်ပို]တို့၏သမီးချွေးမ၊ ဦးကျော်ကျော်မောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်) - ဒေါ်ညွန့်ညွန့်ရီ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)-(ဒေါ်ကြည်ကြည်အုန်း)၊ (ဦးကျော်ကျော်ညွန့်-ဒေါ်ရင်ရင်မြ)၊ (ဒေါ်ကြည်ကြည်ဝင်း)၊ ဒေါ်ကြည်ကြည်ဝေတို့၏ညီမ၊ ဦးစိန်ဝင်း (MD - ရတနာစိန်သရဖူကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး၊ ကိုမောင်မောင်မင်းသန့်၊ မောင်ကျော်ကိုကိုဇင်တို့၏ချစ်လှစွာသောမိခင်၊ တူ/တူမ ၁၁ယောက်တို့၏ဒေါ်လေးငယ်သည် ၄-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး
## ဒေါ်နီနီဝင်း
**အသက်(၆၁)နှစ်**

မန္တလေးမြို့၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ၊ မစိုးရိမ်ကျောင်းတိုက် (ဒါယကာ ဦးကျော်-ဒါယိကာမကြီး ဒေါ်မမလေး)တို့၏မြေး၊ မစိုးရိမ်ကျောင်းတိုက်(ဒါယကာကြီး ဦးမောင်မောင်-ဒါယိကာမကြီး ဒေါ်ကြင်ကြင်)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဦးမြင့်ထွန်း(ခ)ဦးဘွန်ကွန်း-ဒေါ်ပို]တို့၏သမီးချွေးမ၊ ဦးကျော်ကျော်မောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဒေါ်ညွန့်ညွန့်ရီ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)၊ (ဒေါ်ကြည်ကြည်အုန်း)၊ (ဦးကျော်ကျော်ညွန့်)၊ (ဒေါ်ရင်ရင်မြ)၊ (ဒေါ်ကြည်ကြည်ဝင်း)၊ ဒေါ်ကြည်ကြည်ဝေတို့၏ညီမ၊ ဦးစိန်ဝင်း(MD)၊ ရတနာစိန်သရဖူကုမ္ပဏီလီမိတက်၊ ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး၊ မောင်မောင်မင်းသန့်၊ မောင်ကျော်ကိုကိုဇင်တို့၏ချစ်လှစွာသောမိခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ ဒေါ်လေးသည် ၄-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့၊ ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ**
**ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်**

# Yangon Water Bus ခရီးစဉ်အတွက် တိုးချဲ့ပြေးဆွဲရန် ရေယာဉ်အသစ်ငါးစင်း ရောက်ရှိ



ရန်ကုန်မြစ်အတွင်း ပြေးဆွဲနေသည့် Water Bus တစ်စင်းကို တွေ့ရစဉ်။ ဓာတ်ပုံ - သစ္စာ

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် ဖြေလျှော့ပေးနိုင်ရန် Yangon Water Bus ကို ပြေးဆွဲခဲ့ပြီး ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အင်းစိန်-ဗိုလ်တထောင်ခရီးစဉ်ကို သွားလာလျက်ရှိရာ ရုံးပိတ်ရက်နှင့် နေ့ကြီး၊ ရက်ကြီးတို့တွင် စီးနင်းသူများပြားသောကြောင့် စင်းရေတိုးမြှင့် ပြေးဆွဲသည့်အနေဖြင့် ရေယာဉ်အသစ်ငါးစင်း ရောက်ရှိပြီဖြစ်၍ ရေယာဉ်စစ်ဆေးမှုပြီးစီးပါက ပြေးဆွဲမည့် အစီအစဉ်ကို သတင်းထုတ်ပြန်သွားမည်ဟု သိရသည်။

"ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနက သင်္ဘောတွေကို စစ်ဆေးပြီးသွားရင် သတင်း ထုတ်ပြန်လို့ရပါပြီ၊ အသစ် ငါးစင်း ရောက်နေပါတယ်၊ သတ်မှတ်သင်္ဘောနှစ်စင်းနဲ့ ရိုးရိုး စပိဘုတ် သုံးစင်းရောက်နေပါပြီ၊ လက်ရှိ ရှစ်စင်းနဲ့ ပြေးဆွဲနေပါတယ်၊ တိုးချဲ့အစင်းရေနဲ့ ဆိုရင် အားလုံး ၁၃ စင်း ပြေးဆွဲမှာပါ"ဟု တင့်တင့်မြန်မာကုမ္ပဏီမှ ပြန်ကြားရေးတာဝန်ခံ ဦးထွန်းလင်းနိုင်က ပြောသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ✻

အထူးစီးပွားရေးဇုန်များ တိုးတက်လာပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုမှာ သိသာထင်ရှားလာမည်ဟု ယုံကြည် စာ - ၄

## မြန်မာ ယူ-၂၁ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်း ယနေ့ ခြေစမ်းမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်းသည် ဒီဇင်ဘာ ၆ ရက် (**ယနေ့**) ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ MNL ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာလူငယ်အသင်းများနှင့်ယှဉ်ပြိုင်ရန် ဖွဲ့စည်းထားသည့် MNL ညွှန့်ပေါင်းအသင်းသည် ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် မြန်မာ ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယခုခြေစမ်းပွဲမှာ ပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲဖြစ်လာမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယခုခြေစမ်းပွဲပြီးပါက အပြီးသတ်လူစာရင်း ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ကစားသမား ၁၀ ဦး လျှော့ချရမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေပြီး

*စာမျက်နှာ ၁၃ ကော်လံ ၃* ❑

# M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာ ယူ-၂၃ အသင်းသည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ် ကစားသမားများ ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်း အပြီးသတ်လူစာရင်းတွင် အမာခံကစားသမားများ အစုံအလင် ပါဝင်ခဲ့ပြီး ကစားသမား လျှော့ချရာတွင် လူသစ်ကစားသမားများသာ ကျန်ရစ်ခဲ့သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းတွင် **အုပ်ချုပ်သူ-**ဦးဘုန်းနိုင်ဇော်၊ **နည်းပြချုပ်**-ဂျတ်ဖရိုင်းဒရစ်၊ **လက်ထောက်နည်းပြ**-ပိုပေါ့စကီး၊ ဦးမြင့်ကို၊ **ဂိုးနည်းပြ-**ဦးအောင်ကျော်ကျော်၊ **အသင်းအတွင်းရေးမှူး-** ဦးမိုးဝေအောင်၊ ကစားသမားများအဖြစ် **ဂိုး-**ဆန်းဆက်နိုင်၊ ပြည့်စုံချစ်၊ **နောက်တန်း-**ထိုက်ထိုက်အောင်၊ စိုးမိုးကျော်၊ ကျော်သက်ဦး၊ လှိုင်မျိုးအောင်၊ နန်းဝေမင်း၊ စည်သူမိုးခန့်၊ ဟိန်းနေဆန်း၊ အောင်ဝဏ္ဏစိုး၊ **အလယ်တန်း-** ရန်နိုင်ဦး၊ ရန်ပိုင်စိုး၊ စည်သူအောင်၊ လှိုင်းဘိုဘို၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ **ရှေ့တန်း-**ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ သန်းပိုင်နှင့် အောင်ကောင်းမာန်တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၃ အသင်းသည် ကစားသမား ၂၁ ဦးဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် MNL ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၅* ❄



M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်း။ ဓာတ်ပုံ-စိုးညွှန့်



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ပြ နှင့် ရန်ကုန်ကျူး

● တင်ဝင်းလေး(ကြည့်မြင်တိုင်)



### ရန်ကုန်မြို့ပြ

ရန်ကုန်မြို့ပြသည် တစ်ချိန်က "နိုင်ငံတော်၏ မြို့တော်"အဖြစ် တည်ရှိလာခဲ့သကဲ့သို့ နေပြည်တော်ကြီး ပေါ်ပေါက်လာပြီး နောက်ပိုင်း "စီးပွားရေးမြို့တော်"အမည် ပညတ်အဖြစ် ပြောင်းလဲသွားခဲ့သည်။

စီးပွားရေးမြို့တော်ပီပီ လူနေ မိုးထိမြင့်မား ကွန်ဒိုကြီးများ၊ ကုန်တိုက်ကြီးများ၊ ဘဏ်တိုက်ကြီးများ၊ ကုမ္ပဏီကြီးများ၊ ပုဂ္ဂလိက ဆေးရုံကြီးများက မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်း ရိပ်ခနဲ ဖြတ်ခနဲ မြောက်မြားစွာ ပေါ်ထွန်းလာခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်းများ လွန်စွာပေါ်များလာခဲ့သည်။ မိမိကိုယ်ပိုင် အရည်အချင်းအရ အလုပ်မရွေး သူတို့အဖို့ အလုပ်မရှား၊ ဝမ်းစာရေး မရှားသော ပဒေသာပင် မြို့တော်ကြီးတစ်မြို့ပင် ဖြစ်သည်။ ငွေသာရှိဖို့လိုသည်။ သွားရေးလာရေး အစစအရာရာ ခပ်သိမ်းအားလုံးနီးပါးမဟုတ်သည့်တိုင် အားလုံးနီးပါးမျှအဆင်ပြေသည်။

လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်မြို့နယ်များကဲ့သို့ မြို့နယ်အချို့တွင် စက်မှုဇုန်ကြီးများရှိသည်။ နယ်မှလာသူတို့အဖို့ အလုပ်အကိုင်များ အစဉ်ရှိနေသည်။ နံနက်ခင်း အလုပ်လာချိန်၊ ညနေပိုင်း အလုပ်ဆင်းချိန်တို့တွင် ထိုထိုစက်မှုဇုန်များအနီးတွင် ကုမ္ပဏီဝတ်စုံများဖြင့် အရောင်အသွေးစုံသော ပန်းချီကားချပ်သဖွယ် မြင်ကွင်းတစ်ရပ်အဖြစ် တွေ့နိုင်မည်ဖြစ်သည်။

### ရန်ကုန်ကျူး

"ကျူးအစ နာဂစ်က" ဟုပင် ဆိုရပါမည်။ နာဂစ်မုန်တိုင်း ရိုက်ခတ်ပြီးနောက် ဧရာဝတီတိုင်း ဒေသကြီးနှင့် အခြားမြို့ရွာတို့ မှ တိုးဝင်လာကြခြင်းဖြစ်သည်။ စက်မှုဇုန်များနှင့် နီးရာ တွင် ကျူးကျော်နေထိုင်ပြီး ဘဝကိုရပ်တည်လာကြခြင်း ဖြစ်သည်။

"စားရေးထက် နေရေးခက်" ဟု ရှေးလူကြီးများ၏ ဆိုစကားသည် အတိမ်းအစောင်းမရှိ လွန်စွာမှပင် မှန်ပေ၏။ ကျောတစ်ခင်းစာ နေရာရရှိရေးက ရန်ကုန်မြို့တွင် မလွယ်ကူပေ။ အိမ်ငှားစရိတ်များက တစ်နှစ်ပြီးတစ်နှစ်၊ တစ်ကြိမ်ပြီး တစ်ကြိမ် တက်လာသည်။ ဒီရေသည် တက်ပြီးပြန်ဆင်းတတ်သော်လည်း အိမ်ငှားခသည် ပြန်ဆင်းရိုးထုံးစံမရှိပေ။ မည်သူကပင် မည်သို့ ထုံးစံလုပ်ခဲ့သည်မသိ၊ တစ်နှစ်ပြီး တစ်နှစ်၊ တစ်ဖြတ်ပြီးတစ်ဖြတ် မြင့်မြင့်လာသည်။

ထို့ကြောင့် အိမ်ငှားနေသူများ၏ ဘဝသည် အိမ်ငှားခ ကြိုးကွင်းက တစ်ရစ်ပြီး တစ်ရစ် ချည်လာသည်။ နောက်ဆုံး လည်ပင်းအထိ ရောက်လာတော့သည်။ ဤတွင် အသက်ရှူနိုင်ရေးအတွက် ဈေးနည်းသော မြို့စွန်များဆီသို့ ရွှေ့လားသွားကြသည်။ ထိုမှ ကျူးအဆင့်ဆီသို့ စီးမျောသွားကြရခြင်းဖြစ်သည်ကို လေ့လာမှုအရ တွေ့ရသည်။

ယခင်က ကြည့်မြင်တိုင်မြို့နယ်တွင် အိမ်ငှားနေထိုင်ပြီး အိမ်ငှားခများ ဈေးတက်လာမှု ကြောင့် လှိုင်သာယာမီးခွက်ဈေး၊ ထိုမှ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး ကျူးကျော်တဲတွင် နေထိုင်သူ ဒေါ်ခင်မြက "သြော်... ဒီလို မတည်မငြိမ် မလုံခြုံတဲ့ နေရာမျိုးမှာ ဘယ်နေချင်ပါ့မလဲ၊ အစတုန်းက ကြည့်မြင်တိုင်မှာ ငှားနေတယ်၊ တစ်လ ငွေကျပ် ၁၀၀၀၀၀ ပါ၊ အိမ်လခတွေ တဖြည်းဖြည်း တက်လာတော့ မီးခွက်ဈေးကို ပြောင်းတယ်၊ တစ်လ ငွေကျပ် ၄၀၀၀၀ ပါ၊ နောက် သူကလဲတိုးတောင်းလာတယ်၊ အခု ဒီနေရာလေးကို လာဝယ်နေတာ နေရာလေး ဘာလေးပေးရင် ရအောင်ပါ၊ တစ်လောက လှိုင်သာယာကျူးကျော်တွေအတွက် တန်ဖိုးနည်း တိုက်ခန်း ၂၀၀၀ ဆောက်တယ်လို့ ကြားတယ်၊ ဒါပေမယ့် ကျွန်မတို့အတွက် မဟုတ်သေးဘူး၊ အရစ်ကျနဲ့ ရောင်းသွားတယ်လို့ ပြန်ကြားရတယ်"ဟု ဆိုသည်။

တစ်ခေတ်ပြောင်း သမ္မတ ဦးသိန်းစိန်လက်ထက်တွင် ဒဂုံမြို့သစ် အရှေ့ပိုင်း အမှတ်(၂) လမ်းမကြီးဘေးတွင် မဟာဗန္ဓုလ အိမ်ရာကို တည်ဆောက်ပေးခဲ့သည်။ ယင်းဝန်းကျင်မှ ကျူးများကို တိုက်ပေါ် တင်ပေးခဲ့သည်။ ငါးနှစ်သက်တမ်းစာချုပ်ဖြင့် ဖြစ်သည်။ တိုက်ခန်းခ၊ ပြင်ဆင်ထိန်းသိမ်းခ၊ သန့်ရှင်းရေးခအဖြစ် တစ်လ ငွေကျပ် ၃၆၀၀၀ သတ်မှတ်ပေးခဲ့သည်။ မီတာခကို မိမိသုံးသမျှ ကျခံရန်ဖြစ်သည်။ လစဉ် သာယာရေးရုံးသို့ လာရောက်ပေးသွင်းရခြင်းဖြစ်သည်။

သို့သော် မှန်မှန်လာမသွင်းသူများ များပြားလာခြင်းကြောင့် တာဝန်ခံများကိုယ်တိုင် လစဉ်ဆင်း၍ ကြွေးတောင်းသူများ ဘဝသို့ ရောက်ရှိနေသည်။ အချို့ လေး၊ ငါး၊ ခြောက်လအထိပင် တောင်းယူနေရသည့် ပြဿနာများနှင့် ကြုံတွေ့နေရသည်ဟု သိရသည်။ အချို့ကလည်း မိမိရသော အခန်းအား ငှားထား၍ အခြားကျူးတဲများဆီသို့ ပြန်လည်နေရာယူထားကြသည်ဟု ပြောသံများကို ကြားနေရသည်။

ရန်ကုန်တိုင်းဒေသကြီး တစ်တိုင်းလုံး ကျူးကျော်အိမ် ထောင်စုပေါင်း ၁၁၀၀၀၀ ကျော်ရှိပြီး လူဦးရေ ၄၅၀၀၀၀ ကျော် ရှိသည်ဟု တိုင်းဒေသကြီးလွှတ်တော်အမတ်တစ်ဦး၏ ပြောပြ မှုအရ သိရသည်။

ယခင်အစိုးရတစ်ခေတ်က ကျူးများကို အင်အားသုံး၍ ဘူဒိုဇာဖြင့်ထိုးပြီး ရှင်းလင်းခဲ့ဖူးသည်။ NLD အစိုးရတက်လာပြီးနောက် ၂၀၁၆ ခုနှစ် ဧပြီ ၂၅ ရက်က ရန်ကုန်မြို့ကုန်သည်ကြီး များအသင်း၌ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ကျွန်တော်တို့ ဘူဒိုဇာအစိုးရ မဖြစ်ချင်ဘူး"ဟု ထည့်သွင်းပြောကြားမှုတစ်ရပ်ကို ကြားခဲ့ရသည်။

**အချပ်ပို(ခ)သို့**



အချပ်ပို (ခ)

**အများပြည်သူအပန်းဖြေရာ ရန်ကုန်မြို့ပြ၏ အလှရတနာ**



အချပ်ပို (ဃ)

**ငွေမလည်တဲ့ ကားပိုင်ရှင်များ လျှော့ဈေးနဲ့သာရောင်းချနေကြသည့် ရန်ကုန်ဈေးကွက်**





# အများပြည်သူအပန်းဖြေရာ ရန်ကုန်မြို့ပြ၏အလှရတနာ

သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ -သန်းစိုး

**ရန်ကုန်မြို့ပြ၏** လူစည်ကားရာ မြို့လယ်ဖြစ်သော မဟာဗန္ဓုလပန်းခြံနှင့် မြို့တော်ခန်းမမှာ နံနက်ခင်းနေရောင်ခြည်အောက်တွင် မြို့ပြအလှနှင့် လိုက်ဖက်ညီစွာ သစ်လွင်တောက်ပ လှပလျက်ရှိသည်။ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ မဟာဗန္ဓုလပန်းခြံအတွင်း မိသားစုတို့နှင့် လာရောက်အပန်းဖြေသူ၊ နိုင်ငံခြားခရီးသွားများနှင့် ပန်းခြံဘေးတွင် လူမှုရေးပရဟိတအဖွဲ့တို့ဖြင့် ရန်ကုန်မြို့လယ်သည် သွက်လက်လှုပ်ရှား စည်ကားလျက်ရှိသည်။ မြို့ကျက်သရေဆောင် ဆူးလေစေတီတော်မှ အမွှေးနံ့သာရနံ့တို့က လေအဝှေ့တွင် မြို့တော်ခန်းမ မျက်နှာချင်းဆိုင်ရှိ ကားမှတ်တိုင်ကို တိုးဝှေ့သင်းပျံ့လျက်ရှိသည်။ နံနက်ခင်း ကားမှတ်တိုင်တွင် မြို့တွင်းသို့ လာရောက်သော ပြည်သူတို့ဖြင့် စည်ကားလျက်၊ နိုင်ငံခြားသား ခရီးသွားများကိုလည်း ရုံးပိတ်ရက်တွင် ဤနေရာ၌ အများဆုံး တွေ့ရလေ့ရှိသည်။ ၎င်းတို့အတွက် ရန်ကုန်မြို့လယ်၏ ကိုလိုနီလက်ရာအဆောက်အအုံများကလည်း စိတ်ဝင်စားဖွယ် ဆွဲဆောင်မှုအပြည့်ရှိ၍ လေ့လာမှတ်တမ်းတင်သူ နိုင်ငံခြားသားတို့ဖြင့် စည်ကားလျက်ရှိသည်။

မဟာဗန္ဓုလလမ်းပေါ်တွင်လည်း ရုံးပိတ်ရက်လာရောက်လည်ပတ်သူတို့ဖြင့် နံနက်ခင်းသည် စည်ကားလျက်ရှိပြီး ဗန္ဓုလပန်းခြံနှင့် ရန်ကုန်တိုင်းတရားလွှတ်တော်ကြားတွင်ရှိသည့်မြို့လယ်ဈေးတန်းမှာ စားသောက်သူတို့နှင့်အတူ နိုင်ငံခြားသားအချို့ကိုလည်း တွေ့ရသည်။ ပန်းခြံ၊ မြို့ပြအလှနှင့် ထိုဈေးတန်းသည် လိုက်ဖက်ညီမှုမရှိသော်လည်း လွယ်လင့်တကူ အသင့်စားသောက်နိုင်သော ဈေးဆိုင်များဖြစ်၍ စားသုံးသူများ ရှိနေဆဲဖြစ်သည်။ ပန်းခြံအတွင်းသို့ ဝင်ရောက်ရန် စည်းရိုးနံဘေး လမ်းပေါ်တွင် ထိုဈေးတန်းမှ ထိုင်ခုံ၊ စားပွဲများချထား၍ အများပြည်သူ သွားလာရေး အနည်းငယ် အခက်အခဲရှိနေပြီး ပန်းခြံအဝင်ဝတွင်လည်း ဈေးသည်များကြောင့် ဗန္ဓုလပန်းခြံ၏ အလှကို အရောင်မှိန်စေလျက်ရှိသည်။ ပန်းခြံအတွင်းရှိ ကလေးကစားကွင်းတွင် ကလေးများ ဆော့ကစားလျက်ရှိ၍ အချို့မှာ ဝိုင်းဖွဲ့ထိုင်လျက် မိသားစုပျော်ရွှင်စွာ စားသောက်ကြလျက်ရှိသည်။ ရန်ကုန်မြို့ပြနေပြည်သူတို့၏ အေးချမ်းစွာ အပန်းဖြေအနားယူသောရက်ဖြစ်၍ ပန်းခြံအတွင်းမှာလည်း စည်ကားလျက်ရှိသည်။ အစိမ်းရောင်မြက်ခင်းပြင်နှင့် ရုပ်လုံးဖော်ထားသော သစ်ပင်ပုများဖြင့် လိုက်ဖက်ညီလျက်ရှိသည့် ဗန္ဓုလပန်းခြံအတွင်း ခုံတန်းများ စီစီရီရီထားရှိပါက ပန်းခြံ၏အလှနှင့် လိုက်ဖက်ညီစေမည်ဖြစ်သည်။ သစ်ပင်ပုများကို ကျောမှီ၍ လည်းကောင်း၊ ကွန်ကရစ်မြောင်းအကာတွင် လည်းကောင်း၊ အပန်းဖြေသူတို့ ထိုင်ကြလျက်ရှိရာ ကွန်ကရစ်ရေမြောင်းဘေးတွင် နိုင်ငံခြားသားအချို့ အနားယူထိုင်လျက်ရှိသည်။ လာရောက်အပန်းဖြေသူတို့မှာ မြက်ခင်းပြင်သစ်ပင်များအောက်တွင် ဟိုတစ်စု၊ သည်တစ်စုဖြင့် ရုံးပိတ်ရက်တွင် အပန်းဖြေအနားယူလျက်ရှိသည်။ ပန်းခြံအတွင်း အမှိုက်များ လိုက်လံသိမ်းဆည်းလျက်ရှိပြီး စွန့်ပစ်သူနှင့် သိမ်းဆည်းသူ လွန်ဆွဲအားပြိုင်လျက်ရှိသည်။ အမှိုက်ပုံးများကို ပန်းခြံလျှောက် လမ်းပေါ်တွင်သာမက သစ်ပင်ရိပ်များအောက်တွင်လည်း ထားရှိပါက သိမ်းဆည်းမှု သက်သာနိုင်ကာ ပန်းခြံအလှကို ထိန်းသိမ်းနိုင်မည် ဖြစ်သည်။ လေအဝှေ့တွင် ကျောက်တိုင်အနီး မြက်ခင်းစိမ်းပေါ်တွင် ကြွပ်ကြွပ်အိတ်များ လေယူရာပြေးလွှားလျက်ရှိသည်။ ပန်းခြံနှင့်ကပ်လျက် ဈေးဆိုင်များက ဖော့ဘူးနှင့် ကြွပ်ကြွပ်အိတ်များက ဤပန်းခြံအတွင်း အများဆုံးဝင်ရောက်သောကြောင့်ဖြစ်သည်။ သန့်ရှင်းရေးဆောင်ရွက်သူတို့မှာလည်း ပန်းခြံအတွင်း လှည့်လည်ဆောင်ရွက်လျက်။

ပန်းခြံမြောက်ဘက် မြို့တော်ခန်းမမှာ နံနက်ခင်းနေရောင်ခြည်ဖြာကျလျက် ရန်ကုန်မြို့ပြ၏ ရှေးဟောင်းလက်ရာအလှကို ပြသလျက် ရှိသည်။ ခန်းမမျက်နှာချင်းဆိုင် ပန်းခြံစည်ရိုးအနီးတွင် Save the children နှင့် Social Actions for communities changer လူမှုအထောက်အကူပြုအဖွဲ့များက မေတ္တာဖြင့်သာ ဟူသော စာသားဖြင့် မိမိတို့၏ ကလေးသူငယ်များကို ရိုက်နှက် ဆုံးမခြင်းထက် အသိအလိမ္မာ နှလုံးသွင်းစေနိုင်သော မေတ္တာဖြင့် သိမ်းသွင်းဆုံးမသည့် ပညာပေး VCD ခွေများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိရာ ကလေးမိဘများဖြင့် ထိုနေရာသည်လည်း စည်ကားလျက်ရှိသည်။ လူသွားလမ်းပေါ်တွင် ကုလားထိုင်များခင်း၍ ထိုင်နေကြရာ နိုင်ငံခြားသားများလည်း လေ့လာကြည့်ရှုကြလျက်ရှိသည်။

ပန်းခြံစည်းရိုးနှင့် ကပ်လျက် ကွန်ကရစ်လမ်းပေါ်တွင် ပလတ်စတစ်ထိုင်ခုံများခင်း၍ ကလေးလူကြီးထိုင်လျက်ရှိရာ နိုင်ငံခြားသူနှစ်ဦးနှင့် နိုင်ငံခြားသားတစ်ဦးတို့ ကုလားထိုင်များကြား လမ်းကျဉ်းလေးမှ ဖြတ်သန်းသွားရာ အမျိုးသမီးတစ်ဦးမှာ ထိုလမ်းကျဉ်းပေါ်တွင် ရပ်ပြီး မိမိ၏ အိတ်အတွင်းမှ ပစ္စည်းတစ်ခု နှိုက်ယူလျက်ရှိ၍ နိုင်ငံခြားသူနှစ်ဦးမှာ ရှောင်တိမ်းသွားကြပြီး နိုင်ငံခြားအမျိုးသားမှာ ၎င်း၏ ကျောပိုးအိတ်အစွန်းနှင့် လမ်းလယ်မှ အမျိုးသမီး၏အိတ်ကို အနည်းငယ်ထိမိသွား၍ ၎င်းက ပြုံးရွှင်စွာ တောင်းပန်ပြောဆိုနေသည်ကို တွေ့ရသည်။ နိုင်ငံကြီးသားပီသသော အပြုအမူမှာ နှလုံးပိုက်အတုယူဖွယ်ပင်ဖြစ်သည်။



အများပြည်သူ အလုပ်ပိတ်ရက်၌ အပန်းဖြေနေသည့် မိသားစုကို တွေ့ရစဉ်။

ဆူးလေခုံးကျော်တံတားအောက် လမ်းမကြီးတစ်လျှောက် နံနက်ပိုင်း ယာဉ်ကြောပိတ်ဆို့လျက်ရှိသည်။ ရန်ကုန်မြို့တွင်းလမ်းများမှာ ရုံးပိတ်ရက်၌ပင် ယာဉ်ကြောပိတ်ဆို့မှုကို ကြုံတွေ့ရလျက်ရှိရာ ရုံးဖွင့်ရက် ဆိုလျှင် ဆိုဖွယ်ရာမရှိပေ။ ပုစ္ဆာရှိလျှင် အဖြေရှိစမြဲဖြစ်၍ အဖြေထုတ်နိုင်သော တစ်နေ့တွင် ရန်ကုန်မြို့တွင် ကားလမ်းများသည် လွတ်လပ်ပေါ့ပါးစွာဖြင့် ယာဉ်များ ဖြတ်သန်းသွားလာနိုင်ကြမည် ဖြစ်သည်။ လူကူးခုံးကျော်တံတားပေါ် ဖြတ်သန်းသွားလာခြင်းထက် ကားလမ်းပေါ်မှ ဖြတ်သန်းသွားလာနေကြခြင်း၊ ကားလမ်းပေါ်တွင် ယာဉ်များ ရပ်တန့်ထားခြင်း၊ လူသွားလမ်းပျောက်သည်အထိ လမ်းပေါ်ဈေး သည်များ ခင်းကျင်းရောင်းချခြင်း၊ အများပြည်သူ သွားလာရမည့် လမ်းပေါ်တွင် အခကြေးငွေဖြင့် ယာဉ်များ ပါကင်ထိုးခြင်းနှင့် ကွန်ကရစ်လမ်းပေါ်နှင့် အဆောက်အအုံထောင့်များတွင် ကွမ်းတံတွေးများ ကင်းရှင်းသော တစ်နေ့တွင် ရန်ကုန်မြို့တွင်းလမ်းများသည် မြို့ပြအလှနှင့် လိုက်ဖက်ညီစွာ သန့်ရှင်းလှပ စည်းစနစ်ကျသွား မည်ဖြစ်သည်။ အားလုံးဟန်ချက်ညီစွာ ဝိုင်းဝန်းလက်တွဲရန်လည်း လိုအပ်သည်။

ရန်ကုန်မြို့ပြ၏ မြို့လယ်စည်ကားရာနေရာသည် ဤတစ်နေရာသာရှိ၍ ဗန္ဓုလပန်းခြံသည် မြို့ပြနေပြည်သူတို့ လာရောက်အပန်းဖြေ အနားယူရာနေရာဖြစ်သည့်အပြင် နိုင်ငံခြားသားခရီးသွားများ လည်း ဝင်ရောက်လေ့လာ ခေတ္တအနားယူရာနေရာ ဖြစ်သောကြောင့် ပန်းခြံအတွင်း သံပန်းထိုင်ခုံ၊ သစ်သားထိုင်ခုံများနှင့် အများပြည်သူ သောက်သုံးနိုင်ရန် သောက်ရေစင်များ (အနောက်မြောက်ထောင့် တွင် တစ်ခုသာရှိ) ဖြည့်ဆည်းထားရှိနိုင်ပါက မြို့လယ်ပန်းခြံအလှကို ပို၍ပေါ်လွင်စေမည်ဖြစ်သည်။ ပြည်သူတို့အနေဖြင့်လည်း စည်းကမ်း၏ အကျိုး ကျေးဇူးကို ခံစားရရှိလိုလျှင် စည်းကမ်းလိုက်ပါ ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့ပြ၏ ရတနာတစ်ပါးဖြစ်သော မြို့လယ်ဗန္ဓုလပန်းခြံ ပို၍လှပသန့်ရှင်းမှုကို လိုလားမည်သာဖြစ်သည်။ သို့ဖြစ်၍ အများပြည်သူ အပန်းဖြေရာ ရန်ကုန်မြို့ပြ၏ အလှရတနာ ပို၍ သန့်ရှင်းသပ်ရပ်စေရန် ဝိုင်းဝန်းလက်တွဲသွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ရန်ကုန်မြို့ပြနှင့် ရန်ကုန်ကျူး --- မှ**

ကျူးများအတွက် အားဆေးတစ်ရပ်ဖြစ်ခဲ့သည်။ အားလုံးဝမ်းသာခဲ့ကြသည်။ ထို့နောက်ပိုင်း လှိုင်သာယာမြို့နယ်တွင် ရန်ကုန်-ပုသိမ်လမ်းမကြီးဘေးတစ်လျှောက် ကျူးကျော်တဲများ ပိုမိုများပြားလာသည်။ လှိုင်သာယာကျူးကျော်သူများအတွက် စမတ်ကတ် ၃၈၀၀၀ ကျော် ထုတ်ပေးခဲ့သည်။ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဦးဆောင်သော တိုင်းဒေသကြီးအစိုးရအပေါ် ယုံကြည်ကိုးစားမှုများ များပြားလာခဲ့ကြသည်။

ကျူးစမတ်ကတ်များသည် ကျူးကျော်နေထိုင်သူများအဖြစ် အသိအမှတ်ပြု သက်သေခံကတ်ပြားဖြစ်သည်။ လူနေမှုဘဝတစ်ခုကို ပြောင်းလဲပေးစေမည့် ကတ်ပြားလေးဖြစ်သည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် အိမ်ရာများ ဖော်ဆောင်ပေးမည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

ကျူးစီမံကိန်းအတွက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းဒေသကြီးအစိုးရနှင့် ဆွေးနွေးလျက်ရှိနေသည်ဟုလည်း ကြားသိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း နိုဝင်ဘာ ၂၄ ရက်က ကျူးကျော်နေထိုင်သူများ ပြန်လည်နေရာချထားရေး၊ အိမ်ရာဆောက်လုပ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို Yangon Metro Politan Development Public ကုမ္ပဏီ၊ မလေးရှားအခြေစိုက် Berjaya Land Berhad တို့ဖြင့် ပူးပေါင်း၍ လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ရာ ရန်ကုန်ကျူးများ၏ဘဝ မြူတိမ်ကင်း၍ လမင်းသာသောကာလသို့ ရောက်ရှိလာတော့မည်ကို စိတ်ကူးပုံဖော်ကြည့်မိပါတော့သည်။

# ပလက်ဖောင်းစင်္ကြံကောင်းရင် လျှောက်ချင်တယ်



**မောင်မောင်ထွေး**

ပလက်ဖောင်း စင်္ကြံလှလှ ကောင်းကောင်းလေးတွေ မြင်ရင် ကျွန်တော်သိပ်ပြီး သဘောကျတယ်။ နံနက်စောစောနဲ့ ညနေဆည်းဆာဆို အဲဒီပလက်ဖောင်းစင်္ကြံလေးပေါ်ကို လျှောက်လှမ်းချင်တာပဲ။

လုပ်ငန်းတာဝန်နဲ့ အာရှနိုင်ငံကြီးအချို့က မြို့ပြတွေရောက်တော့ ကျွန်တော့်ချင်ခြင်းတွေ အတော်အသင့်ပြေသွားတယ်။ ပလက်ဖောင်းလှလှလေးတွေပေါ်ကနေ သပ်ရပ်ကြော့ရှင်းတဲ့ အနောက်တိုင်းဝတ်စုံတွေဝတ်ဆင်ပြီး လက်ဆွဲအိတ်ကိုယ်စီကို လက်မှာကိုင်ပြီး စတိုင်ကျကျလျှောက်လှမ်းနေကြတဲ့ သူတို့နိုင်ငံသားတွေကိုကြည့်ပြီး ကျွန်တော် သဘောအကျကြီးကျနေမိတယ်။

ဂျပန်နိုင်ငံ ကျိုတိုမြို့လယ်ဆိုရင် ကားလမ်းထက် ပလက်ဖောင်းစင်္ကြံတွေ ပိုကျယ်တယ်။ ညီညာပြန့်ပြူးမှုလည်းရှိတယ်။ လေးထောင့်စတုရန်းကွက် ကျောက်ပြားလေးတွေကလည်း သတ်မှတ်အရောင်လေးတွေနဲ့ လှလှပပပဲ။ အမှိုက်တစ်စမတွေ့ခဲ့ရဘူး။ ပလက်ဖောင်းစင်္ကြံတစ်ဘလောက်နဲ့ တစ်ဘလောက် စက်ဘီးတို့၊ ကိုယ်အင်္ဂါမသန်စွမ်းသူတွေစီးတဲ့ ဝှီးချဲတို့သွားလို့ရအောင် အတက်လမ်းနဲ့ အဆင်း လမ်းကို ပြေပြစ်တဲ့ဆင်ခြေလျှောလေးတွေ ဖန်တီးထားတဲ့အတွက် ကျိုတိုမြို့ကြီးသားအချို့ ပလက်ဖောင်းစင်္ကြံပေါ် စက်ဘီးစီးသူ စီးကြတယ်။ အမှိုက်တစ်စက်မရှိဘူး။ သစ်ပင်ပန်းမန်တွေကလည်း ဝေဝေဆာဆာဖူးပွင့်လှပ စိမ်းမြနေလိုက်တာလေ။

လူနေထူထပ်တဲ့ တိုကျိုမြို့လယ် ပလက်ဖောင်းစင်္ကြံတွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ လမ်းသွယ်လမ်းကြားတွေ နီညိုရောင်အဆင်းရှိတဲ့ အုတ်တစ်ချပ်စီကို စီရရီညီညီညာညာခင်းထားတာများ လှမှလှပေါ့။ ရေဝပ်တာမရှိဘူး။ သန့်ရှင်းသပ်ရပ်သာယာလှပနေတယ်။

ဆွေမျိုးပေါက်ဖော်တို့ရဲ့ဂန္ဓလရာဇ်စိနတိုင်း၌ာနီ နန်ကျင်းမြို့ရောက်တော့ မိုးရွာပြီးစ ညနေခင်း။ ကျွန်တော်တို့ရဲ့ဟိုတယ်ရဲ့ရှေ့ ပလက်ဖောင်းစင်္ကြံနဲ့ ကားလမ်းကြားမှာ ရေအနည်းငယ်ဝပ်နေလို့ ဆွေမျိုးပေါက်ဖော်မြူနီစီပါယ်တွေ လူအား၊ စက်ယာဉ်ယန္တရားအားနဲ့ အလုပ်တွေရှုပ်နေကြလေရဲ့။ ကားလမ်းမရဲ့ဒီမှာဘက်မှာတော့ စက်ဘီး၊ ဆိုင်ကယ်နဲ့ လူသွားပလက်ဖောင်းစင်္ကြံလေးတွေက သူ့လမ်းနဲ့သူ။

စိနတိုင်းရဲ့ သစ်တောမြို့တော်လို့ တင်စားကြတဲ့ ဝူရှီ (Wuxi) မြို့နဲ့ စိနတိုင်းရဲ့ပန်းမြို့တော်လို့ တင်စားကြတဲ့ စူကျိုး (Suzhou) မြို့တွေဆိုရင်လည်း လမ်းလယ်ကျွန်းမှာ သစ်ပင်ပန်းမန်အလှ ကိုယ်စီနဲ့ပေါ့လေ။ ရောင်စုံပန်းခင်းတွေကို


ပေကျင်းမြို့ မြို့လယ်တစ်နေရာ

တစ်ကန့်စီ၊ တစ်ကန့်စီ စိုက်ပျိုးအလှဆင်ထားတာ ကြည့်မဝနိုင်အောင်ပါ။

ကားသွားကားလာ၊ လူသွားလူလာနဲ့ လူနေထူထပ်တဲ့ မြို့တော်ပေကျင်းမှာလည်း လူသွားပလက်ဖောင်းစင်္ကြံလေးတွေက သူ့နေရာနဲ့သူ လှလှပပ ကျယ်ကျယ်ဝန်းဝန်းရှိတဲ့အတွက် ပေကျင်းသူ ပေကျင်းသားတွေ အန္တရာယ်ကင်း ဘေးကင်း လျှောက်လှမ်းနိုင်တယ်။

ကျွန်တော်အနှစ်သက်ဆုံးကတော့ စိနတိုင်း လန်ကျိုး (Lanzhou) မြို့က လူသွား ပလက်ဖောင်းစင်္ကြံတွေပဲ ဖြစ်ပါတယ်။ နာမည်ကျော် Yellow River ခေါ် မြစ်ဝါမြစ်ကမ်းနံဘေးက ညီညာကျယ်ပြန့်တဲ့ မြစ်ကမ်းပတ်ပလက်ဖောင်းစင်္ကြံလမ်းထက်မှာ ကလေးလူကြီးမရွေး လမ်းလျှောက်သူကလျှောက် စကိတ်စီးသူကစီး၊ စက်ဘီးစီးသူကစီးနဲ့ တကယ့်ကို တစ်နေ့တာမောပန်းသမျှ အပန်းဖြေစရာ သုခဘုံပမာပါပဲ။

ခြုံငုံကြည့်လိုက်ရင် အာရှနိုင်ငံကြီးတွေက မြို့ပြတွေမှာ သူတို့မြို့သူမြို့သားတွေ ဘေးကင်းလုံခြုံရာ၊ အပန်းဖြေစရာ၊ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် လှပစွာရှိစေမယ့် ပလက်ဖောင်းစင်္ကြံတွေ ကိုယ်စီဖန်တီးပေးထားတာကို တွေ့မြင်ခဲ့ရတယ်။

ကျွန်တော်တို့ စီးပွားရေးမြို့တော် ရန်ကုန်မှာတော့ ခေတ်အဆက်ဆက် ကားလမ်းအတွက်ပဲ ဦးစားပေးခဲ့တာ များပါတယ်။ သို့မို့ကြောင့် လုံခြုံစိတ်ချရတဲ့ လူသွားပလက်ဖောင်းစင်္ကြံဧရိယာက အလွန်တရာ နည်းပါးလွန်းပါတယ်။

ဒီကြားထဲမှာ အချို့အဆောက်အအုံတွေက လူသွားပလက်ဖောင်းစင်္ကြံပေါ် နေရာယူထားတာကြောင့် ရန်ကုန်ရဲ့ဥပမိရုပ်ကို အရုပ်ဆိုးစေတယ်။ ပြီးခဲ့တဲ့ ခေတ်များက ခွင့်ပြုထားတဲ့ မီဒီယာကော်နာစာအုပ်ဆိုင်အချို့ ပုဇွန်တောင်ပန်းခြံထောင့် ပလက်ဖောင်းစင်္ကြံအကွေ့က မီးပွိုင့်ယာဉ်ထိန်းရဲရုံးနဲ့ ရန်ကုန်မြို့လယ် ပန်းဆိုးတန်းခုံးကျော်တံတားပေါ်က လူသွားပလက်ဖောင်းစင်္ကြံတွေဆိုရင် မြို့နေလူထုအတွက် ဘေးကင်းလုံခြုံမှုရှိဖို့ မေးခွန်းထုတ်စရာပါ။ သုဝဏ္ဏဘောလုံးကွင်းရှေ့က ဝေဇယန္တာ လမ်းမကြီးအပါအဝင် ရန်ကုန်ရဲ့ ဆင်ခြေဖုံးရပ်ကွက်တွေမှာဆို လူသွားပလက်ဖောင်းစင်္ကြံဧရိယာ ပျောက်ကွယ်သလောက်နီးပါး ပါပဲ။ သို့မို့ကြောင့် မြို့နေလူထု အများစုဟာ လမ်းဘေးမှာရပ်ထားတဲ့ ကားတွေ၊ ကားလမ်းဘေးမှာဝပ်နေတဲ့ ရေဆိုးတွေ ကို ကျော်လွန်ပြီး ကားလမ်းမရဲ့လမ်းလယ်နီးပါးက နောက်ကျောမလုံ လျှောက်လှမ်းနေရဆဲ ဖြစ်ကြောင်းပါ။

သက်ဆိုင်ရာအနေနဲ့ ခေတ်အဆက်ဆက်ကတည်းက တည်ရှိခဲ့တဲ့ ပလက်ဖောင်းစင်္ကြံယဉ်ကျေးမှုဟောင်းကို ချက်ချင်းပြောင်းလဲဖို့ မတတ်နိုင်သေးရင် တောင် အနာဂတ်ရန်ကုန်အတွက်တော့ တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါတယ်။

ရန်ကုန်ဟာ မကြာမီ လူဦးရေ ၁၀ သန်းနှင့်အထက် နေထိုင်တဲ့ mega city ဖြစ်လာတော့မယ်။ သို့မို့ကြောင့် အာရှနဲ့ ဒေသသတွင်းက မြို့ပြများနည်းတူ မြို့ဥပမိကို ခံ့ညားထည်ဝါလှပစေမယ့်၊ မြို့သူ မြို့သားတွေအတွက် ဘေးကင်းစိတ်ချမှုရှိစေမယ့် လူသွားပလက်ဖောင်းစင်္ကြံတွေသာမက ပညာရေးပလက်ဖောင်းစင်္ကြံ၊ ကျန်းမာရေး ပလက်ဖောင်းစင်္ကြံ၊ လူမှုရေးပလက်ဖောင်းစင်္ကြံ၊ စီးပွားရေးပလက်ဖောင်းစင်္ကြံတွေကိုပါ အခိုင်အခံ့ တည်ဆောက်ဖို့ လိုအပ်ကြောင်းပါဗျာ။

**ရန်ကုန်ဟာ မကြာမီ လူဦးရေ ၁၀ သန်းနှင့်အထက် နေထိုင်တဲ့ mega city ဖြစ်လာတော့မယ်။ သို့မို့ကြောင့် အာရှနဲ့ ဒေသသတွင်းက မြို့ပြများနည်းတူ မြို့ဥပမိကို ခံ့ညားထည်ဝါလှပစေမယ့်၊ မြို့သူ မြို့သားတွေအတွက် ဘေးကင်းစိတ်ချမှုရှိစေမယ့် လူသွားပလက်ဖောင်းစင်္ကြံတွေသာမက ပညာရေးပလက်ဖောင်းစင်္ကြံ၊ ကျန်းမာရေးပလက်ဖောင်းစင်္ကြံ၊ လူမှုရေးပလက်ဖောင်းစင်္ကြံ၊ စီးပွားရေးပလက်ဖောင်းစင်္ကြံတွေကိုပါ အခိုင်အခံ့ တည်ဆောက်ဖို့လို**


လန်ကျိုးမြို့ နာမည်ကျော် မြစ်ဝါမြစ်ကမ်းနားဘေးက မြစ်ကမ်းပတ် ပလက်ဖောင်းစင်္ကြံ


နန်ကျင်းမြို့ လမ်းသာယာလှပရေး ဆောင်ရွက်နေမှု




「၂၀၁၈ နှစ်ဆန်းပိုင်း မူဝါဒသစ်ဖြင့် ကားတင်သွင်းမည့် လူများကလည်း ကားသစ် တင်သွင်းရန်ကိုသာ စိတ်ဝင်စားကြပြီး ကားဟောင်းများဖြင့် ဈေးကစားခြင်းကို အားလျှော့နေကြပြီဖြစ်」

# ငွေမလည်တဲ့ ကားပိုင်ရှင်များ လျှော့ဈေးနဲ့သာ ရောင်းချနေကြသည့် ရန်ကုန်ဈေးကွက်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

မင်းသော်

**ယခုရက်ပိုင်းအတွင်း** သတ်မှတ်ပေါက်ဈေးထက် နိမ့်သည့် လျှော့ဈေးဖြင့် ရောင်းချသော မော်တော်ကားများ ဆက်တိုက်အရောင်းအဝယ်ဖြစ်နေပြီး ယခုကဲ့သို့ ပေါက်ဈေးကို လျှော့ပေါ့ကာ ရောင်းချရခြင်းများ လာမည့် သီတင်းပတ်အတွင်းလည်း ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပြီး ဈေးနှုန်းများမှာလည်း လျှော့ဈေးရောင်းချမှု များပြားလာပါက ကျဆင်းလာဖွယ်ရှိနေကြောင်း ကားဈေးကွက်အတွင်းမှ သိရှိရသည်။

လက်ရှိဈေးကွက်အတွင်း ဝယ်ရောင်းအများစုမှာ မော်တော်ကား လက်ဝယ်ထားရှိမှုတွင် အမြတ်အစွန်း နည်းပါးဆုံးသော ကားများကို ထုတ်ရောင်းလာကြပြီး ဈေးလျှော့ရောင်းသဖြင့် အရောင်းအဝယ် ပြန်ဖြစ်လာနေသည်ကို တွေ့ရသည်။ ဈေးနှုန်းမြင့်မားခြင်းကြောင့် မော်တော်ကား လက်ဝယ် ကိုင်ဆောင်ထားလိုကြသော်လည်း အဝယ်မလိုက်မှု ကြာရှည်လာသဖြင့် ငွေလည်ပတ်ရန်အတွက် ယခုလို ရောင်းချနေကြခြင်း ဖြစ်သည်။ “ကျွန်တော် ကားငါးစီး ကိုင်ထားတယ်။ ဈေးက မြင့်လို့ မြတ်နေတယ်လို့ ပြောရင်ရပေမယ့် ငွေက ကားတွေထဲမှာ အိပ်နေတယ်၊ မလည်ပတ်နိုင်တော့ဘူး၊ အတိုးတွက်နဲ့ တွက်မယ်ဆိုရင် အရှုံးပေါ်သလို ဖြစ်နေတဲ့အတွက် ကားနှစ်စီးကို ထုတ်ရောင်းလိုက်ရတယ်၊ ပေါက်ဈေးထက် ခုနစ်သိန်းကျော် လျှော့ရောင်းပေးတော့ ချက်ချင်းထွက်တယ်၊ လက်ရှိ ကားဈေးကွက်မှာက ငွေပေါ်ချင်ရင် ကားရောင်းထုတ်ဖို့က လွယ်ပါတယ်၊ ဈေးသာလျှော့ပေး အရောင်းအဝယ်က ချက်ချင်းဖြစ်တယ်၊ ဒါပေမယ့် ရောင်းလို့ ရတဲ့ငွေနဲ့ ကားတစ်စီး ပြန်ဆွဲမယ်ဆိုရင်တော့ မလွယ်ဘူး” ဟု ကားဝယ်ရောင်း ကိုကျော်စွာဦးက ပြောသည်။

သို့သော် အင်ဂျင်ပါဝါ ၁၃၀၀ စီစီမှ ၂၀၀၀ စီစီအကြား မော်တော်ကားများသာ အရောင်းအဝယ် ဖြစ်နေပြီး ဈေးနှုန်းမြင့်၊ အင်ဂျင်ပါဝါမြင့် ကားများမှာမူ တက်ဈေးဖြင့် အရောင်းအဝယ်မရှိ ရပ်တန့်နေသည်။ ကားအရောင်းစင်တာများတွင်လည်း နှစ်ကုန်ပိုင်းဖြစ်လာပြီး အပျော်အပါး ခရီးသွားရန်အတွက် အားခဲနေရချိန်မို့ အရောင်းအဝယ်မဖြစ်ဟု သိရသည်။ ထို့ပြင် ၂၀၁၈ နှစ်ဆန်းပိုင်း မူဝါဒသစ်ဖြင့် ကားတင်သွင်းမည့် လူများကလည်း ကားသစ်တင်သွင်းရန်ကိုသာ စိတ်ဝင်စားကြပြီး ကားဟောင်းများဖြင့် ဈေးကစားခြင်းကို အားလျှော့နေကြပြီဖြစ်သည်။ ထို့ပြင် နှစ်ပတ်တာအတွင်း စလစ်လျှောက်ထားကာ မူဝါဒဟောင်းဖြင့် နောက်ဆုံးပိတ်ကားတင်သွင်းရန် အာရုံကျသူများလည်း ရှိသဖြင့် လက်ရှိ ရန်ကုန်ကားဈေးကွက် တစ်ခုလုံး အေးစက်ငြိမ်သက်လျက်သာရှိနေကြောင်း ကားလောကသားများထံက သိရသည်။

ထို့ပြင် ယခုရက်ပိုင်း ရန်ကုန်မြို့တွင်းနေ နယ်လိုင်စင်ကားအများစုမှာလည်း မြို့ဝင်ကြေး ပေးဆောင်ရခြင်း အပါအဝင် အခြားသော ကောလာဟလ သတင်းမျိုးစုံတို့ကြောင့် ပြန်လည်ရောင်းချလိုကြသော်လည်း ဝယ်ရင်းဈေး၊ ပေါက်ဈေးများနှင့် လက်ရှိအရောင်းအဝယ် အခြေအနေများ ကွာဟမှုကြောင့် စောင့်ကြည့်နေရသည့် အနေအထား ဖြစ်နေကြောင်း၊ အသည်းအသန် ရောင်းချခြင်း မရှိကြသေးသဖြင့် နယ်လိုင်စင်ကားဈေးကွက် ဈေးထိုးကျဆင်းမှုတော့ မရှိသေးကြောင်း ကားပွဲစားများက မှတ်ချက်ပြုသည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း အကောက်ခွန်ဒဏ်ကြေးများကို ပြင်ဆင်ရန်ရှိပြီး အချို့ဒဏ်ကြေးများကိုလည်း လျှော့ပေါ့နိုင်ရန် စဉ်းစားပေးနေကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်ထွက်ပေါ်ခဲ့သည်။ ယခုအခါ ဈေးကွက်အတွင်း ရန်ကုန်လိုင်စင်ကားသစ်များ နည်းပါးနေသဖြင့် ကားအရောင်းစင်တာအများစုမှာလည်း အင်ဂျင်ပါဝါ ၁၃၀၀ စီစီ ကားများကိုပင် ငွေကျပ် သိန်း ၂၉၀ မှ ၃၃၀ အထိ ဈေးခေါ်နေကြသည်ကိုလည်း မြင်တွေ့ရသည်။ စလစ်ဈေးနှုန်းများမှာလည်း လက်ရှိတွင် ငြိမ်သက်နေသည်ကို မြင်တွေ့ရသည်။ သက်တမ်း နှစ် ၂၀ စလစ်တစ်စောင် ဈေးနှုန်းမှာ ငွေကျပ် သိန်း ၁၃၀ အောက်တွင် ဈေးတန့်နေကြောင်း သိရသည်။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2013 | ယာယီ | 4600cc | အပြင်ဈေး | ၂၂၀၀ |
| Honda CR-V | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၆၀၀ |
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၇၀ |
| Sulf | 2000 | နယ် | 3000cc | အပြင်ဈေး | ၃၆၅ |
| Harrier | 2004 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၈၃ |
| Alphard | 2005 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၄၈ |
| Swift | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Vitz | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Partner | 2010 | မန်း | 1500cc | အပြင်ဈေး | ၁၈၃ |
| Honda Fit | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၃၀ |

* ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

